ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်၊ အင်္ဂါနေ့၊ (23-2-2016) (၈၄၈၅)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၂)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင်၊ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဆူလတန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# ရန်ကုန်မြို့၏ စိမ်းလန်းဧရိယာ သဘာဝဥယျာဉ်ကြီး ဝိုင်းဝန်းထိန်းသိမ်းကြရမည်

**သတင်းဆောင်းပါး**
**စိုးစိုးနိုင်(ကြေးမုံ)**
**ဓာတ်ပုံ – စောသိန်းဝင်း**

ရန်ကုန်မြို့၏ စိမ်းလန်းဧရိယာတစ်ခုဖြစ်ပြီး ပင်ကိုသဘာဝအားဖြင့် သာယာလှပနေသော ကန်တော်ကြီးကန်သည် မြို့တော်နေ ပြည်သူပြည်သားများ၏ အနားယူအပန်းဖြေစရာ နေရာတစ်ခုပင်ဖြစ်သည်။ တစ်ချိန်တစ်ခါက ကန်တော်ကြီးကန်မှ ရေကိုယူ၍ ရန်ကုန်မြို့နေပြည်သူများအား သောက်သုံးရေပေးဝေရာတွင် အသုံးပြုခဲ့ပြီး လှော်ကားကန်မှ ရေပေးဝေခဲ့သည့်နောက်ပိုင်း ရေပေးဝေမှုရပ်ဆိုင်းကာ ကန်တော်ကြီးကန်နှင့် ပတ်ဝန်းကျင်အား ပြည်သူများ အပန်းဖြေအနားယူရာ သဘာဝဥယျာဉ်တစ်ခုအဖြစ် ပြုပြင်တည်ဆောက်ခဲ့သည်။ ယင်းကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း Central Forest Zone၊ Recreation Zone၊ Relaxation Zone၊ Education Zone ဟူ၍ ဇုန်လေးခု ခွဲခြားသတ်မှတ်ပြီး အဆိုပါဇုန်များအတွင်း စိုက်ပျိုးရေးပြတိုက်၊ ကရဝိက်ခန်းမ၊ ဟိုတယ်၊ ပျိုးပင်အရောင်းဆိုင်၊ ရေချိုငါးဥယျာဉ်နှင့် စားသောက်ဆိုင်ကြီးများလည်း တည်ရှိသည်။

ကန်တော်ကြီး ကန်ရေပြင်အနီးကပ်လျက်ရှိသော စားသောက်ဆိုင်များ၊ ကန်ရေပြင်နှင့် ဆက်စပ်လျက်ရှိသော မြေပြင်ပေါ်တွင် တည်ဆောက်ဖွင့်လှစ်ထားသည့် ဟိုတယ်၊ စားသောက်ဆိုင်ကြီးများ၊ ရုံးအဆောက်အအုံများမှ တိုက်ရိုက်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**



**ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း ရေပြင်၌ အောက်စီဂျင်ပျော်ဝင်မှုများပြားစေရန် ရေပန်းများ တပ်ဆင်ထားစဉ်။**

# ရောဝတီဘဏ်မှ ခရက်ဒစ်ကတ်များ မတ်လတွင် အသုံးပြုနိုင်မည်




‘ ကြိုတင်သုံးစွဲနိုင်သော ငွေပမာဏပါရှိသည့် ခရက်ဒစ်ကတ်(အကြွေးဝယ်ကတ်ပြား)ကို လာမည့် မတ် ၁၄ ရက်တွင် ပြည်တွင်း၌ မည်သည့် ရောဝတီဘဏ်ခွဲတွင်မဆို ထုတ်ယူအသုံးပြုခွင့်ရနိုင်ပြီ ’

သတင်း စာမျက်နှာ - ၁၁

# ဧရာဝတီမြစ်ရေ ရုတ်တရက်တိုးလာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဧရာဝတီမြစ်ရေသည် ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၃၄၆ စင်တီမီတာသို့ ရောက်ရှိနေပြီး ၁၀ နာရီအတွင်း ခုနစ်ပေခန့်မြင့်တက်ခဲ့သည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ နောက်လေးရက်မှ ခြောက်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် လေးပေမှ ငါးပေခန့်နှင့် နောက်ခုနစ်ရက်မှ ၁၂ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ လေးပေခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်နိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**



**ကြေးမုံ စာတည်း ရှုထောင့်** — **၂၃-၂-၂၀၁၆၊ အင်္ဂါနေ့**

# စီးပွားရေးမြို့ကြီးများဖြစ်ထွန်းစေ

လူမှုဘဝလိုအပ်ချက်များသည် လူဦးရေထူထပ်သော မြို့ပြများတွင် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်နေသည်။ မြို့ပြ၌ ပြည်သူများနေထိုင်မှုမှာ လူမှုစီးပွားဘဝအဆင်ပြေကြသောကြောင့် ရန်ကုန်မြို့ကဲ့သို့ မြို့ပြများတွင် စုပြုံနေထိုင်ကြခြင်းဖြစ်သည်။ ရေကြည်ရာ၊ မြက်နုရာဟုလည်း ခေါ်ဆိုကြသည့် မိမိတို့ဘဝအတွက်အဆင်ပြေရာ မြို့ပြများသို့ ဤသို့ ရွှေ့ပြောင်းနေထိုင်ကြသည်မှာ လူတို့၏သဘာဝပင်ဖြစ်သည်။

အခြားနိုင်ငံများတွင်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ သို့သော် လူဦးရေတစ်စတစ်စ များသည်ထက်များလာသော ရန်ကုန်မြို့ကဲ့သို့ အခြေအနေဆိုးလောက်မည် မထင်ချေ။ လူဦးရေများပြားမှုနှင့်လိုက်လျောညီထွေစွာ မြို့ပြပုံစံများကို စနစ်တကျတည်ဆောက်ကြသည်။ ထိုမြို့ကြီးနှင့်အလားတူ အခြားမြို့များတွင်လည်း ထိုကဲ့သို့ပင်မြို့ပြပုံစံများ တည်ဆောက်ထားကြသောကြောင့် လူဦးရေထူထပ်မှု မျှခြေရှိသည်ဟု ဆိုနိုင်သည်။

ရန်ကုန်မြို့တော်သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ စီးပွားရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများအတွက် အခြေအနေအကောင်းဆုံးမြို့တစ်မြို့ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် အနယ်နယ်အရပ်ရပ်မှ အလုပ်အကိုင်နှင့် လူမှုရေးအခွင့်အလမ်းကောင်းများရလိုသော နယ်မြို့များမှပြည်သူများ ရန်ကုန်မြို့ကြီးသို့ အမြဲတမ်းရွှေ့ပြောင်းရောက်ရှိလာနေသောကြောင့် ရန်ကုန်မြို့ကြီးသည် တစ်နေ့တခြားလူဦးရေထူထပ်လာခြင်းဖြစ်သည်။

လူဦးရေထူထပ်များပြားလာသောအခါ ရန်ကုန်မြို့နေပြည်သူများအတွက် နေ့စဉ်နေထိုင်မှု၊ လူမှုဘဝပြဿနာများရှိလာသည်။ မြို့တော်နှင့်မြို့နယ်အသီးသီးရှိ အာဏာပိုင်နှင့်သက်ဆိုင်ရာအဖွဲ့အစည်းများက လူမှုဘဝလိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနေသော်လည်း ဝန်နှင့်အား မမျှသဖြင့် အချို့ကိစ္စများတွင် အရှိအတိုင်းလက်ပိုက်ကြည့်နေရသည့်အဖြစ်များ ရှိလာသည်။ လုပ်ပေးသင့်သည်များကို လုပ်ပေးလျက်ရှိသော်လည်း များပြားလှသည့်လူဦးရေကြောင့် ထူးမခြားနားဖြစ်ရသည်။

ထိုပြဿနာမှာ မြို့ပြတည်ထောင်မှု နှစ်ရှည်မဟာဗျူဟာစီမံကိန်းချမှတ်ဆောင်ရွက်ရမည့် အနေအထားများရှိလာသဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများက အစဉ်ကြိုးစားကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း မြင်တွေ့ရသည်။ တစ်ဖက်တွင် ပြဿနာများပြေလည်အောင် ကြံဆဆောင်ရွက်နေကြသလို တစ်ဖက်ကလည်း လူဦးရေတိုးနှုန်း နေ့စဉ်နှင့်အမျှ မြင့်တက်နေသောကြောင့် အနာဂတ်အတွက် ရင်လေးဖွယ်ကောင်းသောမြို့ပြဖြစ်လာသည်။

ရန်ကုန်မြို့၏ လူဦးရေတိုးနှုန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုမှာ မြို့နယ်တိုင်းလိုလိုတွင် ပျံ့နှံ့ဖြစ်ပေါ်နေသဖြင့် ဖွံ့ဖြိုးမှုမျှခြေဖြန့်ကြက်ဖြစ်ပေါ်နေသည်ဟု ဆိုရမည်။ မြို့ပြသိပ်သည်းပြီး လူဦးရေထူထပ်မှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်သည်မှာ ကောင်းမွန်သည့်အချက်ဖြစ်သည်။ သို့သော် ထိုမြို့နေပြည်သူများအတွက် လူမှုဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်မှာ များစွာမလွယ်ကူသော အခြေအနေဖြစ်သည်။

မြို့နယ်တစ်ခုချင်းစီကိုကြည့်မည်ဆိုလျှင် လွန်ခဲ့သည့်ဆယ်စုနှစ်များနှင့်မတူ တစ်ဟုန်ထိုးဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။ တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲတိုးတက်မှုများမှာ ပြည့်ကျပ်လာသည်။ အခက်အခဲများမှာ ရေ၊ မိလ္လာစနစ်နှင့် လျှပ်စစ်မီးစနစ်တို့ကို အဆိုပါပြည်သူများသာမက သက်ဆိုင်ရာအဖွဲ့အစည်းများလည်း ခေါင်းခဲစရာကြုံတွေ့ကြရမည်ဖြစ်သည်။ ထိုပြဿနာများဖြေရှင်းရေးထက် ကြုံတွေ့လာနေသည့်အခက်အခဲများကိုမမှုဘဲ ရင်ဆိုင်ရပ်တည်နေကြသည်မှာ ပြည်သူများလူမှုဘဝအတွက် အဆင်ပြေနေသောကြောင့်ဖြစ်သည်။

သို့သော် တိုးတက်မှုနှုန်းများမှာ လျော့ပါးသွားသည်မရှိသဖြင့် အနာဂတ်မြို့ပြပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် ရန်ကုန်မြို့ထက်ကောင်းမွန်သောမြို့ပြအသစ်များ ရန်ကုန်မြို့နှင့်အလှမ်းဝေးရာတွင် ပေါ်ထွန်းလာစေရန် အနာဂတ်နိုင်ငံတော်အနေဖြင့် ဆက်လက်ကြိုးပမ်းကြရဦးမည်ဖြစ်သည်။ ယနေ့နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကောင်းများရှိနေပြီဖြစ်သည်။

ထိုအလားအလာကောင်းများအပေါ်တွင်မူတည်၍ ရန်ကုန်မြို့ထက်သာလွန်သော အလားတူ ရန်ကုန်မြို့ကြီး ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ပြည်သူ ပြည်သားများက မျှော်လင့်နေကြမည်မှာ အမှန်ဖြစ်သည်။ ။

## ဖျာပုံဆိပ်ခံတံတားတည်ဆောက်ရေး သဘောတူစာချုပ်

**ဖျာပုံ ဖေဖော်ဝါရီ ၂၂**

မသန်စွမ်းသူများ၏ အရည်အသွေးတိုးတက်ကောင်းမွန်လာစေခြင်း၊ အတားအဆီးကင်းမဲ့သောပတ်ဝန်းကျင်ဖန်တီးစီမံပေးခြင်းအားဖြင့် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်နှင့် အခွင့်အလမ်းများပိုမိုတိုးတက်ကောင်းမွန်လာပြီး စီးပွားရေး၊ လူမှုပတ်ဝန်းကျင်အတွင်း ပိုမိုပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ပြုလုပ်သည့် Apcd/JAIF စီမံကိန်း၌ ပါဝင်သည့် ဖျာပုံမြို့ ဆိပ်ခံတံတားတည်ဆောက်ရေးလုပ်ငန်းအတွက် စီမံကိန်းတာဝန်ရှိသူများနှင့် ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ သဘောတူ စာချုပ်လက်မှတ်ရေးထိုးခြင်းကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့ ဒုတိယလမ်းရှိ ရွှေရတုဧည့်ရိပ်သာခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းစီမံကိန်းမှ ဖျာပုံမြို့၌ ဆိပ်ခံတံတား ဆောက်လုပ်ရာတွင် အမေရိကန်ဒေါ်လာ ၅၀၀၀ ပေးအပ်လှူဒါန်းမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်ရာတွင် မိတ်ဖက်အဖွဲ့အစည်းများ၏ တာဝန်နှင့်ဝတ္တရားများ ပိုမိုရှင်းလင်းသေချာစေရန်အတွက် Asia Pacific Development Center on Disability မှ Community Development Manager Mr .Jasper Rom နှင့် ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ သဘောတူစာချုပ် လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

အဆိုပါဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီက ထိန်းသိမ်းရေးလုပ်ငန်းအပိုင်းကို တာဝန်ယူကာ မြို့နယ်ဖွံ့/ထောက်ကူကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော တံတားကြီးကြပ်ရေးကော်မတီက ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Apcd /JAIF စီမံကိန်းသည် ၂၀၁၅ ခုနှစ်က ဖျာပုံမြို့နယ်၌ မသန်စွမ်းသူများသွားလာရေး အဆင်ပြေစေရန် ဖျာပုံမြို့မဈေး အဝင်အထွက်လမ်းများပြုပြင်ပေးခြင်း၊ မြောက်ပိုင်းဈေးလမ်းပြုပြင်ခြင်း၊ ဈေးအိမ်သာတည်ဆောက်ပေးခြင်းနှင့် ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာစေတနာမွန်ဈေးလမ်းပြုပြင်ခြင်းများကို လှူဒါန်းဆောင်ရွက်ပေးခဲ့ကြောင်း Action aid Myanmar (Pyapon)မှ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ခိုင်စိုးဝေထံမှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၂)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်၊ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဆူလတန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မုံရွာဇလုပ်သုတေသနခြံတွင် ဂျုံမျိုးများ စမ်းသပ် မုံရွာဂျုံဖြူထက်အထွက်သာသောမျိုးများတွေ့ရှိ

**မုံရွာ ဖေဖော်ဝါရီ ၂၂**

မုံရွာမြို့ ဇလုပ်စိုက်ပျိုးရေးသုတေသနခြံမှ ပေါင်မုန့်အရည်အသွေးကောင်းသည့် အထွက်ကောင်း ဂျုံမျိုးများ ထုတ်ပေးရန် ရှစ်လက်မတန်း မျိုးစေ့ချ၊ ထွန်ပြင်ချစနစ်ဖြင့် ဂျုံ ၁၆ မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ရာ စံထားမျိုး မုံရွာဂျုံဖြူထက်အထွက်သာသောမျိုး ၁၀ မျိုးကို တွေ့ရှိခဲ့ကြောင်း ခြံတာဝန်ခံ သုတေသနအရာရှိ ဦးမြင့်စိုးထံမှ သိရသည်။

(၃၁)ကြိမ်မြောက် ရေငတ်ဒဏ်ခံဂျုံ ၂၁ မျိုးကို မုံရွာဂျုံဖြူနှင့် အထွက်ယှဉ်ပြိုင်ခဲ့ရာ စံထားမျိုး မုံရွာဂျုံဖြူထက် အထွက်သာသော ရှစ်မျိုးကို တွေ့ရှိရပြီး အဆိုပါ ရှစ်မျိုးသည် မျက်မြင်အားဖြင့် အပင်ညီညာခြင်း၊ နှံစရှည်ခြင်း၊ အနှံထွက်ညီညာခြင်း၊ အစေ့အိမ်များခြင်းတို့ကို တွေ့ရသဖြင့် အလားအလာကောင်းသောမျိုးများအဖြစ်တွေ့ရှိထားရာ ဆက်လက်စမ်းသပ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရှစ်ကြိမ်မြောက် အပူဒဏ်ခံဂျုံမျိုး ၁၂ မျိုးကို စံထားမျိုး သုံးမျိုးနှင့် အထွက် ယှဉ်ပြိုင်ခဲ့ရာ စံထားမျိုး သုံးမျိုးတွင် ဇလုပ်ဖြူ-၂ သည် အထွက်အကောင်းဆုံးဖြစ်၍ ဇလုပ်ဖြူ-၂ ထက် အထွက်ပိုသော မျိုးရှစ်မျိုးကို တွေ့ရကြောင်း သိရသည်။

စံထားမျိုး ဇလုပ်ဖြူ-၂ သည် တစ်ဧက ၄၃ ဒသမ ၀၅ တင်းထွက်ပြီး ၎င်းထက်အထွက်ပိုသော မျိုး ရှစ်မျိုးမှာ 8thHTWSN-13;19;50;87;88;90;103;110 တို့ဖြစ်ပြီး 8th HTWSN-၉၀သည် တစ်ဧက ၅၄ ဒသမ ၂၁ တင်းထွက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မဲရုံမှူးနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုလွှာများပေးအပ်

**ပေါင် ဖေဖော်ဝါရီ ၂၂**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ပေါင်မြို့ ရွှေရတုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပေးပို့သော ဂုဏ်ပြုမှတ်တမ်းလွှာများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက ရပ်ကွက်/ကျေးရွာအလိုက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်(ရွှေဈေး) - ၇၉၅၈၀၀ - ၇၉၆၈၀၀၊ မန္တလေး(ရွှေဈေး) ၇၉၅၈၀၀ - ၇၉၆၈၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၀၀/၅၂၀ ကျပ် |
| (ခ) အောက်တိန်း *95* | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၇၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း *92* | တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် | တစ်လီတာ | ၅၀၀/၅၂၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၁၀ ကျပ်၊ အောက်တိန်း *92* တစ်လီတာ ၄၂၅ ကျပ်

**၁၅-၂-၂၀၁၆ ရက်နေ့မှ ၁၉-၂-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၂၀ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၃၉၆ ကျပ် ဖြစ်ပါသည်** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၇၂. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၉. ၁၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၅၄၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၂. ၉၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၉၇၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၉၅. ၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၉. ၉၇၆ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၃. ၀၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၇. ၃၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၁၆) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆင်မင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသ အမှူးပြုသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆင်မင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာ ဘိဝံသက အဖွင့်သမ္မောဒနီယ သြဝါဒကထာ မြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်က ကျင်းပသော တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၅) အစည်းအဝေး မှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူကာ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၅) ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်က တင်ပြသည်။

ထို့နောက် ပညာရေးဗဟိုအဖွဲ့ (၁/၂၀၁၆) အစည်းအဝေး၏ တင်ပြချက်များအပေါ် ဝေဖန်ဆွေးနွေးဆုံးဖြတ်ခြင်းနှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်/မန္တလေး) တို့က တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ခြင်းများကို ပြုလုပ်ခဲ့ကြပြီး အထွေထွေကိစ္စရပ်များ ဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိဆရာတော်က နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ဆွေးနွေးပွဲစတင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ "Joint Monitoring Committee Union" (JMC-U) ၏ စတုတ္ထအကြိမ်အစည်းအဝေး ပထမနေ့ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ကျင်းပခဲ့သည်။



ဖေဖော်ဝါရီ ၂၂ မှ ၂၄ ရက်အထိ သုံးရက်တာ ကျင်းပသွားမည့် စတုတ္ထအကြိမ်မြောက် JMC-U အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် JMC-U၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် JMC-S၊ ဒေသန္တရအဆင့် JMC-Lတို့၏ ရုံးအဖွဲ့လုပ်ငန်းလမ်းညွှန်များ၊ အဆင့်အသီးသီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆွေးနွေးအတည်ပြုခြင်း၊ ဝန်ထမ်းရွေးချယ်ရေးဖွဲ့စည်းခြင်းနှင့် ဆွေးနွေးအတည်ပြုခြင်း၊ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်သည့် ကိစ္စရပ်များ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များအပေါ် ဆွေးနွေးအဖြေရှာခြင်း၊ တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S)နှင့် အခြားကော်မတီများ ဖွဲ့စည်းမည့်ကိစ္စရပ်များ၏ လုပ်ထုံးလုပ်နည်းအချိန်ဇယားသတ်မှတ်ခြင်း၊ ပဉ္စမအကြိမ်ကျင်းပမည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အချိန်သတ်မှတ်ခြင်းတို့ကို ဆွေးနွေးသွားမည်ဖြစ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိတို့ကော်မတီအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (NCA) စာချုပ်ပါအချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်သည့်နေရာတွင် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး လေးစားလိုက်နာရမည့် အချက်တွေကို တိတိကျကျ လိုက်နာဆောင်ရွက်ခဲ့ကြ၍ တိုးတက်မှုများရှိလာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါအချက်များဖြစ်သည့် တပ်ပိုင်းဆိုင်ရာကျင့်ဝတ်၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား အောက်ခြေအဆင့်ထိ တိတိကျကျသိရန်အတွက် ထိန်းသိမ်းလိုက်နာတည့်မတ်ပေးသွားရန် မိမိအနေဖြင့် တင်ပြလိုကြောင်း၊ ပြီးခဲ့သည့် ဇန်နဝါရီ ၉ ရက်က ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S)အား ရှမ်းပြည်နယ် ခိုလန်တွင် ပြည်ထောင်စုအဆင့်က ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက အရှေ့မြောက်ပိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့အလယ်ပိုင်းစစ်ဌာနချုပ်နယ်မြေတွေမှာ တိုက်ပွဲဖြစ်သည်များရှိကြောင်း၊ ဖေဖော်ဝါရီလအတွင်းက ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲနှင့် နမ့်ဆန်မြို့နယ်များအတွင်း TNLA နှင့် ရှမ်းပြည် RCSS/SSA တို့ တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ ဇန်နဝါရီလအတွင်းတွင် KNU တပ်မဟာ (၃) နယ်မြေ၌ ရွာသူရွာသားများအား ဖမ်းဆီးခေါ်ဆောင်သည့် ဖြစ်စဉ်၊ တပ်မဟာ(၅)နယ်မြေ၌လည်းအလားတူဖြစ်စဉ်တစ်ခုနှင့် တပ်မဟာ (၂)နယ်မြေတွင် အလားတူဖြစ်ရပ်လေးများ တွေ့ရကြောင်း၊ နှစ်ကာလကြာရှည်စွာ ရင်ဆိုင်ဖြတ်သန်းနေရသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်ဖို့လိုပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏အရေးကြီးဆုံးအရာသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရရှိလာသောငြိမ်းချမ်းရေးကို ရေရှည်တည်တံ့ရန်ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးဆိုင်ရာကော်မတီအဆင့်ဆင့်သည် လိုက်နာရမည့် တာဝန်၊ စည်းကမ်းချက်များနှင့်အညီ ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းနိုင်သည့်နည်းကို အသုံးပြု၍ ဖြေရှင်းရန်လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးနှင့် ဒုတိယဥက္ကဋ္ဌ (၂) ဦးပြည့်စုံတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ယနေ့ပြုလုပ်သည့် JMC-U ၏ ပထမနေ့အစည်းအဝေးနှင့်ပတ်သက်၍ JMC-U အတွင်းရေးမှူး ဗိုလ်မှူးကြီးဝဏ္ဏအောင်က "ဒီနေ့က ပြည်ထောင်စုအဆင့်ရုံးအဖွဲ့ ဖွဲ့ဖို့ လုပ်ငန်းလမ်းညွှန်ပဲ ဆွေးနွေးနိုင်တယ်။ ဒါတွေလည်း မပြီးပြတ်သေးတော့ မနက်ဖြန် ဆက်ဆွေးနွေးမှာပါ။ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဒေသဆိုင်ရာအဆင့် ဆိုပြီး ရုံးအဖွဲ့တွေအကုန် ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ အဲဒီအတွက် ဆက်ဆွေးနွေးမှာပါ"ဟု ပြောသည်။

ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် ပတ်သက်၍ ဗိုလ်မှူးကြီးဝဏ္ဏအောင်က "မြေပြင်မှာဖြစ်နေတဲ့ အချို့နေရာတွေရှိပါတယ်။ ဆက်ကြေးကောက်တဲ့ ပုံစံမျိုးလေးတွေပါ။ ရှမ်းပြည်မှာက TNLA နဲ့ RCSS တို့ဖြစ်တာပါ။ တိုက်ပွဲဖြစ်တဲ့ဖြစ်စဉ်မှာ တပ်မတော်အနေနဲ့ မပါဝင်ပါဘူး။ ၂၀၁၂ ခုနှစ်တုန်းက RCSS/SSA နဲ့ ငြိမ်းချမ်းရေးလက်မှတ်ထိုးတုန်းက သတ်မှတ်ထားတဲ့နယ်မြေရှိပါတယ်။ အဲဒီနယ်မြေကို ပြောတာပါ။ RCSS အနေနဲ့ သတ်မှတ်ထားတဲ့ နယ်မြေမှာပဲ နေထိုင်ဖို့၊ နယ်မြေကျော်လွန်သွားတော့ အခုလို မလိုလားအပ်တဲ့ ဖြစ်စဉ်လေးတွေ မဖြစ်အောင် နေထိုင်သွားဖို့ပါပဲ" ဟုဆိုသည်။

ယနေ့ပြုလုပ်သည့် JMC-U ၏ ပထမနေ့ အစည်းအဝေးသည် ညနေ ၅ နာရီတွင် ပြီးဆုံးခဲ့ပြီး ဒုတိယနေ့ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် MPC ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(သတင်း-ရဲခေါင်ညွှန့်
ဓာတ်ပုံ-ဖိုးထောင်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့် အလှူပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဦးရှိန် (ဥက္ကဋ္ဌ) ပျော်ရွှင်ကျန်းမာကူညီရေးအသင်း ရန်ကုန်မြို့မှ (OA-Q11834) စာရင်းသို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းငွေကျပ် ၁၅၀၀၀၀၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ BHI International Ltd ဝန်ထမ်းများ(မိသားစု)က ငွေကျပ် ၃၂၅၀၀၀၊ ES4E ပညာရေးမိသားစုများနှင့် ကျောင်းသား ကျောင်းသူများက ငွေကျပ် ၂၀၀၀၀၀၀၊ ဦးမျိုးဆွေ-ဒေါ်အေးအေးကြိုင်(မိသားစု)က ငွေကျပ် ၁၅၀၀၀၀၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ငွေကျပ် ၂၀၇၄၀၀၀၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ ရန်အောင်ရပ် မိသားစု လစဉ်သံဃာဒါနဆွမ်းလောင်းအသင်းက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းသည်။

သို့ဖြစ်ပါ၍ ယနေ့ရရှိငွေမှာ ကျပ် ၄၇၉၉၀၀၀ ဖြစ်ပါသဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ လှူဒါန်းရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၁၄၅၀၃၉၇၅၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ ဖြစ်ပါကြောင်း သိရသည်။ **(သတင်းစဉ်)**

### ❒ ချင်းတွင်းမှ

ရေနဲ့အတူ နွံ့ညွန်တွေပါလာတာကြောင့် ဖြစ်ဖို့များတယ်ဗျ။ အခုလို သဲသောင်ခုံတွေပေါ်ထွန်းတာများတော့ မြစ်ကြောင်းခွဲတွေဖြစ်လာပြီး ရေကြောင်းလည်းကျဉ်းလာတယ်။ ပြီးခဲ့တဲ့နှစ် အခုချိန်မှာ အိတ် ၂၀၀၊ ၃၀၀ ပါတဲ့ရေယာဉ်တွေ မြို့အခြေဆိပ်ကမ်းအထိ ကပ်လို့ရတယ်။ အခု ကပ်လို့မရတော့ဘူး။ ပြီးတော့ဒီအချိန်က မြစ်အရှေ့ဘက်ကမ်းကရွာတွေမှာ သီးနှံပေါ်တဲ့အချိန် အခုလိုရေကြောင်းကျဉ်းတော့၊ ရေယာဉ်တွေသွားလာရတာ အန္တရာယ်များတော့ ကုန်တွေကို တင်ချင်သလိုတင်လို့ မရဘူးဖြစ်နေတယ်။ CP အစေ့ထုတ်ပြောင်းကလည်း လှိုင်လှိုင်ပေါ်၊ တစ်နေ့ကို အိတ်ရေ ထောင်ချီဝင်နေတာ၊ ဈေးကလည်းကောင်းတော့ ဈေးကောင်းမီအောင် သူထက်ငါ အလုအယက်ပို့ချင်နေကြတာ။ ရေကြောင်းအခက်အခဲကြောင့် မပို့နိုင်ဖြစ်နေရတယ်။ တစ်နှစ်မှ မပြောင်းဘူးတဲ့ပန်းတော်ပြင်ကူးတို့လုပ်ငန်းတောင် ရေစကြိုအောက်ဘက် ပေါက်တောရွာကို ရွှေ့လိုက်ရတယ်။ အဲဒီမှာတော့ ဒေသလုပ်ဇက်ရေယာဉ်နဲ့ ကုန်ရော၊ ကားရော ကူးပေးနေတယ်။ ဒါပေမယ့် တောင်သူတွေအတွက်တော့ စရိတ်စကနည်းနည်း တက်သွားပါတယ်"ဟု ဆင်ခြေရာရွာမှ ရေယာဉ်ပိုင်ရှင်တစ်ဦးက ပြောပြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

### ❍ ကျောဖုံးမှ

၄၇၆၅၆ ဦး၊ ပြင်ပဖြေဆိုသူ ၃၇၄၂၂ ဦး စုစုပေါင်း ၈၅၀၇၈ ဦး၊ တနင်္သာရီတိုင်းဒေသကြီး စာစစ်ဌာန ၃၈ ခု၌ ကျောင်းတက်ဖြေဆိုသူ ၁၀၄၂၈ ဦး၊ ပြင်ပဖြေဆိုသူ ၆၁၃၂ ဦး စုစုပေါင်း ၁၆၅၆၀၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) စာစစ်ဌာန ၇၀၌ ကျောင်းတက်ဖြေဆိုသူ ၂၁၉၃၁ ဦး၊ ပြင်ပဖြေဆိုသူ ၁၂၀၅၀ စုစုပေါင်း ၃၃၉၈၁ ဦး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)စာစစ်ဌာန ၄၇ ခု၌ ကျောင်းတက်ဖြေဆိုသူ ၁၂၅၈၀၊ ပြင်ပဖြေဆိုသူ ၈၀၃၃ ဦး စုစုပေါင်း ၂၀၆၁၃ ဦး၊ မကွေးတိုင်းဒေသကြီးစာစစ်ဌာန ၁၂၀ ၌ ကျောင်းတက်ဖြေဆိုသူ ၃၅၉၈၂ ဦး၊ ပြင်ပဖြေဆိုသူ ၂၆၈၅၂ ဦး စုစုပေါင်း ၆၂၈၃၄ ဦး၊ မန္တလေးတိုင်းဒေသကြီးစာစစ်ဌာန ၁၆၅ ခု၌ ကျောင်းတက်ဖြေဆိုသူ ၅၆၃၉၇ ဦး၊ ပြင်ပဖြေဆိုသူ ၃၉၁၄၂ ဦး စုစုပေါင်း ၉၅၅၃၉ ဦး၊ မွန်ပြည်နယ် စာစစ်ဌာန ၄၈ ခု၌ ကျောင်းတက်ဖြေဆိုသူ ၁၅၆၀၆ ဦး၊ ပြင်ပဖြေဆိုသူ ၅၁၂၂ ဦး စုစုပေါင်း ၂၀၇၂၈ ဦး၊ ရခိုင်ပြည်နယ် စာစစ်ဌာန ၁၀၄ ခု၌ ကျောင်းတက်ဖြေဆိုသူ ၁၉၆၁၄ ဦး၊ ပြင်ပဖြေဆိုသူ ၁၇၅၉၀ စုစုပေါင်း ၃၇၂၀၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးစာစစ်ဌာန ၂၁၅ ခု၌ ကျောင်းတက်ဖြေဆိုသူ ၆၅၀၃၀၊ ပြင်ပဖြေဆိုသူ ၄၄၁၃၅ ဦး စုစုပေါင်း ၁၀၉၁၆၅ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စာစစ်ဌာန ၁၃ ခု၌ ကျောင်းတက်ဖြေဆိုသူ ၂၃၂၄ ဦး၊ ပြင်ပဖြေဆိုသူ ၁၇၅၇ ဦး စုစုပေါင်း ၄၀၈၁ ဦး၊ရှမ်းပြည်နယ်(တောင်ပိုင်း)စာစစ်ဌာန ၆၂ ခု၌ ကျောင်းတက်ဖြေဆိုသူ ၁၆၂၂၂ ဦး၊ ပြင်ပဖြေဆိုသူ ၈၀၂၃ ဦး စုစုပေါင်း ၂၄၂၄၅ ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)စာစစ်ဌာန ၃၅ ခု၌ ကျောင်းတက်ဖြေဆိုသူ ၉၃၁၀၊ ပြင်ပဖြေဆိုသူ ၅၉၆၉ ဦး စုစုပေါင်း ၁၅၂၇၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီး စာစစ်ဌာန ၁၉၆ ခု၌ ကျောင်းတက်ဖြေဆိုသူ ၄၉၇၉၃ ဦး၊ ပြင်ပဖြေဆိုသူ ၁၈၆၁၇ ဦး စုစုပေါင်း ၆၈၄၁၀နှင့် နိုင်ငံခြားစာစစ်ဌာန ၁၇ ခု၌ ပြင်ပဖြေဆိုသူ ၉၈ ဦး အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာန ၁၄၇၀ ၌ ကျောင်းတက်ဖြေဆိုသူ ၄၀၆၇၀၇ဦးနှင့် ပြင်ပဖြေဆိုသူ ၂၆၄၇၂၄ ဦး စုစုပေါင်း ၆၇၁၄၃၁ ဦးတို့ ဝင်ရောက်ဖြေဆိုရန် စာရင်းပေးထားကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာစာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

**(ရီရီမြင့်၊ ဥမ္မာသန့်)**

# နီပေါဝန်ကြီးချုပ် အိန္ဒိယသို့ရောက်ရှိ၊ သဘောတူညီချက်များ လက်မှတ်ရေးထိုး

**နယူးဒေလီ ဖေဖော်ဝါရီ ၂၂**

နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာစေရန် ရည်ရွယ်လျက် နီပေါဝန်ကြီးချုပ် ကေပီရှားမား အိုလီသည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

နီပေါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုအကြောင်းပြု၍ အိန္ဒိယနှင့်ဆက်ဆံရေးထိခိုက်ခဲ့ရပြီးနောက် ဝန်ကြီးချုပ်ရှားမားသည် ခြောက်ရက်ကြာခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသည်။ နီပေါနှင့်အိန္ဒိယနိုင်ငံအကြားဆက်ဆံရေးထိခိုက်ခဲ့မှုကြောင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း ဆိုးဆိုးရွားရွားထိခိုက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ဝန်ကြီးချုပ်ရှားမားသည် လွန်ခဲ့သည့်နှစ်က အာဏာရရှိလာခဲ့ပြီးနောက် အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ် ချစ်ကြည်ရေးခရီး လာရောက်ခြင်းဖြစ်သည်။ ရှားမားသည် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဝန်ကြီးချုပ်ရှားမား၏ ခရီးစဉ်အတွင်း သဘောတူညီချက်ကိုးခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ မြေငလျင်ဒဏ်ခံစားခဲ့ရသော နီပေါနိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အကူအညီပေးရေး၊ နီပေါ၏တာရေးဒေသ၌ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ မြှင့်တင်ရေး၊ နီပေါနှင့်ဘင်္ဂလားဒေ့ရှ်အကြား ကုန်သွယ်ရာတွင် ကုန်စည်များခရီးတစ်ထောက်ရပ်နားရာစခန်းအဖြစ် အိန္ဒိယက အထောက်အကူပေးရေး၊ စစ်ရှာခါပါနန် ပင်လယ်ဆိပ်ကမ်း လုပ်ငန်းဆောင်ရွက်ရေးတို့ကို သဘောတူညီခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**



# ငြိမ်းချမ်းရေးစာချုပ်အတွက် ဆွေးနွေးရန် မြောက်ကိုရီးယားအဆိုပြုချက် အမေရိကန်ပယ်ချခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

ကိုရီးယားစစ်ပွဲ တရားဝင်အဆုံးသတ်စေရေးအတွက် လိုအပ်သော ငြိမ်းချမ်းရေးစာချုပ်နှင့်ပတ်သက်၍ ဆွေးနွေးရန် မြောက်ကိုရီးယား၏ အဆိုပြုချက်ကို အမေရိကန်ပြည်ထောင်စုက ပယ်ချခဲ့ကြောင်း၊ အကြောင်းမှာ ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယားလက်နက်ဖျက်သိမ်းရေးကို ယင်းနိုင်ငံက အာရုံစိုက်ခြင်းမရှိသောကြောင့်ဖြစ်ကြောင်း နိုင်ငံခြားရေးဌာနက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နောက်ဆုံးနျူကလီးယားဗုံးစမ်းသပ်ဖောက်ခွဲမှုမတိုင်မီ ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရန် အိမ်ဖြူတော်က လျှို့ဝှက်သဘောတူညီခဲ့သည်ဟူ၍ အမေရိကန်တွင် ထုတ်ဝေသော ဝေါစထရိဂျာနယ်အမည်ရှိ သတင်းစာက ရေးသားဖော်ပြခဲ့မှုကို တုံ့ပြန်လျက် နိုင်ငံခြားရေးဌာနပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မည်ကဲ့သို့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပခြင်းမရှိမီ မြောက်ကိုရီးယားက ယင်း၏ နျူကလီးယားလက်နက်အင်အား လျှော့ချနိုင်စေရေးအတွက် ဆောင်ရွက်ရမည်ဆိုသော ကြိုတင်စည်းကမ်းသတ်မှတ်ချက်ကို သမ္မတအိုဘားမားအစိုးရအဖွဲ့က စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ဝေါစထရိဂျာနယ်က ရေးသားဖော်ပြခဲ့သည်။

ငြိမ်းချမ်းရေးစာချုပ် ပေါ်ထွန်းလာရေးအတွက် ဆွေးနွေးရန် မြောက်ကိုရီးယားဘက်မှ အဆိုပြုခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ အဆိုပြုချက်ကို မိမိတို့ အလေးအနက် စဉ်းစားခဲ့ကြောင်း၊ မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်အစီအစဉ်သည် နှစ်နိုင်ငံဆွေးနွေးပွဲ၏ အစိတ်အပိုင်းတစ်ရပ်မျှသာဖြစ်ကြောင်း ဂျွန်ကာဘီက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၁၉၅၀-၅၃ ကိုရီးယားစစ်ပွဲအတွင်း ပါဝင်ပတ်သက်ခဲ့သော အမေရိကန်နှင့် ငြိမ်းချမ်းရေးစာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ရန် ကာလကြာရှည်စွာကတည်းကပင် ကြိုးပမ်းခဲ့သည်။ တောင်ကိုရီးယားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ မပြုလုပ်ရေးကိုလည်း မြောက်ကိုရီးယားက အမြဲတစေတောင်းဆိုလာခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်တပ်ဖွဲ့ဝင် ၂၈၅၀၀ ခန့်ကို ယင်းနိုင်ငံ၌ အခြေစိုက်ခွင့်ပြုထားကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# အဆင့်မြှင့်တင်ထားသော ဒုံးကျည်ကာကွယ်ရေးစနစ် ရောင်းချပေးရေး အီရန်နှင့် ရုရှားဆွေးနွေး

**ဒူဘိုင်း ဖေဖော်ဝါရီ ၂၂**

အီရန်နိုင်ငံသည် လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်က ရုရှားနိုင်ငံထံမှ မြေပြင်မှ ဝေဟင်ပစ် အက်စ်-၃၀၀ အမျိုးအစား ဒုံးကျည် ဝယ်ယူရေးကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အီရန်နိုင်ငံသည် ယင်း၏ စစ်ဘက်ဆိုင်ရာ လိုအပ်ချက်များ ပြည့်ဝလာစေရေးအတွက် ဒုံးကျည်ကာကွယ်ရေးစနစ်တပ်ဆင်ရန် လိုအပ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

နည်းပညာအဆင့်မြှင့်တင်ထားသော အက်စ်-၃၀၀ အမျိုးအစား ဒုံးကျည်ကာကွယ်ရေးစနစ်ကို အီရန်နိုင်ငံသို့ ရောင်းချပေးရန် ရုရှားနိုင်ငံနှင့် ဆွေးနွေးလျက်ရှိသည်။

အနောက်အုပ်စုနိုင်ငံများ၏ ဖိအားပေးမှုအရ ဒုံးကျည်ကာကွယ်ရေးစနစ်ရောင်းချပေးရေး ကန်ထရိုက်စာချုပ်ကို ရုရှားနိုင်ငံက ၂၀၁၀ ခုနှစ်တွင် ဖျက်သိမ်းခဲ့သည်။ သို့ရာတွင် လွန်ခဲ့သည့်နှစ် ဇူလိုင်လအတွင်းက အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အနောက်အင်အားစုနိုင်ငံများနှင့် ယင်းနိုင်ငံတို့ သဘောတူညီချက် ရရှိခဲ့ပြီးနောက် အဆင့်မြှင့်တင်ထားသော အက်စ်-၃၀၀ အမျိုးအစားဒုံးကျည်ကို အီရန်ဝယ်ယူခွင့်ရရှိရန် လမ်းပွင့်သွားခဲ့သည်။

လွန်ခဲ့သည့်လအတွင်းက အီရန်နိုင်ငံအပေါ် ချမှတ်ခဲ့သော အရေးယူပိတ်ဆို့မှုများအား ဖြေလျှော့ပေးခဲ့ခြင်းကြောင့် ရုရှားနိုင်ငံအနေဖြင့် လက်ရှိကာလတွင် အီရန်နှင့် စီးပွားရေးဆက်ဆံခြင်းမှ အကျိုးအမြတ်များ ရရှိနိုင်မည်ဟု မျှော်လင့်ထားသည်။ ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီး ဆာဂေရှိုင်ဂူသည် ဖေဖော်ဝါရီ ၂၁ ရက်တွင် တီဟီရန်သို့ ရောက်ရှိလာသည်။ **ရိုက်တာ။**

# တရုတ်နိုင်ငံ၏ ပြည်ပသို့ လက်နက်တင်ပို့ရောင်းချမှု ၈၈ ရာခိုင်နှုန်းမြင့်တက်



**စတော့ဟုမ်း ဖေဖော်ဝါရီ ၂၂**

တရုတ်နိုင်ငံ၏ လက်နက်များတင်ပို့ရောင်းချမှုမှာ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ၈၈ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း ဆွီဒင်အကြံပေးအဖွဲ့တစ်ဖွဲ့ဖြစ်သော စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနအင်စတီကျု့က ပြောကြားသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အကြား အရေးပါသော အပြည်ပြည်ဆိုင်ရာလက်နက်များလွှဲပြောင်းမှုပမာဏမှာ ပြီးခဲ့သည့် ငါးနှစ်တာကာလထက် ၁၄ ရာခိုင်နှုန်းမြင့် တက်လာခဲ့ကြောင်း ယနေ့ ထုတ်ပြန်လိုက်သော အဆိုပါအဖွဲ့၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။ ဂျက်တိုက် လေယာဉ်များ၊ ရေငုပ်သင်္ဘောများနှင့် ဒုံးကျည်များကို အဓိကရောင်းချခဲ့ကြောင်းသိရသည်။

ထိပ်တန်းလက်နက်တင်ပို့ရောင်းချသည့်နိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး စုစုပေါင်းလက်နက်တင်ပို့မှု၏ ၃၃ ရာခိုင်နှုန်းထိရှိကာ ရုရှားနိုင်ငံက ၂၅ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင်ရှိပြီး တရုတ်နိုင်ငံက ၅ ဒသမ ၉ ရာခိုင်နှုန်းဖြင့် တတိယနေရာ၌ ရပ်တည်နေသည်။ ယင်းသုံးနိုင်ငံအနက် တရုတ်နိုင်ငံသည် လွန်ခဲ့သော ငါးနှစ်တာ ကာလအတွင်း လက်နက်တင်ပို့ရောင်းချမှု ၈၈ ရာခိုင်နှုန်း သိသိသာသာ တိုးမြှင့်လာသည်။

ပါကစ္စတန်နိုင်ငံမှာ ၃၅ ရာခိုင်နှုန်းဖြင့် တရုတ်နိုင်ငံလုပ်လက်နက်အများဆုံး တင်သွင်းသည့်နိုင်ငံဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့မှာ ဒုတိယနှင့် တတိယအများဆုံး တင်သွင်းသည့်နိုင်ငံများဖြစ်ကြသည်။ အဆိုပါတရုတ်နိုင်ငံလုပ်လက်နက်အများဆုံး တင်သွင်းသည့်နိုင်ငံများမှာ အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း အစီရင်ခံစာက ဆိုသည်။ တရုတ်နိုင်ငံမှာ အိန္ဒိယနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့နောက် စုစုပေါင်းပမာဏ ၄ ဒသမ ၇ ရာခိုင်နှုန်းဖြင့် တတိယအကြီးဆုံးလက်နက်တင်သွင်းသည့်နိုင်ငံလည်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံက ပြည်ပမှတင်သွင်းလာသည့် လက်နက်များအပြင် ပြည်တွင်းထုတ်လက်နက်များဖြင့် စစ်ဘက်ဆိုင်ရာစွမ်းပကားများ တိုးချဲ့ရန် ဆက်လက်လုပ်ဆောင်နေကြောင်း ယင်းအဖွဲ့မှ အကြီးတန်းသုတေသီတစ်ဦးဖြစ်သူ ဆိုင်မွန်ဝီဇီမန်းက ပြောကြားသည်။ တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယ၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့ကလည်း ၎င်းတို့၏တပ်မတော်များကို သိသိသာသာ ခိုင်မာတောင့်တင်းအောင် လုပ်ဆောင်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



# တစ်နေ့တည်းဖြစ်ပွားသော ဆီးရီးယားအကြမ်းဖက်မှုများကြောင့် လူ ၁၈၄ ဦးသေဆုံး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၂**

ဖေဖော်ဝါရီ ၂၁ ရက် တစ်နေ့တည်းမှာပင် ဆီးရီးယားနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးသူဦးရေ ၁၈၄ ဦးထိမြင့်တက်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဖေဖော်ဝါရီ ၂၁ ရက်တွင် မြို့တော်ဒမတ်စကတ်၏ ဆင်ခြေဖုံးဒေသများတွင်ဖြစ်ပွားခဲ့သော ကားဗုံးခွဲမှုနှင့် အသေခံဗုံးဖောက်ခွဲမှုနှစ်ခုတို့တွင် သေဆုံးသူဦးရေ ၁၂၀ ရှိခဲ့ပြီး သမ္မတအာဆက်ထောက်ခံအားပေးသူ အများအပြားနေထိုင်သော ခရိုင်တစ်ခုတွင် ကားဗုံးခွဲမှုနှစ်ခုဖြစ်ပွားခဲ့ရာ လူပေါင်း ၆၄ ဦးသေဆုံးခဲ့သည်။ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုများကို ရှီးယိုက်မွတ်စလင်အကြမ်းဖက်အုပ်စုက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ထင်ကြေးပေးကြသည်။

ဝန်ကြီးချုပ် ဝါရယ်အယ်ဟောကီက ယင်းအကြမ်းဖက်အုပ်စုကို ရှုတ်ချခဲ့သည်ဟု ဆီးရီးယားနိုင်ငံပိုင်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။ အဆိုပါအကြမ်းဖက်အုပ်စုသည် ဆီးရီးယားနိုင်ငံအတွင်း အမေရိကန်ညွှန့်ပေါင်းအဖွဲ့အပါအဝင် ရုရှားလေကြောင်းတိုက်ခိုက်ရေး စတင်ဆင်နွှဲခဲ့သည့်အချိန်မှစပြီး ၎င်းတို့ပိုင်ဆိုင်သည့်နယ်မြေများ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ အဆိုပါအကြမ်းဖက်အဖွဲ့၏ ဖေဖော်ဝါရီ ၂၁ ရက်က ကျူးလွန်ခဲ့သော အကြမ်းဖက်မှုများသည် ၎င်းတို့အဖွဲ့အနေဖြင့် ကြီးမားသောအကြမ်းဖက်မှုများကို ဆက်လက်လုပ်ဆောင်နိုင်သေးကြောင်း အင်န်အိတ်ချ်ကေသတင်းထောက်တစ်ဦးကဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# တွေ့ဆုံပွဲမှ အတွေးတစ်စ

တင့်ဆွေ (ပဲခူး)

ဒီနှစ်ဆန်းပိုင်းမှာ တက္ကသိုလ်တုန်းက အတူတူတက်ခဲ့ကြတဲ့ သူငယ်ချင်းများပြန်လည်တွေ့ဆုံပွဲကို လာရောက်ဖို့ဖိတ်စာရတယ်။ ပွဲလုပ်မယ့်နေရာက စလင်းမြို့မှာပါ။ စလင်းမှာနေတဲ့ သူငယ်ချင်းတစ်ယောက်က နေရေးစားရေးတာဝန်ယူပါတယ်။ နောက်သူငယ်ချင်းတစ်ယောက်က အသွားအပြန်အတွက် ဘတ်စ်ကားကြီးငှားပေးမယ်ဆိုတာကြောင့်အားလုံးစရိတ်ငြိမ်းပါ။

ဖတ်ခဲ့ဖူးတဲ့စာတစ်ပုဒ်ကြောင့် စလင်းမြို့ကို စိတ်ဝင်စားပါတယ်။ ငယ်ငယ်ကကျောင်းမှာသင်တဲ့စကားပြေလက်ရွေးစင်ထဲက အညာဘုရားပွဲဆိုတာ စလင်းမြို့က ကုသိနာရုံဘုရားပွဲဖြစ်ပါတယ်။ သိပ္ပံမောင်ဝ (ခေါ်) ဦးစိန်တင်ဟာ စလင်းမှာ မြို့ပိုင်လုပ်တုန်းကရေးခဲ့ဟန်တူပါတယ်။ သူ့စာထဲမှာဘုရားတန်ဆောင်းက ပန်းချီကားတွေဟာ သိပ်လက်ရာမြောက်ကြောင်း ညွှန်းထားတာကို စိတ်ထဲစွဲနေတာကြောင့် ကြည့်ချင်တာလည်းပါပါတယ်။ ဘွဲ့ရတာ (၃၃)နှစ်ကြာပြီမို့ သူငယ်ချင်းဟောင်းတွေနဲ့ တစုတဝေးတွေ့ကြရင် ပျော်စရာကောင်းမှာပဲဆိုပြီး တော့လည်းစိတ်ကူးပေါ်မိပါတယ်။

ဒီဘက်နှစ်ပိုင်းတွေမှာ (gathering) ခေါ် တွေ့ဆုံပွဲတွေ တော်တော်များများလုပ်လာကြတာ သတိထားမိပါတယ်။ တွေ့ဆုံပွဲဟာ အချိန်ကုန်၊ ငွေကုန်တဲ့အပြင် လူညီဖို့လည်း လိုအပ်တာကြောင့် တချို့ကမလိုလားသော်လည်း ကျွန်တော်ကတော့ လုပ်သင့်တယ်လို့ ယူဆတယ်ဗျ။ သို့သော်အနှစ်သာရရှိတဲ့ တွေ့ဆုံပွဲမျိုးတော့ဖြစ်ဖို့လိုတာပေါ့။

အမေရိကန်က ကမ္ဘာကျော် ဟားဗတ်တက္ကသိုလ်ဆိုရင် ဘွဲ့ရပြီး(၂၅)နှစ်ပြည့်တဲ့အချိန်မှာ ကျောင်းသားဟောင်းတွေ ပြန်ဆုံပွဲလုပ်ပေးတဲ့အစဉ်အလာရှိပါတယ်။ ကျောင်းသားဟောင်းတွေကလည်း ဒီပွဲတက်ဖို့ ကြိုတင်အားခဲပြီးစိတ်ပါလက်ပါ တက်ရောက်ကြတယ်လို့ ဆိုပါတယ်။ ပွဲမတိုင်ခင်မှာကျောင်းသားဟောင်းတွေရဲ့ လက်ရှိအခြေအနေ၊ အလုပ်အကိုင်နဲ့မိသားစုတွေအကြောင်းကိုပါ သတင်းလွှာပြုစုပြီး ဖြန့်ဝေပါသတဲ့။ တွေ့ဆုံပွဲအတွက် ရန်ပုံငွေရရှိရေးကို ကော်မတီဖွဲ့ပြီး(၅)နှစ်လောက်ကတည်းက ကြိုတင်ကောက်ခံပါတယ်။ ရန်ပုံငွေကို တွေ့ဆုံပွဲမှာသုံးသလို၊ ပိုတဲ့ငွေကို အမိတက္ကသိုလ်တိုးတက်ရေးအတွက် လှူဒါန်းကြရပါတယ်။ ဒါကြောင့်လည်း တဲကုတ်အဆင့်ကနေစတင်ခဲ့တဲ့ ဟားဗတ်တက္ကသိုလ်ဟာ ကျောင်းသားဟောင်းတွေရဲ့လက်ဆင့်ကမ်း အကျိုးဆောင်မှုကြောင့် ယနေ့ကမ္ဘာကျော်တက္ကသိုလ်ကြီးတစ်ခုဖြစ်နေပါပြီ။

(၂၅)နှစ်ပြည့်တဲ့အတန်းတိုင်းအတွက် ပြန်ဆုံပွဲကို ဖိတ်ရာမှာ မိသားစုပါလိုက်ပါနိုင်ပြီး တက္ကသိုလ်ကျောင်းသားဘဝကို ပြန်လည်တမ်းတနိုင်စေဖို့နဲ့၊ တက္ကသိုလ်အငွေ့အသက်ကို ရရှိခံစားနိုင်စေခြင်းငှာ ကျောင်းသားတွေ ယခင်နေခဲ့တဲ့ အဆောင်တွေမှာ တည်းခိုခွင့်ပြုပါသတဲ့။ ပြန်ဆုံပွဲဆိုလို့ အခမ်းအနားကို ခဏတဖြုတ်လာတက်ပြီး ပြန်သွားတဲ့အနေမျိုးမဟုတ်ဘူးခင်ဗျ။ ကျောင်းဆောင်မှာ သုံးလေးရက်လောက်နေပြီး စုဝေးပွဲ၊ စာတမ်းဖတ်ပွဲ၊ ဆုတောင်းဝတ်ပြုပွဲ၊ ညစာစားပွဲစတာ တွေကျင်းပရင်း အချင်းချင်းရင်းရင်းနှီးနှီး ပြောဆိုဆွေးနွေးခွင့်ပြန်ပေးတာဖြစ်ပါတယ်။

စာရေးဆရာအဲရစ်ဆီးဂဲရဲ့ The Class ဝတ္ထုကို ဆရာမြသန်းတင့်က "လွမ်းမောခဲ့ရသောတက္ကသိုလ်နွေညများ"ဆိုပြီး ဘာသာပြန်တဲ့စာအုပ်ထဲက အထက်ပါအကြောင်းအရာတွေကိုဖတ်ပြီးအားကျနေတဲ့ ကျွန်တော်ဟာ အစပိုင်းမှာဖော်ပြသလို စလင်းမြို့မှာ သုံးရက်ကြာတွေ့ဆုံပွဲလုပ်မယ်။ အနားကလည်စရာ ပတ်စရာတွေလည်း လိုက်ပို့ပေးမယ်ဆိုတဲ့ အစီအစဉ်ကို သိရတဲ့အခါ ဝမ်းမြောက်ဝမ်းသာ ထလိုက်သွားဖြစ်တော့တာပဲ။

စလင်းကိုရောက်တဲ့အခါ ကိုဘိုးသာရဲ့ခြံဝင်းထဲမှာ အိမ်ကြီးနှစ်လုံးရှိတာမို့ အမျိုးသား၊ အမျိုးသမီးတစ်အိမ်စီခွဲပြီးတည်းခိုကြတယ်။ ထမင်းစားဆောင်ကလည်း အကျယ်ကြီးမို့ အဲဒီထဲမှာပဲ အကုန်စုဝေးပြီး စကားပြောကြတယ်။ အားလုံးအသက်ကြီးကုန်ပြီမို့ ထိပ်ပြောင်၊ ဆံပင်ဖြူ၊ ဗိုက်ပူ၊ သွားကျိုးအမျိုးမျိုးပဲ။ တချို့လည်း "အသက်ကြီးပြီး၊ အချိန်မစီးဘူး"လို့အပြောခံရမှာ ကြောက်လို့နဲ့တူတယ်။ ဝဝကြီးတွေဖြစ်နေပြီ။ အသက် လည်းကြီး၊ အချိန်ကလည်းပိဿာငါးဆယ်ကျော်လောက်ဖြစ်နေတာတွေ့ရတယ်။

ဟားဗတ်လို ကြိုတင်သတင်းလွှာတွေဘာတွေလည်း မထုတ်ဝေနိုင်တော့ တွေ့မှပဲ တစ်ယောက်အကြောင်းတစ်ယောက်မေးကြရတော့တယ်။ အလုပ်အကိုင်ကလည်း မျိုးစုံပဲ။ တွံတေးသိန်းတန်ရဲ့ "အသီးတစ်ရာ၊ အညှာတစ်ခု" သီချင်းထက်တောင်စုံသေးတယ်။ အသီးတစ်ရာ သီချင်းမှာပါတာက အမှုထမ်း၊ အရာထမ်း၊ စက်ရုံဝန်ထမ်း၊ ဂီတသမား၊ တောင်သူ၊ ဆရာဝန်၊ စစ်ဗိုလ် .... ဒီလောက်ပဲပါတာ။ ကျွန်တော်တို့ကျောင်းထွက်တွေက မူလတိရစ္ဆာန်ဆေးကုအလုပ်အပြင် ကုန်သည်၊ ပွဲစား၊ ကန်ထရိုက်၊ သင်္ဘောကပ္ပတိန်၊ ကျူရှင်၊ ဗေဒင်၊ ထောင်မှူး၊ ဂီတမှူး .... အလွှာစုံပဲ။ ဗကပယူဂျီဆိုပြီး ထောင်ကျဖူးတဲ့လူတောင်



ပါသေးရဲ့။ ကံစီမံရာပါပဲ။

"မြန်မာပြည်မှာရတဲ့ဘွဲ့နဲ့ လုပ်နေတဲ့အလုပ်က တခြားစီဖြစ်နေကြတဲ့လူတွေတော်တော်များဟန်တူတယ်။ သူများအကြောင်းတွေလျှောက်ပြောနေလို့ မင်းကကော လို့မေးရင် ကျွန်တော်လည်းထိုနည်းလည်းကောင်းပဲခင်ဗျ။ ကြုံတုန်းပြောဦးမယ်။ ဟိုတစ်လောက ရန်ကုန်မှာငွေစင်ပုလဲနွားနို့ဆိုပြီး အောင်မြင်နေတဲ့လုပ်ငန်းရှင်သူဌေးနဲ့ အမှတ်မထင်ဆုံရတယ်။ နှစ်ဦးမိတ်ဆက်ကြရာမှာ သူက အင်ဂျင်နီယာတစ်ဦးဖြစ်ကြောင်း၊ ဘီအီးဘွဲ့ရပြီး နွားမွေးမြူရေးလုပ်ရာမှာ အောင်မြင်နေကြောင်းပြောပါတယ်။ ခင်ဗျားကော ဘာအလုပ်လုပ်သလဲမေးလို့ ကျွန်တော်ဟာ တိရစ္ဆာန်ဆေးကုဘွဲ့ရဖြစ်သော်လည်း လက်ရှိ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေရကြောင်း ပြောပြတဲ့အခါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်လိုက်ရတာလေ။ မတော်မတည့်ဖြစ်နေပုံများ ပြောပါတယ်။

ကျွန်တော်တို့သူငယ်ချင်းတွေဟာ ဘဝမျိုးစုံမို့ တွေ့ကြတဲ့အခါ အဖွဲ့လိုက်စကားဝိုင်းတွေဟာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိကြပါတယ်။ အလုပ်ကိစ္စ၊ ကျန်းမာရေး၊ သားရေးသမီးရေးကိစ္စတွေကို အတွေ့အကြုံဖလှယ်ကြ၊ အကြံဉာဏ်ပေးကြနဲ့မို့ အကျိုးများပါတယ်။ ကျောင်းသားဘဝနုစဉ်ကာလကအကြောင်းတွေကို စားမြုံ့ပြန်ရတာလည်း အရသာတစ်မျိုးပေါ့။

ကျွန်တော်ထင်ပါတယ်။ ခုလိုမွန်းကျပ်တဲ့ခေတ်ကာလကြီးထဲမယ် လူတိုင်းဟာလာသာလာရတယ်၊ သူတို့မှာလည်း ကိုယ်စီသောကတွေရှိကြမှာပါ။ မအားမလပ်တဲ့ကိစ္စတွေလဲရှိကြမှာပါ။ သို့သော်ဒါတွေဘေးချိတ်ပြီး ဇွတ်ထွက်လာတဲ့သူက ခပ်များများနေလိမ့်မယ်။ ကျွန်တော်တို့တွေ့ဆုံကြတဲ့ သုံးရက်တာကာလမှာတော့ဖြင့် ဘဝအမောတွေ ခဏမေ့ထားပြီး တစ်ယောက်နဲ့တစ်ယောက် စိတ်မဆိုးကြေးနောက်ပြောင်နေကြတာမို့ အလွန်ပျော်စရာကောင်းပါတယ်။ သူငယ်ချင်းတစ်ယောက်ရဲ့ အပြောကတော့ "တစ်ခါရယ်လိုက်ရင်း၊ ရင်ထဲတစ်ခါ ပေါ့သွားရင်းပဲကွာ" တဲ့။

မှန်ပါတယ်။ အားရပါးရရယ်မောခြင်းဟာ စိတ်ဓာတ်ကျန်းမာရေးအတွက် အစွမ်းထက်တဲ့အားဆေးတစ်လက်ပေကိုး။

ညစာစားပွဲကို ခြံဝင်းအလယ်က မြေကွက်လပ်မှာ စင်တင်ကာရာအိုကေနဲ့ကျင်းပကြတယ်။ မိုက်ခဲတွေ တက်ကြ၊ ကတတ်တဲ့လူတွေ ကကြပေါ့။ ကြိုတင်ဇာတ်တိုက်မထားလေတော့ အဆိုကလည်းအတီးနဲ့တခြားစီ၊ အကကလည်း မညီမညာ၊ အဲဒီအလွဲတွေကကိုပဲ ဖျော်ဖြေရေးဟာသ ဖြစ်နေတော့တာ။ ကိုယ်စီယူလာခဲ့တဲ့ အမှတ်တရလက်ဆောင်လေးတွေကိုလည်း အပြန်အလှန်လဲလှယ်ကြပါတယ်။

နောက်နေ့တွေမှာစလင်းမြို့ပေါ်က ရုပ်စုံကျောင်း၊ ဝက်သည်းကန်၊ ကုသိနာရုံ ဘုရားစတာတွေကို လျှောက်လည်ကြတယ်။ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ စုစည်းပြီးကွယ်လွန်ပြီးသော သူငယ်ချင်းများအတွက် စုပေါင်းအလှူတစ်ခုပြုလုပ်ကာ အမျှအတန်းပေးဝေနိုင်ခဲ့ပါတယ်။

ကုသိနာရုံဘုရားတန်ဆောင်းက ပန်းချီကားတွေကိုတော့ အချိန်ယူပြီးသွားကြည့်ဖြစ်တယ်။ ပန်းချီကားတွေ ဘယ်လောက် လက်ရာမြောက်သလဲဆိုတာကို သိပ္ပံမောင်ဝက သူ့ရဲ့အညာဘုရားပွဲ ဝတ္ထုဆောင်းပါးမှာ ဒီလိုညွှန်းထားတယ်ခင်ဗျ-

"အစည်ကားဆုံးသောတန်ဆောင်းပေတည်း။ တိုး၍ပင်မပေါက်။ ထိုဗုဒ္ဓဝင်ကားများကမူ မန္တလေးပန်းချီကျော်ဦးချစ်မြဲ၏ ပန်းချီကားများဖြစ်လေသည်။ အပျိုတော်များမှာ ယခုခေတ်အပျိုကလေးများကဲ့သို့ ဆံထုံးကြီးကြီး၊ ဆံမြိတ်တွေချလိုက်သေး။ ဝတ်စားထားသည်မှာလည်း အင်္ကျီလက်ရှည်ပင်ဖြစ်စေကာမူ အလွန်ပင်ခေတ်ဆန်လှပေ၏။ မျက်နှာပေါက်များမှာလည်း ခေတ်ဆန်သူရုပ်ချောချောလေးများ၏ မျက်နှာပေါက်များအတိုင်းပင်။ ထိုအရုပ်ကားများမှာ ဓာတ်မီး၏အလင်းရောင်တွင် အလွန်ပင်ပနံရလျက်နေကြလေသည်။ ခေတ်သမားမောင်လူအေးသည် ဦးချစ်မြဲ၏ လက်စွမ်းကိုချီးမွမ်း၍ မဆုံးတော့ပြီ။"

ကျွန်တော့်မျက်မြင်မှာလည်း ပန်းချီကားကြီးတွေဟာ ပြောသလောက်ကောင်းလှပါတယ်။ ဘုရားစောင်းတန်းက တချို့ပန်းချီတွေမှာ အရုပ်တွေက ခေါင်းကြီးကိုယ်သေး အချိုးမညီတာတွေ၊ အနီးအဝေးသဘောမပါဝင်တာတွေ တွေ့ရလေ့ရှိပါတယ်။ ဦးချစ်မြဲလက်ရာကတော့ ဒီလိုမဟုတ်ဘဲအရောင်အသွေးစုံလင်ပြီး အင်မတန် မျက်စိပသာဒဖြစ်ပါတယ်။ ဒါကြောင့်ပန်းချီကားကြီးတွေကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ဖို့ ကြိုးစားတဲ့အခါ အခက်အခဲနဲ့ကြုံရတယ်။ ဘာကြောင့်ဆိုတော့ ပန်းချီတွေရှေ့မှာ ပန်းပုရုပ်တုတချို့ရှိနေတာရယ်။ ကာရံထားတဲ့ သံတိုင်တွေက မြင်ကွင်းပိတ်နေတာရယ်ကြောင့်ပါ။ သံတိုင်ကြားထဲ ကင်မရာထည့်ပြီး ခက်ခက်ခဲခဲရိုက်ယူရတယ်။ စာရှုသူများအကဲဖြတ်နိုင်ဖို့ အဲဒီထဲကဓာတ်ပုံတစ်ပုံကို ဖော်ပြပေးလိုက်ပါတယ်။

ဒီပန်းချီကားတွေကို ခန်းမကြီးတစ်ခုထဲမှာ ခန့်ခန့်ညားညားချိတ်ဆွဲပြသပေးထားရင်ဖြင့် ပိုပြီးကောင်းလိမ့်မယ်လို့စိတ်ထဲတောင့်တမိပါရဲ့။

ကျွန်တော်တို့အဖွဲ့တွေဟာ စလင်းမြို့ကနေ မကွေး မြသလွန်၊ မန်းစက်တော်ရာ၊ လယ်ကိုင်းကျောင်းတော်ရာ ဘုရားတွေကိုလည်း သွားရောက်ဖူးမြော်ခွင့်ရလို့ ဒေသန္တရဗဟုသုတတွေအများကြီးရရှိခဲ့ပါတယ်။ ဒီတွေ့ဆုံပွဲသုံးရက်တာမှာ သူငယ်ချင်းတွေရဲ့ ပျော်ရွှင်မှုညွှန်းကိန်း (Happiness Index) ကိုတိုင်းတာရင် အဆင့်(၁) ရလိမ့်မယ်ထင်တယ်။ မိတ်ဆွေအပေါင်းအသင်းရှိတယ်ဆိုပေမယ့် တစ်ယောက်နဲ့တစ်ယောက် မင်းနဲ့ငါပြောလို့ရတဲ့ လူမျိုးခပ်ရှားရှားပဲ။ စိတ်မဆိုးကြေး၊ အားမနာတမ်းပြောဆိုနောက်ပြောင်လို့ရတဲ့ သူငယ်ချင်းစိတ်ဓာတ်မျိုးရှိကြတာဟာ ကျောင်းသားဘဝကအဆောင်မှာ အတူတကွနေခဲ့တာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

ပြောရရင် ကျွန်တော်တို့ဟာ တက္ကသိုလ်ကျောင်းတွေခေတ်ကောင်းတဲ့ကာလကို အဖျားလောက်မီလိုက်သေးတယ်။ ၁၉၈၀ လောက်ပါ။ အဲဒီတုန်းက အဆောင်နေကျောင်းသားဆိုတာ တယ်စမတ်ကျတာပဲ။ တစ်ယောက်တစ်ခန်းရတယ်။ အခန်းထဲမှာ ခုတင်၊ ဗီရို၊ စားပွဲ၊ မီးချောင်း အပြည့်အစုံ၊ ထမင်းစားဆောင်ဆိုရင် သတ်မှတ်တဲ့အချိန်ဝင်သွား၊ ကိုယ့်နေရာကိုယ်ထိုင်၊ ဝိတ်တာကထမင်းဟင်းပြင်ပေးတယ်။ အဝတ်အစားကိုတော့ ပြည့်စုံစွာဝတ်မှ ထမင်းစားခန်းဝင်ခွင့်ရှိတယ်။ မနက်ကျောင်းသွားမယ်ဆိုလည်း အဆောင်ရှေ့လာရပ်တဲ့ ကျောင်းသားသီးသန့် ဖယ်ရီကားကို တက်စီးသွားရုံပဲ။ အဲဒီဖယ်ရီကားတွေဟာ နာရီဝက်တစ်စီးလောက်ကို ထွက်နေတာ။ သမိုင်းဝင်းထဲမှာ ကျောင်းသားကျောင်းသူတွေအတွက် Canteen ဆိုင်တန်း၊ ပန်းခြံတွေ အားကစားရုံတွေနဲ့ပီပြင်တဲ့ တက္ကသိုလ်ပရဝဏ် တစ်ခုရဲ့ အရသာကို ကြုံတွေ့ခံစားခဲ့ရဖူးပါတယ်။

တကယ်တော့ တက္ကသိုလ်ကျောင်းဆိုတာ စာတစ်ခုထဲသင်ပေးတာမဟုတ်ပါဘူး။ လူမှုပေါင်းသင်းဆက်ဆံရေးနယ်ပယ်မှာဝင်ဆံ့အောင်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာအောင် စတဲ့အချက်တွေကိုလည်း လက်တွေ့ဆည်းပူးကြရမယ့် နေရာဌာနတစ်ခုအဖြစ် မှတ်ယူအပ်ပါတယ်။ လူ့ဘဝဆိုတာစာတော်ရုံ၊ ဂုဏ်ထူးထွက်ရုံနဲ့မပြီးပါဘူး။ Social dealing ခေါ် လူမှုဆက်ဆံရေးမှာ ပြေလည်အောင်နေတတ်ဖို့လည်း အရေးကြီးပါသေးတယ်။

ကျောင်းသားဘဝ ကိုယ့်အိမ်မှာကိုယ်နေလာရာကနေ တက္ကသိုလ်ရောက်လို့ အဆောင်မှာနေရတဲ့အခါ လူအမျိုးမျိုးနဲ့ ကြုံရမယ်။ အဲဒီအခါ အများနဲ့ဝင်ဆံ့အောင်ဘယ်လိုနေရမလဲဆိုတဲ့ ကိစ္စအရေးပါလာပါတယ်။ ဒီပညာရပ်ကို လက်တွေ့သင်ကြားပေးရာဌာနကတော့ တက္ကသိုလ်အဆောင်တွေပဲဖြစ်ပါတယ်။ ယနေ့ခေတ်တက္ကသိုလ်တော်တော်များများမှာ အဆောင်မပေးပါဘူး။ ကိုယ့်အစီအစဉ်နဲ့ကို အပြင်ဆောင်ငှားနေကြရပါတယ်။ ဒီကိစ္စဟာပေါ့သေးသေးကိစ္စမဟုတ်ပါဘူး။ မိဘတွေဟာ ကိုယ့်သားသမီးဆယ်တန်းအောင်လို့ တက္ကသိုလ်ပို့မယ်ဆိုရင် အဆောင်ကိစ္စဟာ အင်မတန်ရင်ပူရတဲ့ကိစ္စဖြစ်နေပါတယ်။ ငွေကြေးကုန်ကျအလွန်များပါတယ်။ ငွေကုန်ခံနိုင်သည့်တိုင် အပြင်ဆောင်ဆိုတာ စိတ်ချရတဲ့ အနေအထားမရှိလို့ မိဘတိုင်းဟာ၊ အလွန်ကရိကထများကြတာ ကျွန်တော့်ကိုယ်တွေ့ပါ။

ဒါကြောင့် ပညာရေးအဆင့်မြှင့်တင်မယ်ဆိုရင် တက္ကသိုလ်အဆောင်ကိစ္စဟာလည်း ထည့်သွင်းစဉ်းစားရမယ့် အချက်တစ်ချက်လို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။

တက္ကသိုလ်ကျောင်းသားဟောင်းတွေတွေ့ဆုံပွဲရဲ့ အပြန်ခရီးမှာ ငယ်စဉ်က အဆောင်နေကျောင်းသားဘဝကိုပြန်လည်သတိရနေမိတာကြောင့် နောင်လာမယ့် လူငယ်များ တက္ကသိုလ်တက်ရင် အဆောင်နေကျောင်းသားဘဝ (Hostel life) ကိုပြန်လည်ဖန်တီးပေးသင့်ပါကြောင်း ကျွန်တော့်အတွေးတစ်စကို တင်ပြရင်းနိဂုံးချုပ်လိုက်ပါတယ်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အယ်လ်နီညိုအကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်သည့် အရေးကြီးအဆိုတစ်ခုတင်သွင်းခြင်း၊ ကော်မတီသုံးခု ဖွဲ့စည်းအတည်ပြုခြင်းနှင့် ကော်မတီနှစ်ခု ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက **"ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် ၂၀၁၆ ခုနှစ်တွင်ဖြစ်ပေါ်လာမည့် အယ်လ်နီညို အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အရေးကြီးအဆိုကို တင်သွင်းရာ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက ထောက်ခံဆွေးနွေးသည်။

အဆိုရှင်က အဆိုတင်သွင်းရာတွင် အယ်လ်နီညိုအကျိုးဆက်ကြောင့် အပူအန္တရာယ်၊ သောက်သုံးရေရှားပါးမှု၊ မီးအန္တရာယ်ကြုံတွေ့မှု၊ ယင်းတို့နှင့် ဆက်စပ်သည့် ကျန်းမာရေးပြဿနာများ၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ကြုံတွေ့နိုင်သည့် ဆိုးကျိုးများကို ရင်ဆိုင်ရမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုအတွက် ရေရှည်ကြိုတင်ကာကွယ်မှုများ ချမှတ်ထားရန် လိုအပ်ကြောင်း၊ ယခု ၂၀၁၆ ခုနှစ် အယ်လ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်အချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်ကြောင်း။

ကြိုတင်ပြင်ဆင်မှုအနေဖြင့် သောက်သုံးရေနှင့်စိုက်ပျိုးရေကို စနစ်တကျ သုံးစွဲခြင်း၊ ရေလှောင်တမံများရှိရေများကို မှန်မှန်ကန်ကန် အသုံးပြုစေခြင်း၊ အယ်လ်နီညိုဖြစ်စဉ်သက်ရောက်မှုကြောင့် အများဆုံးထိခိုက်နိုင်မည့် စားနပ်ရိက္ခာထုတ်လုပ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအပေါ် အလေးထား စောင့်ကြည့်ခြင်း၊ အရေးပေါ်စားနပ်ရိက္ခာစီမံထားရှိခြင်း၊ ခြောက်သွေ့သော



မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း



ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း

ရာသီဥတုနှင့်လိုက်လျောညီထွေသည့် စိုက်ပျိုးရေးနည်းစနစ်များ စူးစမ်းရှာဖွေခြင်း၊ ရေပေးဝေရေးစနစ်များ ချဲ့ထွင်ခြင်း၊ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာမည့် ရောဂါများအတွက် ကြိုတင်ကာကွယ်ကုသနိုင်ရန် အစီအမံများထားရှိခြင်းနှင့် မီးဘေးအန္တရာယ်ကျရောက်မှုကင်းရှင်းစေရန် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိသင့်ကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က **ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**တွင် ကော်မတီဥက္ကဋ္ဌအဖြစ် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်းနှင့် အတွင်းရေးမှူးအဖြစ် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၊ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ**တွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်းနှင့် အတွင်းရေးမှူးအဖြစ် ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်၊ **ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ**တွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းနှင့် အတွင်းရေးမှူးအဖြစ် ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ တို့ပါဝင်သော ကော်မတီဝင် ၁၅ ဦးစီဖြင့် ဖွဲ့စည်းတာဝန်ပေးရန်နှင့် ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ကော်မတီဥက္ကဋ္ဌအဖြစ် ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်နှင့် အတွင်းရေးမှူးအဖြစ် မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင် (ခ)ပေါခင် တို့အပါဝင် ကော်မတီဝင် ၁၅ ဦးဖြင့်လည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ကော်မတီဥက္ကဋ္ဌအဖြစ် ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦးနှင့် အတွင်းရေးမှူးအဖြစ် ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်တို့အပါဝင် ကော်မတီဝင် ၁၅ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းရန်လျာထားကြောင်း လွှတ်တော်သို့ အသိပေး ပြောကြားသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုး တိုးတက်ရေးကော်မတီ အဖွဲ့ဝင်များစာရင်း (၂၂-၂-၂၀၁၆)

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ရေကြည် မဲဆန္ဒနယ် | ဒေါက်တာဦးစံရွှေဝင်း | ဥက္ကဋ္ဌ |
| ၂။ | ပြည် မဲဆန္ဒနယ် | ဒေါက်တာခင်စိုးစိုးကြည် | အဖွဲ့ဝင် |
| ၃။ | တောင်ကြီး မဲဆန္ဒနယ် | ဒေါက်တာဒေါ်သန်းဌေ | ။ |
| ၄။ | ကျိုက်ထိုမဲဆန္ဒနယ် | ဒေါက်တာဦးခင်ဆောင် | ။ |
| ၅။ | ဒေးဒရဲ မဲဆန္ဒနယ် | ဒေါက်တာဒေါ်ခင်ညို | ။ |
| ၆။ | မြောက်ဥက္ကလာပ မဲဆန္ဒနယ် | ဒေါက်တာဦးသန်းဝင်း | ။ |
| ၇။ | သနပ်ပင် မဲဆန္ဒနယ် | ဦးမြင့်ဦး | ။ |
| ၈။ | ဒလ မဲဆန္ဒနယ် | ဒေါက်တာဦးစိန်မြအေး | ။ |
| ၉။ | မင်္ဂလာတောင်ညွန့် မဲဆန္ဒနယ် | ဒေါ်ဖြူဖြူသင်း | ။ |
| ၁၀။ | မြိတ် မဲဆန္ဒနယ် | ဦးစိုးပိုင်ဋ္ဌေး | ။ |
| ၁၁။ | မိုင်းယန်း မဲဆန္ဒနယ် | ဦးစိုင်းဆမ် | ။ |
| ၁၂။ | ခေါင်လန်ဖူး မဲဆန္ဒနယ် | ဦးအာမိုးဆီ | ။ |
| ၁၃။ | ဘူးသီးတောင် မဲဆန္ဒနယ် | ဦးအောင်သောင်းရွှေ | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီးမြင့်ဟန် | ။ |
| ၁၅။ | ပြင်ဦးလွင် မဲဆန္ဒနယ် | ဒေါက်တာဦးအောင်ခင် | အတွင်းရေးမှူး |

## ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များစာရင်း(၂၂-၂-၂၀၁၆)

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ကွမ်းခြံကုန်း မဲဆန္ဒနယ် | ဦးစိုးသူရထွန်း | ဥက္ကဋ္ဌ |
| ၂။ | ရွှေတောင် မဲဆန္ဒနယ် | ဒေါ်မြခွာညိုဦး | အဖွဲ့ဝင် |
| ၃။ | ဆင်ပေါင်ဝဲ မဲဆန္ဒနယ် | ဦးနေထက်ဝင်း | ။ |
| ၄။ | ပုဗ္ဗသီရိ မဲဆန္ဒနယ် | ဦးရည်မွန်(ခ) မောင်တင်သစ် | ။ |
| ၅။ | မိုးကုတ် မဲဆန္ဒနယ် | ဦးအောင်နိုင်(ခ) ဦးနိုင်ငံကျော် | ။ |
| ၆။ | ညောင်ရွှေ မဲဆန္ဒနယ် | ဦးဝင်းမြင့်ဦး(ခ) ဦးနေမျိုး | ။ |
| ၇။ | ပင်လည်ဘူး မဲဆန္ဒနယ် | ဦးမင်းနောင် | ။ |
| ၈။ | လဟယ် မဲဆန္ဒနယ် | ဦးသက်နောင် | ။ |
| ၉။ | ထီးလင်း မဲဆန္ဒနယ် | ဦးမြတ်လေးဦး | ။ |
| ၁၀။ | ပန်းတနော် မဲဆန္ဒနယ် | ဦးမန်းညွန့်သိန်း | ။ |
| ၁၁။ | နောင်မွန်း မဲဆန္ဒနယ် | ဦးဂျိဖုန်ဆားရ် | ။ |
| ၁၂။ | ကွန်ဟိန်း မဲဆန္ဒနယ် | ဒေါ်နန်းခင်စော | ။ |
| ၁၃။ | ဆော့လော် မဲဆန္ဒနယ် | ဦးလာမာလေး | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးချုပ်ဝင်းဆွေ | ။ |
| ၁၅။ | ဒဂုံမြို့သစ် (တောင်ပိုင်း)မဲဆန္ဒနယ် | ဦးအေးနိုင် | အတွင်းရေးမှူး |

## ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များစာရင်း(၂၂-၂-၂၀၁၆)

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ဆိပ်ကမ်း မဲဆန္ဒနယ် | ဦးတင်မောင်ဝင်း | ဥက္ကဋ္ဌ |
| ၂။ | ရေတာရှည် မဲဆန္ဒနယ် | ဦးကြည်မိုးနိုင် | အဖွဲ့ဝင် |
| ၃။ | ဆိပ်ဖြူ မဲဆန္ဒနယ် | ဦးအောင်သိုက် | ။ |
| ၄။ | ပျဉ်းမနား မဲဆန္ဒနယ် | ဦးသန်းစိုးအောင် | ။ |
| ၅။ | ဂန့်ဂေါ မဲဆန္ဒနယ် | ဒေါ်ယဉ်မင်းလှိုင် | ။ |
| ၆။ | မိုင်းပန် မဲဆန္ဒနယ် | ဦးစိုင်းကျော်မိုး | ။ |
| ၇။ | သိန္နီ မဲဆန္ဒနယ် | ဦးစိုင်းဦးခမ်း | ။ |
| ၈။ | ပုလော မဲဆန္ဒနယ် | ဦးအုန်းခင် | ။ |
| ၉။ | ကွမ်းလုံ မဲဆန္ဒနယ် | ဦးယန်ကျင်းကန် | ။ |
| ၁၀။ | မင်းပြား မဲဆန္ဒနယ် | ဦးစစ်နိုင် | ။ |
| ၁၁။ | မက်မန်း မဲဆန္ဒနယ် | ဦးတင်အေး | ။ |
| ၁၂။ | တမူး မဲဆန္ဒနယ် | ဦးနိုင်နိုင်ဝင်း | ။ |
| ၁၃။ | ထန်းတပင် မဲဆန္ဒနယ် | ဦးဇော်ဝင်း | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီးအောင်မြင့် | ။ |
| ၁၅။ | ပန်းဘဲတန်း မဲဆန္ဒနယ် | ဦးနေဖူးဗဆွေ | အတွင်းရေးမှူး |

လွှတ်တော်ရေးရာ

# ကမ္ဘာ့ဘဏ်မှ ငွေကြေးအကူအညီပေးရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မစ္စတာအက်ဇဲလ်ဗန်ထရောဇန်ဘာ့ခ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်၊ ငွေရေးကြေးရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် အကူအညီပေးရန်အတွက် သုံးသပ်လေ့လာဆန်းစစ်သွားရေး၊ မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကို အကူအညီပေးရာတွင် လွှတ်တော်အပိုင်းက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်များတွင် ကမ္ဘာ့ဘဏ်မှ ငွေကြေးအကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



အမျိုးသားလွှတ်တော်အစည်းအဝေး

# သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်း ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဖွဲ့စည်းရေးဆောင်ရွက်




**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ **ဘင်္ဂလားဒေ့ရှ်ပါလီမန်ဥက္ကဋ္ဌထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားမှတ်တမ်းတင်ခြင်း၊ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို လွှတ်တော်က အတည်ပြုဖွဲ့စည်းခြင်းနှင့် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာ ကော်မတီဖွဲ့စည်းရေး**တို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **ဘင်္ဂလားဒေ့ရှ်ပါလီမန်ဥက္ကဋ္ဌ ဒေါက်တာရှီရင်ရှာမင်ချောင်ဒရီ ထံမှပေးပို့သည့် သဝဏ်လွှာ**ကို ဖတ်ကြားတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟ၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်းတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ** ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ**တွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်းတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန်လျာထားကြောင်း လွှတ်တော်သို့အသိပေးကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

**အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များစာရင်း (၂၂ - ၀၂ -၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) | ဦးကျော်သီဟ | ဥက္ကဋ္ဌ |
| ၂။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | ဦးစောမိုးမြင့်(ခ) ဆင်မြူရယ် | အဖွဲ့ဝင် |
| ၃။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) | ဦးခင်မောင်မြင့် | ။ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) | ဦးရဲထွန်း | ။ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) | ဦးခင်မောင်ဝင်း | ။ |
| ၆။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) | ဦးညီစိန် | ။ |
| ၇။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | ဒေါ်သီရိရတနာ | ။ |
| ၈။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) | ဦးစိုင်းသာစိန် | ။ |
| ၉။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) | ဒေါ်ရှားမူ | ။ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) | ဦးဟန်ဝင်းသိန်း | ။ |
| ၁၁။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) | ဦးမြင့်နိုင် | ။ |
| ၁၂။ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | ဦးထွန်းထွန်းဦး | ။ |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) | ဦးမောင်မောင်အုန်း | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး ထွန်းမြင့် | ။ |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | ဦးစခင်ဇော်လင်း | အတွင်းရေးမှူး |

# နှစ်နိုင်ငံလွှတ်တော်ချင်း အပြန်အလှန်လေ့လာရေး၊ ဝန်ထမ်းများအား သင်တန်းများပေးရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းအား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးမှ သံအမတ်ကြီး MR. ROBERT CHUA သည် ယနေ့မွန်းလွဲ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီဆောင် အမှတ်(၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ချင်း အပြန်အလှန်လေ့လာရေး၊ ဝန်ထမ်းများအား သင်တန်းများပေးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**ပုဂံယဉ်ကျေးမှုမှ**

ပြယုဂ်များဖြစ်သောကြောင့် ၂၀၁၆ ခုနှစ် မတ် ၁ ရက်မှစတင်ကာ ဘုရားပုထိုးစေတီ ပစ္စယံများပေါ်သို့ တက်ရောက်ခွင့်မပြုတော့ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။

ယင်းသို့ကြေညာချက်အပေါ် ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များ သဘောမကျနိုင်သော်လည်း နှစ်ကာလကြာမြင့်နေပြီဖြစ်သော ရှေးဟောင်းအမွေအနှစ်ဒေသ ရေရှည်တည်တံ့နိုင်ရန် ထိန်းသိမ်းဆောင်ရွက်သင့်သည်ဟု သုံးသပ်မှုများလည်း ရှိနေသည်။

"ပုဂံရောက်ရင် နေထွက်ချိန်၊ နေဝင်ချိန် ဓာတ်ပုံရိုက်လေ့ရှိတယ်။ အဲဒီလိုမြင်ကွင်းကောင်းကိုရဖို့ အပေါ်တက်ခွင့်ပြုတဲ့ဘုရားတွေမှာ ဘုရားဖူးဧည့်သည်တွေနဲ့ စည်ကားတာပေါ့။ ဟိုးအရင်ကတော့ ဘုရားအတော်များများပေါ်တက်ခွင့်ရတယ်။ နောက်တော့ ပိတ်လိုက်တယ်။ အခု ဘယ်ဘုရားပေါ်မှ တက်ခွင့်မပြုတော့ဘူးလို့ ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ ဖေ့စ်ဘွတ်ကနေ တရားဝင်ကြေညာလိုက်တာ တွေ့ရတယ်။ သက်တမ်းကလည်း အတော်ကြာလာပြီဆိုတော့ သေချာထိန်းသိမ်းဖို့တော့ လိုလိမ့်မယ်။ နိုင်ငံခြားသားဧည့်သည်တွေအတွက်လည်း အဆင်ပြေမယ်မထင်ဘူး"ဟု လာမည့်နွေရာသီကျောင်းပိတ်ရက်တွင် မိသားစုနှင့်အတူ ပုဂံဒေသသို့ ဘုရားဖူးသွားရောက်မည့် ဦးစည်သူကပြောသည်။

ပုဂံဒေသယဉ်ကျေးမှုနယ်မြေအတွင်း ကြံ့ခိုင်မှုကောင်းသော ဘုရားပုထိုး ငါးဆူပေါ်သို့တက်ရောက်ခွင့်ပြုထားသော်လည်း မလျော်ကန်သည့် ဝတ်စားဆင်ယင်ပြုမူမှုများကြောင့် မတ် ၁ ရက်မှစတင်ကာ တားမြစ်လိုက်သည်ဟု သိရသည်။ ဆေးကုမ္ပဏီတစ်ခုမှ ပြဿဒ်ကြီးဘုရား ပစ္စယံပေါ်တွင် သီဆိုကခုန်မှုများ ပြုလုပ်ခဲ့သည့်ပုံများ လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့ခဲ့မှုအပေါ် ဝေဖန်မှုများစွာ ထွက်ပေါ်ခဲ့သည်။ **(၀၀၁)**

**သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

## ပြည်တွင်းရေးရာ



ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း ကိုယ်လက်ကြံ့ခိုင်ရေးပြုလုပ်နေသူများအား တွေ့ရစဉ်။

*** ရန်ကုန်မြို့မှ**

စွန့်ပစ်သည့် စွန့်ပစ်ရေဆိုးများကို ယခင်ကန်တော်ကြီးကန်၏ ရေဝေ ရေလဲ ဧရိယာများဖြစ်သည့် ယခုလူနေရပ်ကွက် ရေမြောင်းများမှတစ်ဆင့် အဆင့်ဆင့် စီးဝင်လာသော ညစ်ညမ်းရေဆိုးများ ကန်အတွင်းသို့ ရေဝင်ပေါက်ကြီး ၁၀ ပေါက်မှ တိုက်ရိုက်ဝင်ရောက်ခြင်း၊ ကန်ရေပြင်နှင့်ဆက်စပ်လျက်ရှိသော မြေပြင်ပေါ်တွင် တည်ဆောက်ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးခြံများရှိ စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတို့သည် မိုးရေ၊ အပင်ဖျန်းရေများနှင့်အတူ ကန်ရေပြင်အတွင်းသို့ တိုက်ရိုက်ဝင်ရောက်မှုတို့ကြောင့် ရေထုညစ်ညမ်းမှု ဖြစ်စေသည်။

ယခင်က ကန်တော်ကြီးကန်ရေ၏ အရည်အသွေးကောင်းမွန်စေရန် အလူမီနီယံဆာလဖိတ်နှင့်ကော့ပါး ဆာလဖိတ်ဆေးခပ်ခြင်းကို မဟာသင်္ကြန်ကာလအတွင်း တစ်နှစ်လျှင် တစ်ကြိမ် သန့်စင်မှုပြုခဲ့သော်လည်း သန့်စင်မှုစနစ်မလုံလောက်သောကြောင့် ကန်အတွင်းစီးဝင်သည့် မသန့်ရှင်းသော ရေများမှတစ်ဆင့် ကန်ရေပြင်ညစ်ညမ်းမှုဖြစ်ပွားခြင်းကို လျော့နည်းအောင် ကန်တော်ကြီး ကန်ရေပြင်သန့်ရှင်းကြည်လင်ရေးနှင့် ကန်ဧရိယာစိမ်းလန်းစိုပြည်ရေးအတွက် ထိန်းသိမ်းလုပ်ဆောင်နေသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဌာနစုမှူး ဦးကျော်ကျော်ဦးအား ဆက်သွယ်မေးမြန်းခဲ့ပါသည်။

"ကန်တော်ကြီးကန်အတွင်း ပေါက်ရောက်နေတဲ့ကြာ၊ ဗေဒါ၊ ဒိုက်၊ အမှိုက်တွေကို ဒိုက်ဆယ်စက် (Aquamarine) နဲ့ ပုံမှန် ရှင်းလင်းဆောင်ရွက်နေပါတယ်။ ၂၀၁၂ ခုနှစ်ကစပြီး ရေဝင်ပေါက်တွေကနေ အမှိုက်ဝင်ရောက်မှု မရှိစေဖို့ အမှိုက်စစ်ဆန်ခါနဲ့ ရေထိန်းနံရံတွေတည်ဆောက်ခဲ့ပါတယ်။ ရေဆိုးတွေမဝင်ဖို့လည်း ရေဆိုးတာတမံ၊ ရေဆိုးတားမြောင်းတွေတည်ဆောက်ပြီး ရေကျော်၊ ရေတံခါးတွေပါ ထည့်သွင်းတည်ဆောက်ထားပါတယ်။ ကန်အောက်ခြေမှာ ပုပ်သိုးနေတဲ့ အနည်အနှစ်တွေကို ရေမြှုပ်ပန့်နဲ့ နုန်းတွေကို စုပ်ယူရှင်းလင်းပါတယ်။ ၂၀၁၄ မှာ နုန်းစုပ်စက်ကြီး (Dredger) တွေသုံးပြီး ကန်အောက်ခြေရှိ နုန်းတွေကို ဖယ်ရှားပါတယ်"ဟု အမှိုက်သရိုက်များနှင့် နုန်းများရှင်းလင်းဖယ်ရှားသည့် လုပ်ငန်းစဉ်ကို ပြောပြသည်။

ရေကန်အတွင်း စွန့်ပစ်ရေဆိုးများ၊ နိုက်ထရိုဂျင်နှင့် ဖော့စပရပ်ဓာတ်များ ပါဝင်သော မြေကြီးကို တိုက်စားလာသည့်ရေများ၊ ဓာတ်မြေဩဇာအသုံးပြုသော စိုက်ခင်းများမှ စီးထွက်လာသောရေများသည် ပေါင်းစုံပြီး နိုက်ထရိုဂျင် (Nitrogen) နှင့် ဖော့စပရပ်(Phosphorous) ပါဝင်သော ဒြပ်ပေါင်းများ (Nutrients)ဖြစ်လာသည်။ ယင်းဒြပ်ပေါင်းများသည် ရေညှိများပေါက်ပွားခြင်း (Eutrophication)ဖြစ်စဉ်ကြောင့် ရေညှိအပါအဝင် အပင်မွှားလေးများ (Phytoplankton) ပေါက်ပွားလာရာမှတစ်ဆင့် အစိမ်းရောင်ရေညှိပင်များ အပေါ်အမှီပြုသည့်အကောင်မွှားလေးများ (Zooplankton)လည်း ပွားများလာခဲ့သည်။ ထိုအပင်မွှားလေးများနှင့် အကောင်မွှားလေးများ၏ အသက်ရှင်မှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ရေထဲမှအောက်ဆီဂျင်ကို သုံးစွဲမှုကြောင့် ရေတွင်အောက်ဆီဂျင်ပါဝင်နှုန်းကို လျော့ကျစေသဖြင့် ရေကန်၏ဂေဟစနစ် (Lake Ecosystem)ကို ထိခိုက်လာသည်။

ထို့ပြင် ကန်ရေပြင်ပေါ်ရှိ ရေညှိအလွှာများမှ နေရောင်ခြည်ကို ကာဆီးထား၍ ကန်အတွင်းရှိ ရေနေအပင်များ အစာချက်လုပ်နိုင်ခြင်းမရှိသဖြင့် သေဆုံးကြခြင်း၊ ကန်ရေတွင် အောက်ဆီဂျင်ပါဝင်မှုနှုန်းကျဆင်းမှုကြောင့် ကန်တွင်းနေ ရေသတ္တဝါများ သေဆုံးကြရခြင်းဖြစ်စေပြီး အနည်ပို့ချမှုပိုမိုဖြစ်ပေါ်လာခဲ့သည်။ ပို့ချလာသော အပင်၊ သတ္တဝါအသေများ၏ ဘက်တီးရီးယားများ ဖြိုခွဲမှုဖြစ်စဉ်ကြောင့် ရေထဲမှ အောက်ဆီဂျင်ကိုသုံးစွဲ၍ ဒြပ်ပေါင်းများ ထုတ်ပေးပြန်သဖြင့် ကန်ရေတွင် အောက်ဆီဂျင်ပါဝင်မှုနှုန်း ထပ်မံကျဆင်းလာသည့်အပြင် ရေညှိများကိုလည်း ပိုမိုပေါက်ပွားလာစေပြီး ကန်ရေပြင်သန့်ရှင်းကြည်လင်မှုအတွက် လိုအပ်သော ဂေဟစနစ်ကို ဆိုးရွားစွာထိခိုက်ပျက်စီးရသည်ဟု သိရသည်။

"၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစပြီး ကန်ရေမျက်နှာပြင်ရှိ ရေညှိတွေကို ရေညှိစုပ်စက်(Scum Skimmer) ၁၇ လုံးနဲ့ စုပ်ယူဖယ်ရှားပါတယ်။ ဒီလိုလုပ်ဆောင်လို့ ကန်ရေပြင်လျော့ကျမှုမရှိစေဖို့ ၂၀၁၄ ခုနှစ်မှာ Scum Skimmer တွေမှ စုပ်ယူပြီး ရေတွေကို ဂါလန် ၆၀၀ဆံ့ ဖိုက်ဘာကန်ခြောက်လုံးနဲ့ ဂါလန် ၄၀၀ဆံ့ ဖိုက်ဘာကန် နှစ်လုံး စုစုပေါင်း ရှစ်လုံး အတွင်းအုတ်ခဲ၊ ပျဉ်ပုံကြီးသဲ၊ ဖွဲပြာ၊ ကျောက်စကွဲတွေ အဆင့်ဆင့်ခံ၊ စစ်ယူသန့်စင်ပြီးရေတွေကို ကန်ထဲကို ပြန်လည်ဖြည့်သွင်းပေးပါတယ်။ ဒ့ါအပြင် ရေညှိခွဲထုတ်စက် Water Purification System အသုံးပြုပြီး ရေညှိတွေစစ်ယူဖယ်ရှားပါတယ်။

၂၀၁၄ မှာ အမေရိကန်နိုင်ငံထုတ် ကြိမ်နှုန်းမြင့်အသံလှိုင်းစက် (Ultra Sonic) ၁၀ လုံးတပ်ဆင်ခဲ့ပါတယ်။ ကြိမ်နှုန်းမြင့်အသံလွှန်လှိုင်း လွှတ်ထုတ်ပြီး ရေညှိသတ်ခြင်းနည်းပညာနဲ့ ကန်အတွင်းရေညှိတွေကို ဖယ်ရှားပါတယ်။ Ultra Sonic အတွက် လိုအပ်တဲ့ဓာတ်အားကို Solar Panel တွေကနေ နေရောင်ခြည်ကိုစုပ်ယူပြီး ယင်းအောက်ရှိ ဘက်ထရီအိုးမှာ ဓာတ်အားသိုလှောင်ပါတယ်။ Control Box မှတစ်ဆင့် ထိန်းချုပ်ပြီး လှိုင်းထုတ်လွှင့်တဲ့နည်းနဲ့ ရေညှိတွေကို ချေဖျက်ပါတယ်။ Ultra Sonic နဲ့ ရေညှိကိုချေဖျက်လို့ အစိမ်းရောင်ရေမှ ကြည်လင်တဲ့ရေအဖြစ် ရရှိစေပါတယ်။ အဲ့ဒါအပြင် ရေညှိတွေသေစေနိုင်တဲ့ Bio-augmentation ဆေးဖျန်းပါတယ်။ ဒီဆေးဖျန်းတဲ့အတွက် ရေညှိတွေကို အနည်ထိုင်စေတယ်။ အနည်ထိုင်တဲ့ရေညှိတွေကို Ultra Sonic မှ ထွက်ရှိလာတဲ့ အသံလွှန်လှိုင်းတွေက ခွဲထုတ်ချေဖျက်လို့ ရေညှိပေါက်ပွားမှုနှုန်းကို လျော့နည်းစေပါတယ်"ဟု ရေညှိများ ပေါက်ပွားလျော့နည်းအောင် ဆောင်ရွက်မှုကို ပြောပြသည်။

ကန်ရေအတွင်း အောက်ဆီဂျင်ပျော်ဝင်မှုများပြားစေရန်ရည်ရွယ်ပြီး ရေပန်းများ(Water Fountain)များကို တပ်ဆင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ရေပန်းအလှ ၁၅ ခုနှင့် ၂၀၁၅ ခုနှစ်တွင် ရေပန်းအလှ ခုနစ်ခု စုစုပေါင်း ရေပန်းအလှ ၂၂ ခု တပ်ဆင်ထားသည်။

"ရေပန်းတွေဟာ လေမရရှိတဲ့ အောက်ခြေကနေ ရေတွေကို ဝှေ့ယမ်းစုပ်ယူပြီး ရေမျက်နှာပြင်အပေါ်သို့ ပန်းထွက်စေတဲ့အခါ လေနဲ့ရေထိတွေ့မှုများစွာရရှိလို့ ကန်ရေပြင်အတွင်း အောက်ဆီဂျင်ပမာဏများစွာရရှိစေပါတယ်။ ညပိုင်းမှာ အောက်ဆီဂျင်လျော့နည်းမှု၊ ပြတ်လပ်မှုမျိုးမဖြစ်စေဖို့ ရေပန်းတွေကို နေ့ရောညပါ ဖွင့်ပေးထားပါတယ်။ ရေပန်းတွေမှာ အလင်းရောင်မီးအလှတွေ တပ်ဆင်ထားပြီး ညပိုင်းမှာ အလှအပရောင်စုံတွေနဲ့ လှပစေတဲ့အပြင် သန့်စင်မှုကို နေ့ညမပြတ်ဆောင်ရွက်နေလို့ ရေကြည်လင်သန့်ရှင်းမှု ပိုမိုရရှိစေပါတယ်။

ကန်တော်ကြီး ကန်ရေပြင်နဲ့ ဆက်စပ်တည်ရှိတဲ့ စားသောက်ဆိုင်တွေမှာ ဆိုင်တစ်ဆိုင်ချင်းအလိုက် အသေးစားရေဆိုးသန့်စင်စနစ်တွေ ဆောက်လုပ်တပ်ဆင်ကာ သန့်စင်ပြီးရေကိုသာ ကန်အတွင်းစွန့်ထုတ်ခွင့်ပြုခဲ့ပါတယ်။ ဒ့ါအပြင် စွန့်ပစ်ရေဆိုးတွေကို ရှစ်လက်မရေဆိုးစုပိုက်တွေ သွယ်တန်းပြီး ရေဆိုးစုကန်ကြီးတစ်ကန်မှာ စုဆောင်းကာ ထိုကန်မှတစ်ဆင့် ရေဆိုးတွေကို ရေပုပ်စုပ်ကားတွေနဲ့ ပြင်ပသို့ စွန့်ပစ်စေပါတယ်"ဟု ထပ်မံပြောပြသည်။

ဆောက်လုပ်တပ်ဆင်ထားသော ရေဆိုးသန့်စင်မှုစနစ်တွင် အဆီနှင့် အစိုင်အခဲများကို ဖယ်ရှားခြင်း၊ အနည်ထိုင်စေခြင်း၊ အထက်သို့ စီးဆင်းစေ၍ စစ်ထုတ်ခြင်း၊ ပိုးသတ်ခြင်းစသည့် သန့်စင်မှုအဆင့်များ ပါဝင်သည်ဟု သိရသည်။

ဤသို့ ကန်တော်ကြီးကန်၏ ရေပြင်သန့်ရှင်းကြည်လင်ရေးအတွက် ဆောင်ရွက်ပြုပြင်ထိန်းသိမ်းမှုကြောင့် လက်ရှိအခြေအနေတွင် ရလဒ်ကောင်းများရရှိနေသော်လည်း ကန်တော်ကြီးကန် ထာဝရသန့်ရှင်းကြည်လင် သာယာလှပစေရန်အတွက် ကန်ပတ်ဝန်းကျင်ရှိဆိုင်ခန်းများ အထူးသဖြင့် ကန်ရေစပ်တစ်လျှောက် တည်ဆောက်ထားသော စားသောက်ဆိုင်များသည် ကန်၏ သန့်ရှင်းသာယာမှုကို ထိခိုက်သဖြင့် တတ်နိုင်သမျှ လျှော့ချ၍ ပတ်ဝန်းကျင်ဂေဟစနစ်နှင့် သဟဇာတဖြစ်စေပြီး မြို့နေလူထုအတွက် စိတ်လက်အေးချမ်းသာယာစွာ အနားယူနိုင်သည့် ပတ်ဝန်းကျင်ဖြစ်စေရန် ဖန်တီးစီမံဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထို့ပြင် ကန်ရေသန့်ရှင်းကြည်လင်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ဂေဟစနစ်အား အနှောင့်အယှက်မဖြစ်စေဘဲ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေသည့် နည်းစနစ်များကိုသာ စနစ်တကျရွေးချယ် အသုံးပြုဆောင်ရွက်ရပေမည်။

ကန်တော်ကြီးကန်သည် ရန်ကုန်မြို့တော်၏ အဆင့်အတန်းကိုသာမက နိုင်ငံတော်၏အဆင့်အတန်းကိုပါ ထင်ဟပ်စေသည့် ပုံရိပ်တစ်ခုဖြစ်ပြီး ရန်ကုန်မြို့၏ အလယ်ဗဟိုရှိ စိမ်းလန်းဧရိယာ သဘာဝဥယျာဉ်ကြီးတစ်ခုအဖြစ်လည်းကောင်း၊ မြို့တော်နေ ပြည်သူပြည်သားများအတွက် အပန်းဖြေအနားယူစရာ နေရာကောင်းတစ်ခုအဖြစ်လည်းကောင်း၊ နိုင်ငံခြားသားများအား စွဲဆောင်နိုင်သည့်နေရာတစ်ခုအဖြစ်လည်းကောင်း၊ ဂုဏ်ကျက်သရေရှိစွာ ရပ်တည်လျက်ရှိပေရာ ကန်ရေပြင်သန့်ရှင်းကြည်လင်ရေးနှင့် ကန်ဧရိယာစိမ်းလန်းစိုပြည်ရေးအတွက် ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် လေ့လာလုပ်ဆောင်ရမည်ဖြစ်သလို ရန်ကုန်မြို့တော်၏ သဘာဝအလှတရားတစ်ခုကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်သာဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။



## တောင်သာမြို့နယ် ရေပြတ်လပ်နေသောကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေပေး

**တောင်သာ ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် သပွတ်ပင်တဲအုပ်စု သီးပင်ကုန်းကျေးရွာတွင် သောက်သုံးရေပြတ်လပ်နေကြောင်း အကူအညီတောင်းခံလာမှုအပေါ် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၂ ရက်တွင် ရေဂါလန် ၁၈၀၀ ဆံ့ ရေကားတစ်စီး၊ လီတာ ၂၀ ပါ ရေသန့်ဘူးကြီး သောက်ရေသန့်ဘူး ၁၀၀ သွားရောက်ဖြန့်ဝေပေးခဲ့သည်။

သီးပင်ကုန်းကျေးရွာမှာ မြေသားရေကန်တူးဖော်ထားသော်လည်း ယမန်နှစ်မိုးရာသီတွင် မိုးရေမရရှိသောကြောင့် ရေပြတ်လပ်ရခြင်းဖြစ်ကြောင်းနှင့် လက်ရှိသောက်သုံးရေအား ရွာနှင့် နှစ်မိုင်ခန့်ကွာဝေးသော ရတနာမြိုင်ကျေးရွာမှ သယ်ယူသုံးစွဲလျက်ရှိပါကြောင်း ကျေးရွာပြည်သူများက တင်ပြမှုအပေါ် မြို့နယ်ဦးစီးက သောက်သုံးရေအား စနစ်တကျချွေတာသုံးစွဲကြရန် မှာကြားပြီး မြေအောက်ရေတူးဖော်ပေးနိုင်မည့် အခြေအနေအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

တောင်သာမြို့နယ်မှ နွေရာသီရေပြတ်လပ်နိုင်သော ကျေးရွာများသို့ ရေပေးဝေနိုင်မည့် အစီအစဉ်အား စီမံချက်ရေးဆွဲပြီး တင်ပြဆောင်ရွက်ထားရှိကြောင်း သိရသည်။

**(ကြေးမုံ)**

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

# ဆိုက်ဘာစစ်ဆင်ရေးစာအုပ်ဖြန့်ချိ




ဒေါက်တာမျိုးသန့်ပြုစုရေးသားသည့် ဆိုက်ဘာစစ်ဆင်ရေးမဟာဗျူဟာများ၊ နည်းလမ်းများနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းပညာတည်ဆောက်မှုပုံစံများစာအုပ်ကို မြဝတီစာပေတိုက်မှ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် ဆိုက်ဘာစစ်ဆင်ရေးသည် နိုင်ငံတိုင်း၊ တပ်မတော်တိုင်းအတွက် နိုင်ငံတကာမှ အလေးထားစဉ်းစားနေသည့် စစ်ဆင်ရေးတစ်ခုဖြစ်သည်။ မမြင်ရသောလက်နက် (Virtual Weapon) ဖြစ်သည့် ဆိုက်ဘာလက်နက်သည် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးဆိုင်ရာများ၏ ပစ်မှတ်များအား ဦးတည်တိုက်ခိုက်လာနိုင်သည်။ ဆိုက်ဘာစစ်ဆင်ရေးအား သီးခြားစစ်ဆင်ရေးအမည်ဖြင့် ကြေညာတိုက်ခိုက်နေခြင်းမရှိသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ သတင်းအချက်အလက်ခိုးယူခံရမှုများ ရင်ဆိုင်နေရခြင်း၊ Website များတိုက်ခိုက်ခံနေရခြင်းများသည် ပကတိတွေ့မြင်နေရသော တိုက်ခိုက်မှုများပင်ဖြစ်သည်။

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ လယ်ယာစိုက်ပျိုးရေးခေတ်နှင့် စက်မှုခေတ်မှစ၍ သတင်းအချက်အလက် ခေတ်၊ အာကာသခေတ်နှင့် ဒစ်ဂျစ်တယ်ခေတ်များအဖြစ် ပြောင်းလဲလာနေသည်ဖြစ်ရာ တိုးတက်မှုများနှင့်အတူ နည်းပညာများအပေါ် အခွင့်ကောင်းယူ၍ ပြောင်းလဲနေသော ဖြစ်စဉ်များနှင့်အတူ နည်းပညာယှဉ်ပြိုင်မှုအရ နည်းလမ်းမျိုးစုံဖြင့် အသုံးပြုဆောင်ရွက်နေကြသည်။

ဆိုက်ဘာစစ်ဆင်ရေးသည်ပင်လျှင် ဒစ်ဂျစ်တယ်ခေတ်၏ မှတ်တိုင်တစ်ခုအဖြစ် ဝင်ရောက်နေရာယူလာသည်ဖြစ်ရာ ယင်းအတွက်စာဖတ်သူများအနေဖြင့် လိုအပ်သောဆိုက်ဘာနည်းပညာဆိုင်ရာ ဗဟုသုတများအား ဤစာအုပ်တွင်ဘက်ပေါင်းစုံမှ ပြင်ဆင်ရေးသားထားရှိသည်။ စာရေးသူ၏ဆိုက်ဘာဆိုင်ရာဖော်ပြချက်များသည် နည်းပညာတိုးတက်လာမှုနှင့်အတူ ပြောင်းလဲလာသော ဆိုက်ဘာနည်းစနစ်များ၊ တိုက်ခိုက်မှုပုံစံများ၊ ကာကွယ်မှုနယ်ပယ်များ၊ မဟာဗျူဟာဆိုင်ရာအချက်အလက်များ ပေါင်းစပ်ပါဝင်နေသည်ဖြစ်ရာ စာဖတ်သူအတွက် အကျိုးရှိမည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။

# ၂၀၁၆ AFC Cup ပြိုင်ပွဲ ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်အသင်းနှင့်ဧရာဝတီအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၆ *AFC Cup* ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

*AFC Cup* ပြိုင်ပွဲကို ၃၂ သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း ရှစ်အုပ်စုခွဲကာ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ ရန်ကုန်အသင်းမှာ အုပ်စု *(G)* တွင် တောင်တရုတ် (ဟောင်ကောင်)၊ မိုဟမ်ဘေဂန်(အိန္ဒိယ)၊ မာဇီယာ(မော်လ်ဒိုက်)၊ ဧရာဝတီအသင်းမှာ ဂျိုဟိုဒါရူးလ်(မလေးရှား)၊ ဘင်ဂါလူရူး (အိန္ဒိယ)၊ လာအိုတိုယိုတာ(လာအို)တို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ ရန်ကုန်အသင်းနှင့် ဧရာဝတီအသင်းတို့မှာ ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် အိမ်ကွင်းပွဲစဉ်များ လက်ခံကျင်းပလျက်ရှိသော်လည်း ယခုပြိုင်ပွဲတွင် သုဝဏ္ဏကွင်းကိုသာ အသုံးပြုသွားမည်ဖြစ်သည်။ ယင်းနှစ်သင်းစလုံးမှာ ပွဲဦးထွက်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရန်ကုန်အသင်းမှာ အိမ်ကွင်းဖြစ်သည့် သုဝဏ္ဏကွင်း၌ ဟောင်ကောင်ကလပ် တောင်တရုတ်အသင်းနှင့်လည်းကောင်း၊ ဧရာဝတီအသင်းမှာ မလေးရှားကလပ် ဂျိုဟိုဒါရူးလ်အသင်းနှင့် မလေးရှားနိုင်ငံတွင်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဂျိုဟိုဒါရူးလ်အသင်းသည် ပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းဖြစ်ပြီး ယင်းအုပ်စုတွင် အင်အားအတောင့်တင်းဆုံးဖြစ်သည်။

ဧရာဝတီအသင်းမှာ ယခုရာသီအစတွင် ရလဒ်များဆိုးရွားခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များ၌ ရလဒ်များပြန်ကောင်းလာကာ လေးပွဲဆက်အနိုင်ရထားသည်။ နည်းပြချုပ် ဦးကျော်လွင်၊ နည်းစနစ်ဒါရိုက်တာ ဦးမျိုးဝင်းတို့၏ ပြည်တွင်းနည်းပြများလက်အောက်တွင် တိုးတက်မှုရှိလာခဲ့ပြီး ရှုံး/ထွက်အဆင့် တက်ရောက်ရန် မျှော်မှန်းထားကြောင်း သိရသည်။ ဧရာဝတီအသင်းသည် ဂျိုဟိုဒါရူးလ်အသင်းနှင့်ယှဉ်ပြိုင်ရန် ဖေဖော်ဝါရီ ၂၂ ရက်နံနက်ပိုင်းက မလေးရှားနိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။

ရန်ကုန်အသင်းမှာ ယခုရာသီတွင် အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း အကြိုခြေစစ် ဒုတိယအဆင့်တွင် ထိုင်းပရီမီယာလိဂ်ကလပ် ချောင်ဘူရီအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် AFC Cup ပြိုင်ပွဲတွင် ပြန်လည်ကစားရခြင်းဖြစ်သည်။ သို့သော် ယင်းပွဲတွင် အနီကတ်ဖြင့် ထုတ်ပယ်ခံရသည့် ဇော်မင်းထွန်းနှင့် သန်းထက်အောင်တို့မှာ ပွဲပယ်ခံထားရသောကြောင့် တောင်တရုတ်နှင့်ပွဲတွင် ပါဝင်နိုင်မည်မဟုတ်ပေ။ မြန်မာ ကလပ်အသင်းများမှာ *AFC Cup* ပြိုင်ပွဲကို ၂၀၁၂ ခုနှစ်ကတည်းက ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

# အယ်လ်နီညိုရာသီဥတုကြောင့် နွေရာသီ ရေရှားပါးကျေးရွာများအား သောက်သုံးရေရရှိရေး လျှောက်ထားနိုင်ပါရန် နှိုးဆော်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံတွင်း ကျေးလက်ဒေသသောက်သုံးရေရရှိရေးအတွက် ပင်မဆောင်ရွက်ပေးသည့်ဌာန *(Focal Department)* ဖြစ်ပါသည်။ ယခုနှစ်မတ်လမှ မေလခန့်အထိ မြန်မာနိုင်ငံတစ်ဝန်း အယ်လ်နီညိုရာသီဥတု ကြုံတွေ့မည်ဖြစ်ပြီးပူပြင်းမှုကြောင့် ကျေးလက်ဒေသသောက်သုံးရေရှားပါးမှု ကြုံတွေ့နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စေတနာရှင် ပြည်သူများအနေဖြင့် ရေရှားပါးကျေးရွာများအား သောက်သုံးရေရရှိရေးထောက်ပံ့လှူဒါန်းနိုင်ပြီး လှူဒါန်းရာတွင် အောက်ပါလုပ်ငန်းများပါဝင်လှူဒါန်းနိုင်ပါသည်-

(က) ရေသယ်ပို့ယာဉ်(ရေကား ၊ မော်တော်ယာဉ်၊ စက်လှေ) ကူညီလှူဒါန်းခြင်း၊

(ခ) ရေသယ်ပို့ခြင်းကုန်ကျမည့် စက်သုံးဆီ(သို့) စက်သုံးဆီကုန်ကျစရိတ် လှူဒါန်းခြင်း၊

(ဂ) အလှူရှင်လှူဒါန်းငွေဖြင့် စက်ရေတွင်းများတူးဖော်နိုင်ရန် လှူဒါန်းခြင်း၊

သောက်သုံးရေရရှိရေးလှူဒါန်းခြင်းအား သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့်လည်း ဆက်သွယ်၍လှူဒါန်းနိုင်ပြီး စေတနာရှင်ပြည်သူများလှူဒါန်းမှုအပေါ် တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လိုအပ်သည်များဖြည့်စွက်၍ အလုံးစုံပေါင်းစပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စေတနာရှင်ပြည်သူအလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပြီး လိုအပ်ပါက နိုင်ငံတော်ထောက်ပံ့ငွေမှ ထည့်ဝင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ လှူဒါန်းလိုပါက အမြဲတမ်းအတွင်းဝန်(ပြည်ထောင်စုဝန်ကြီးရုံး)-ဖုန်း-၀၆၇-၄၀၈၀၄၆၊ ညွှန်ကြားရေးမှူးချုပ်(မွေး/ကု) ဖုန်း-၀၆၇-၄၀၈၀၅၆၊ ညွှန်ကြားရေးမှူးချုပ်(ငါးလုပ်ငန်း) ဖုန်း-၀၆၇-၄၀၈၁၇၈၊ ညွှန်ကြားရေးမှူးချုပ်(ကျေးလက်) ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယအမြဲတမ်းအတွင်းဝန် (ပြည်ထောင်စုဝန်ကြီးရုံး) ဖုန်း-၀၆၇-၄၀၈၀၅၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း) ဖုန်း-၀၆၇-၄၀၉၂၁၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံကိန်း) ဖုန်း-၀၆၇-၄၀၉၀၂၇၊ ဒုတိယအင်ဂျင်နီယာချုပ်(လုပ်ငန်း)ဖုန်း-၀၆၇-၄၀၉၃၅၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး) ဖုန်း-၀၆၇-၄၀၉၄၀၉၊ ညွှန်ကြားရေးမှူး(ရေပေးရေး) ဖုန်း-၀၆၇-၄၀၉၄၁၁။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

# သဘာဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပို့လွှတ်မှု လေးရက်လျှော့ချမည်ဖြစ်ကြောင်း ပြည်သူများအားအသိပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက ရတနာပလက်ဖောင်းနှင့်ပတ္တမြားပလက်ဖောင်းတို့၏ ပိုက်ဆက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်ကြာ ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ရပ်ဆိုင်းမည်ဖြစ်ပါ၍ ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှုရပ်ဆိုင်းထားမည်ဖြစ်သည်။

ထိုကဲ့သို့ ရတနာကမ်းလွန် ပလက်ဖောင်းမှ သဘာဝဓာတ်ငွေ့ ပို့လွှတ်မှု ရပ်ဆိုင်းထားစဉ်ကာလအတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် Gas Engine စက်ရုံများမှ ဓာတ်အားထုတ်လုပ်မှု ၂၅၀ မဂ္ဂါဝပ်ခန့် လျော့နည်းသွားမည်ဖြစ်ပါသဖြင့် အများပြည်သူ ဓာတ်အားသုံးစွဲမှု အများဆုံးအချိန်များတွင် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှု ထိန်းညှိလျှော့ချမည့် အစီအစဉ်ကို ပဲခူးတိုင်းဒေသကြီး(အရှေ့)တွင် ၂၃ မဂ္ဂါဝပ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)တွင် ၂၉ မဂ္ဂါဝပ်၊ ကရင်ပြည်နယ်တွင် ၆ မဂ္ဂါဝပ်၊ မွန်ပြည်နယ်တွင် ၂၅ မဂ္ဂါဝပ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၅ မဂ္ဂါဝပ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၄၂ မဂ္ဂါဝပ်ဖြင့် ဝန်အားလျှော့ချသုံးစွဲမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနက အသိပေးကြေညာထားသည်။

# မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးမူဝါဒဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မဇ္ဈိမမီဒီယာနှင့် Action Aid Myanmar တို့ ဦးစီးကျင်းပသော မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ (Policy Dialogue on Media Development in Myanmar)ကို ယမန်နေ့က ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

ယင်းဆွေးနွေးပွဲတွင် မြန်မာသတင်းမီဒီယာကောင်စီ၊ မဇ္ဈိမသတင်းဌာန၊ Action Aid Myanmar- မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံရုံး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့၊ ပေါင်းကူးဖောင်ဒေးရှင်း၊ နိုင်ငံတကာမီဒီယာအထောက်အပံ့(IMS)၊ မြန်မာဂျာနယ်လစ်အင်စတီကျူ၊ Internews မီဒီယာအဖွဲ့အစည်းများ၊ မီဒီယာသမားများ တက်ရောက်ကြပြီး မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**




**ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ် ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင်ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအေးမောင်သန်း လက်ခံယူစဉ်။ (ကြေးမုံ)**

# အမျိုးသားကာကွယ်ဆေး မြို့နယ်လုံးကျွတ် တိုက်ကျွေး

**ဖြူး ဖေဖော်ဝါရီ ၂၂**

၂၀၁၆ ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးရေး စီမံချက်အရ မွေးကင်းစမှ အသက် ငါးနှစ်အောက် ကလေးငယ်များအားလုံးကို ဖြူးမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးပြီး တိုက်ကျွေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်နံနက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမဒေါ်စန်းမာလာနှင့်အဖွဲ့က ဖြူးမြို့ ရုံးရပ်ကွက်အတွင်း မွေးကင်းစမှ ငါးနှစ်အောက်ကလေးငယ် ၉၀ ကျော်တို့အား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပြီးစီးကြောင်း သိရသည်။ **(ဖြူးမြင့်ဦး)**

# ထားဝယ်-ရေး ရထားဘီးချော်

**ထားဝယ် ဖေဖော်ဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့တွင် ထားဝယ်မှရေးသို့ ရထားစက်ခေါင်းမောင်း ဦးအောင်ကျော် မောင်းနှင်လာသော (၁၇၆) အစုန်ရထားသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီခန့်က ကလိန်အောင်မြို့နှမ်းကြဲကျေးရွာအုပ်စု သက်ကယ်ကျေးရွာနှင့် နှမ်းကြဲကျေးရွာအကြား မိုင်တိုင်အမှတ် ( ၃၄၂ / ၂၃-၂၄ )တွင် ရထားဘီးချော်မှုဖြစ်ပွားခဲ့သည်။

အဆိုပါရထားဘီးချော်မှုကြောင့် ရထားပေါ်ပါခရီးသည် ၄၀ မှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရပြီး ကလိန်အောင်ဘူတာရှိ တာဝန်ရှိသူများက ဘီးချော်နေသောရထားတွဲအား ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ရထားပေါ်ပါခရီးသည်များသည် ကားလမ်းအတိုင်း မိမိအစီအစဉ်ဖြင့် ဆက်လက်ထွက်ခွာသွားပြီး ရထားသည် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃ နာရီခန့်တွင် ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**



# ညောင်ချောင်းသာ ကမ်းခြေဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ညောင်တုန်း ဖေဖော်ဝါရီ ၂၂**

ယခုနှစ်များအတွင်း မြန်မာနိုင်ငံအနှံ့အပြားလူသိများ၍ ထင်ရှားသည့် ရေချိုးအပန်းဖြေကမ်းခြေ ညောင်ချောင်းသာဖွင့်ပွဲအခမ်းအနားကို လာမည့် ဖေဖော်ဝါရီ ၂၈ ရက် နံနက်တွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်မည်ဖြစ်သည်။

"ကျွန်တော်တို့ ညောင်ချောင်းသာ ကမ်းခြေဖြစ်မြောက်ရေးကော်မတီအနေနဲ့ ရောင်းချသူတွေအဆင်ပြေမှုရှိအောင် ပုံစံတူဆိုင်ခန်း ၄၁ ခန်း ဆောက်လုပ်ပေးထားပြီး ထိုက်သင့်တဲ့ စီမံမှုတွေလည်း ဆောင်ရွက်ပေးထားပါတယ်။ ကမ်းခြေကို လာရောက်လည်ပတ်သူတွေ အစစအရာရာအဆင်ပြေမှုရှိအောင် အုပ်ချုပ်ရေး၊ လုံခြုံရေးကဏ္ဍတွေနဲ့အတူ သန့်ရှင်းမှုရှိရေး၊ ကျန်းမာရေးနဲ့ညီညွတ်ရေး၊ လေကောင်းလေသန့်ရရှိရေး၊ သန့်ရှင်းသာယာလှပရေးနဲ့ တံတား အစရှိတဲ့ သွားလာရေးလွယ်ကူမှုတွေရှိအောင်ပါ အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ လာရောက်လည်ပတ်သူတွေသဘောကျကျေနပ်ပျော်ရွှင်မယ်လို့ ယုံကြည်ပါတယ်"ဟု ညောင်တုန်းမြို့ စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောသည်။

ယခုနှစ်ဖွင့်ပွဲနေ့တွင် ရိုးရာဆင်အက၊ ကရင်ဒုံးယိမ်းအကများအပါအဝင် စတိတ်ရှိုးနှင့် ဂီတမိတ်ဆွေလူငယ်အဖွဲ့များကလည်း နံနက် ၉ နာရီမှ ညနေ ၆နာရီအထိ ကဏ္ဍအလိုက် ကပြသီဆိုဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့က မိတ္ထီလာကလာတာပါ။ ဒီအချိန်ရောက်ရင် ညောင်ချောင်းသာက စည်ကားနေကျမို့ သတိရလို့လာဖြစ်တာပါ။ ဒီရောက်မှဖွင့်ပွဲက ဖေဖော်ဝါရီ ၂၈ ရက်ဆိုတာ သိရပါတယ်။ ဖွင့်ပွဲနေ့ကို တစ်ခေါက်ပြန်ရောက်နိုင်အောင်တော့ ကြိုးစားပါဦးမယ်။ ဒီကမ်းခြေမှာ ပျော်ပါတယ်။ ရှမ်းပြည်နယ်ရေပူစမ်းမှာ အပန်းဖြေရတဲ့ ခံစားမှုကတစ်မျိုး၊ ငွေဆောင်မှာ ပင်လယ်ပြင်နဲ့ ရေနက်ကမ်းခြေအပန်းဖြေရတဲ့ အရသာကတစ်မျိုး၊ အခုတစ်ခါ ညောင်ချောင်းသာ ရေချိုကမ်းခြေအပန်းဖြေရတဲ့ ပျော်ရွှင်မှုက တစ်မျိုး။ ဒေသတစ်ခုနဲ့တစ်ခု မတူကွဲပြားတဲ့ ရိုးရာဓလေ့၊ နေထိုင်စားသောက်မှုပုံစံလေးတွေ တွေ့ကြုံခံစားရတော့ ပျော်ရွှင်ကြည်နူးမှုအသစ်လေးတွေနဲ့ ဗဟုသုတအသစ်လေးတွေလည်း ရပါတယ်။ အလွန်လည်းပျော်ရွှင်ရပါတယ်"ဟု မိတ္ထီလာမြို့မှ မအိခိုင်ဇင်ဖြိုးနှင့် သူငယ်ချင်းများက ကမ်းခြေရေပြင်ကျယ်တွင် ရေကစားရင်း ဝမ်းပန်းတသာပြောသည်။

အဆိုပါ ညောင်ချောင်းသာအပန်းဖြေကမ်းခြေသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အတွင်းရှိ ဒေသတစ်ခုဖြစ်ပြီး ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်တို့ဆုံရာနေရာတွင် တည်ရှိသော ကမ်းခြေတစ်ခုဖြစ်ကြောင်း သိရသည်။

**သပြေထွန်း၊ ဝင်းမြင့်ကျော်(ညောင်တုန်း)**

# သုဝဏ္ဏသာမဇာတ်တော်ကြီးနှင့် ယဉ်ကျေးမှုပဒေသာကပွဲ မန္တလေးအမျိုးသားဇာတ်ရုံတွင် အခမဲ့ဖျော်ဖြေ

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များတိုးတက်ပြန့်ပွားစေရန်နှင့် အများပြည်သူ အပန်းဖြေကြည့်ရှုနိုင်ရန်ရည်ရွယ်ချက်ဖြင့် ယဉ်ကျေးမှုပဒေသာကပွဲနှင့် ဇာတ်တော်ကြီးဆယ်ဘွဲ့လာ သုဝဏ္ဏသာမဇာတ်တော်ကြီးဖျော်ဖြေတင်ဆက်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် ည ၇ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၆)လမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပခဲ့သည်။

ယဉ်ကျေးမှုပဒေသာကပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အောင်ခြင်းရှစ်ပါး၊ ပွဲဦးလက်ာယိမ်းအက၊ ကောက်စိုက်ယိမ်းအက၊ ဆွမ်းတော်ဗျို့၊ မင်းသားလတ်ယိမ်းအက၊ နတ်တို့ပျော်ရာ ဝတီသာယိမ်းအကများဖြင့် လည်းကောင်း၊ ရွှေတံဆိပ်ဆုရှင် မင်းသားတက္ကသိုလ်အားမာန်၊ ဇေယျာလင်း၊ သိန်းထွန်းဦး၊ မင်းသမီးဆောင်းနှင်းဝေဝေတို့က ရွှေတံဆိပ်ဆုရှင် ရွာစားစိန်လှငွေနှင့်တွဲဖက်၍ သုဝဏ္ဏသာမဇာတ်တော်ကြီးကို မြန်မာ့ရိုးရာအမွေအနှစ် အနှစ်သာရရှိစွာဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖျော်ဖြေပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် အစိုးရအဖွဲ့ဝင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ၊ အနုပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီးအဆင့်ဌာန ဆိုင်ရာများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ကျောင်းသား ကျောင်းသူများ၊ အနုပညာဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။ **သီဟကိုကို(မန္တလေး)**

# မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**ညောင်တုန်း ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်ခဲ့သည့် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၉ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးဖိုးလစ်သောင်းရွှေက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၏ ဂုဏ်ပြုမှတ်တမ်းလွှာကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲကော်မရှင်ဥက္ကဋ္ဌက မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးညွန့်ဝင်း(လက်ထောက်ညွှန်ကြားရေးမှူး-မြို့နယ်စည်ပင်သာယာရေးအဖွဲ့)အား လည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးကျော်ဝင်းထက်(ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး)က မြို့နယ်ပညာရေးမှူး ဒေါ်ချိုချို(လက်ထောက်ညွှန်ကြားရေးမှူး)အား လည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးကျော်နိုင်က ညောင်တုန်းကျွန်းဒေသကိုယ်စားလှယ် အမှတ်(၃)ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်မောင်စိုးအားလည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံး ဦးစီးအရာရှိ ဒေါ်သန်းသန်းစိုးက စံကင်းကျွန်းဒေသကိုယ်စား ပါလှဲ့ကျေးရွာကော်မရှင်ဥက္ကဋ္ဌ ဦးစန်းကြည်အားလည်းကောင်း အသီးသီးဂုဏ်ပြု မှတ်တမ်းလွှာများကို ပေးအပ်ပြီး ညောင်တုန်းကျွန်းနှင့် စံကင်းကျွန်းဒေသကိုယ်စား ကျွန်းဦးကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဟန်ညွန့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။

**(၀၇၆)**

## သတင်းတိုများ

### မင်းကင်းမြို့နယ်အတွင်း ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ပြီးစီး

**မင်းကင်း ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ယုံသာ-အညာလယ်-မောက္ကတော်ကျေးရွာချင်းဆက် မြေသားလမ်းအရှည် ၁၆ မိုင်၊ အကျယ် ၁၈ ပေ ဖောက်လုပ်ခြင်းလုပ်ငန်းမှာ ဖေဖော်ဝါရီ ၁၈ ရက်က ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းဖောက်လုပ်ပေးခြင်းကြောင့် လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာပေါင်း ၁၃ ရွာ၊ အိမ်ထောင်စုပေါင်း ၁၁၅၃ စုအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေသားလမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၄၀ ဒသမ ၁၆ သန်း ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**(ချင်းတွင်းသား)**

---

### မဲရုံမှူး၊ ဒု-မဲရုံမှူးနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**မြောက်ဦး ဖေဖော်ဝါရီ ၂၂**

မြောက်ဦးမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် မဲရုံမှူး၊ ဒု-မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီတွင် မြောက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်မှ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဦးရွှေသန်းက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဦးရွှေသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သောင်း၊ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးရွှေကျော်ဦးနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးထွန်းနေအောင်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြောင်းသိရသည်။

**(ခရိုင်ပြန်/ဆက်)**

---

### မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ

**ဥတ္တရသီရိ ဖေဖော်ဝါရီ ၂၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေသဇင်ဈေး၌ ယနေ့ နံနက် ၈ နာရီက ဥတ္တရခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးလှိုင်ဝင်းအောင်နှင့်အဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲ၊ လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြပွဲများပြုလုပ်ရာ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ရွှေသဇင်ဈေး၊ တောင်ဇလပ်ဈေးနှင့် ဇီဇဝါဈေးတို့မှ ဈေးသူ ဈေးသားများက လက်တွေ့မီးငြိမ်းသတ်မှုများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ရွှေရဲရင့်)**

---

### အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ပညာပေး ကာတွန်းပြပွဲ ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုခံ/ကျနှင့်ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်ရုံးနှင့် MARIE STOPES INTERNATIONAL MYANMAR တို့ ပူးပေါင်း၍မန္တလေးမြို့ကာတွန်းဆရာများ၏ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ပညာပေး ကာတွန်းပြပွဲကို အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေ ကုသိုလ်တော်ပန်းချီပြခန်းတွင် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(မောင်ပြည်သူ)**

ပြည်တွင်းရေးရာ

# ရောဝတီဘဏ်မှ ခရက်ဒစ်ကတ်များ မတ်လတွင်အသုံးပြုနိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ကြိုတင်သုံးစွဲနိုင်သော ငွေပမာဏပါရှိသည့် ခရက်ဒစ်ကတ်ကို လာမည့် မတ် ၁၄ ရက်တွင် ပြည်တွင်း၌ မည်သည့်ရောဝတီဘဏ်ခွဲတွင်မဆို ထုတ်ယူအသုံးပြုခွင့်ရနိုင်ပြီဟု ရောဝတီဘဏ်(ရုံးချုပ်)မှ သိရသည်။

နိုင်ငံတကာတွင် Secured အာမခံထားရှိရမည့်ကတ်နှင့် Unsecured အာမခံငွေထားရှိရန် မလိုအပ်သည့် ကတ်ဟူ၍ ခရက်ဒစ်ကတ်အမျိုးအစားနှစ်မျိုးဖြင့် တွင်ကျယ်စွာအသုံးပြုလျက်ရှိရာ ယခု ရောဝတီဘဏ်မှ ထုတ်လုပ်သည့် ကတ်သည် အာမခံငွေသွင်းထားရန်မလိုသည့် ကတ်အမျိုးအစားဖြစ်သည်။ သို့သော်လည်း သက်ဆိုင်ရာဘဏ်၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သုံးစွဲသူ၏ နောက်ခံသမိုင်း၊ ငွေကြေးခိုင်မာမှု၊ အာမခံမည့်သူ၏ ဝင်ငွေရရှိမှုအခြေအနေ အစရှိသည့် အချက်အလက်များအပေါ် မူတည်ပြီးမှ ကြိုတင်သုံးစွဲနိုင်မည့် ငွေပမာဏကို သတ်မှတ်ပေးသွားမည်ဟု သိရသည်။

"ကတ်ကို ထုတ်ယူပြီးရင် သုံးစွဲသူကို ကျွန်တော်တို့ဘက်က လတစ်လရဲ့ နောက်ဆုံးအပတ်ဆို ငွေတောင်းခံစာပို့ပေးပါတယ်။ အဲဒီငွေတောင်းစာမှာ နောက်လဘယ်နေ့မှာ နောက်ဆုံးပေးရမယ်ဆိုတာ ပါပါတယ်။ ဥပမာ ဇန်နဝါရီ ၁ ရက်မှာ ကတ်ကိုအသုံးပြုခဲ့မယ်ဆိုရင် ဇန်နဝါရီလကုန်မှာ ငွေတောင်းခံစာ ပို့ပေးမယ်။ နောက်ဆုံး ဖေဖော်ဝါရီ ၂၀ ရက်မှာ ငွေပြန်သွင်းပေးရပါမယ်။ အဲဒီရက် မတိုင်ခင်




ဖေဖော်ဝါရီ ၁၉ ရက်မှာ ငွေအားလုံးပြန်သွင်းခဲ့မယ်ဆိုရင် ဘဏ်က အတိုးလုံးဝမယူပါဘူး။ ဒါမှမဟုတ် အားလုံးပြန်မဆပ်နိုင်ရင် သုံးစွဲခဲ့တဲ့ငွေကြေးရဲ့ ၁၀ ရာခိုင်နှုန်း ဒါမှမဟုတ် အနည်းဆုံးငွေကို ပေးသွင်းရင်ရပါတယ်။ ဒါပေမယ့် လစဉ် ကျန်တဲ့ငွေအပေါ်မှာ အတိုးနှုန်း ၁ ဒသမ ဝ၈ ရာခိုင်နှုန်းကို ပေါင်းပြီးကောက်ခံသွားမယ်။ အနည်းဆုံးပေးရမယ့်ငွေကို မပေးနိုင်ခဲ့ဘူးဆိုရင်တော့ ပေးသွင်းရမယ့် လက်ကျန်ငွေရယ်၊ နောက်ကျကြေး ၂ ရာခိုင်နှုန်းနဲ့အတူ အဲဒီငွေပေါ်မှာ ပေးရမယ့်အတိုးနှုန်းကိုပါ သုံးစွဲသူကပေးဆောင်သွားရမှာဖြစ်ပါတယ်"ဟု ရောဝတီဘဏ် ကတ်ဌာနမှ အကြီးတန်းအထွေထွေမန်နေဂျာ ဦးသူရမောင်က ပြောသည်။

အဆိုပါကတ်ဖြင့် ရန်ကုန်၊ မန္တလေးရှိ ဟိုတယ် ၁၀၀ ကျော်၊ စားသောက်ဆိုင် ၁၃၀ ခန့်၊ စိန်ရွှေရတနာဆိုင် ၅၀ ကျော်၊ ခရီးသွားလုပ်ငန်း ၃၀ ကျော်၊ ပုဂ္ဂလိကဆေးရုံ ၁၀ ရုံတို့အပြင် မိုဘိုင်းဖုန်းအရောင်းဆိုင်များ၊ ဈေးဝယ်စင်တာကြီးများ၊ အီလက်ထရောနစ်အရောင်းဆိုင်များ၊ မော်တော်ကားနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင် ငါးရာကျော်တို့တွင် ခရက်ဒစ်ကတ်ဖြင့် ကြိုတင်ဝယ်ယူငွေပေးချေနိုင်သည်ဟု သိရသည်။

"ဒီကတ်နဲ့ ဝယ်မယ်ဆိုရင် ရောဝတီဘဏ်နဲ့ ချိတ်ဆက်ထားတဲ့ အချို့သောဆိုင်ခန်းတွေမှာ ၅ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းအထိ လျှော့ဈေးနဲ့ဝယ်ယူနိုင်မယ့် အခွင့်အရေးတွေရရှိမှာပါ။ ပြီးတော့ ၂၀၁၇ ခုနှစ်ဆိုရင် ငွေသားကိုပါ ကြိုတင်ထုတ်ယူသုံးစွဲသွားနိုင်ဖို့ ဆောင်ရွက်ထားပြီးပါပြီ။ ပြီးတော့ ဒီကတ်ကို ပြည်တွင်းမှာသာမက ပြည်ပအထိပါ ပြည်သူတွေ သုံးစွဲနိုင်အောင် ဆက်လက်ဆောင်ရွက်သွားမှာပါ"ဟု မန်နေဂျာ ဦးသူရမောင်က ဆက်ပြောသည်။

အဆိုပါကတ်ကို အသက် ၂၁ နှစ်ပြည့်ပြီး ဝင်ငွေပြနိုင်သည့် အမြဲတမ်းနေထိုင်ခွင့်ရသူမည်သည့်နိုင်ငံသားတိုင်းမဆို လျှောက်ထားနိုင်သည်။ လျှောက်ထားရာတွင် ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်မိတ္တူနှင့် ဓာတ်ပုံ နှစ်ပုံတို့ လိုအပ်သည်။

လျှောက်ထားလိုသူသည် လခစားဝန်ထမ်းဖြစ်ပါက ပြီးခဲ့သည့် သုံးလက လစာငွေဖြတ်ပိုင်း၊ ဝန်ထမ်းဖြစ်ကြောင်း(သို့)အလုပ်ခန့်စာ၊ ဘဏ်စာရင်းရှင်းတမ်း(ရောဝတီဘဏ်တွင် ဘဏ်စာရင်းဖွင့်ပြီးကာလ သုံးလရှိက မလိုပါ)၊ ထောက်ခံသူနှစ်ဦး၏ မှတ်ပုံတင်မိတ္တူ စသည်တို့ လိုအပ်သည်။

ကိုယ်ပိုင်လုပ်ငန်းရှင်ဖြစ်ပါက လုပ်ငန်းလိုင်စင်၊ လုပ်ငန်းအရှုံးအမြတ်စာရင်း၊ အခြားဝင်ငွေ အထောက်အထား၊ ဘဏ်စာရင်းရှင်းတမ်း၊ အတိုးအမြတ်ငွေ၊ ထောက်ခံသူနှစ်ဦး၏ မှတ်ပုံတင်မိတ္တူ စသည်တို့ လိုအပ်သည်။ ထို့ပြင် လျှောက်ထားလိုသူသည် အငြိမ်းစားဝန်ထမ်းဖြစ်ပါက ပိုင်ဆိုင်မှုအထောက်အထားပြ စာရွက်စာတမ်းများ၊ အခြားဝင်ငွေအထောက်အထားများ၊ ပင်စင်စာအုပ်နှင့် ထောက်ခံသူနှစ်ဦး၏ မှတ်ပုံတင်မိတ္တူ စသည်တို့ လိုအပ်ကြောင်း သိရသည်။

"ဘဏ်တွေ တော်တော်များများက ခရက်ဒစ်ကတ်ကို လွယ်လွယ်နဲ့ ထုတ်မပေးတတ်ကြပါဘူး။ အနည်းဆုံးတော့ သူတို့ဘဏ်မှာ ဘဏ်အကောင့် တစ်ခုရှိရမယ်။ ပြီးရင် ကိုယ့်မှာ ပုံမှန်ဝင်ငွေရှိနေရမယ်။ ဘဏ်ကနေ ကိုယ့်ကို ငွေပမာဏအတိုင်းအတာတစ်ခုထိ ချေးပေးပြီဆိုရင် ကိုယ်က အဲဒီပမာဏကို ထုတ်ယူသုံးစွဲနိုင်မယ်။ ကတ်ကို သုံးပြီးတော့ ပစ္စည်းတွေဝယ်နိုင်တယ်။ ဒါပေမယ့် ကိုယ်က သုံးပြီးပြီဆိုရင်လည်း အဲဒီချေးငွေအတွက် ဘဏ်ကို ပြန်ဆပ်ရတယ်။ ချေးငွေကို အကုန်ပြန်ပြီး မဆပ်နိုင်ရင်တောင် တစ်လကို ဘယ်လောက် ပြန်ဆပ်ပါဆိုတဲ့ ပမာဏ အနည်းငယ်ကို ဘဏ်က အကြောင်းကြားပေးတယ်။ အဲဒီပိုက်ဆံကို ပြန်သွင်းပေးရမယ်။ အဲဒါတွေအပြင် ကိုယ်ထုတ်ပြီးသုံးစွဲလိုက်တဲ့ ချေးငွေကို အကုန်မဆပ်နိုင်ခင်ထိ ဘဏ်ကို အတိုးပေးရမယ်။ ပုံမှန် တစ်လတစ်ခါ ပြန်ဆပ်ရင်တော့ ကိုယ့်အတွက် အကျိုးကျေးဇူး အလွန်များတယ်။ မဆပ်နိုင်ဘူးဆိုရင်တော့ အတိုးနှုန်းတွေပိသည်ထက် ပိလာနိုင်တာမို့ ပြန်ဆပ်ဖို့ သတိတော့မမေ့ကြဖို့ တိုက်တွန်းချင်ပါတယ်"ဟု ပြည်ပတွင် ခရက်ဒစ်ကတ်သုံးစွဲခဲ့သူတစ်ဦးက ပြောသည်။

ခရက်ဒစ်ကတ်ကို မြန်မာနိုင်ငံတွင် ၁၉၉၇ ခုနှစ်ဝန်းကျင်လောက်က ပြည်တွင်းဘဏ်များမှ လုပ်ကိုင်ခဲ့ဖူးပြီး ၂၀၀၃ ခုနှစ်အတွင်းတွင် ဘဏ်လုပ်ငန်းများ အကျပ်အတည်းဖြစ်ပေါ်မှုကြောင့် အဆိုပါစနစ်လည်း ရပ်ဆိုင်းခဲ့ရသည်။ ထို့နောက် ၂၀၁၅ ခုနှစ် မေလ ၈ ရက်တွင် ခရက်ဒစ်ကတ်ကို ပြည်တွင်းဘဏ်များမှ ဆောင်ရွက်ပေးနိုင်စေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုပေးခဲ့သည်။

သတင်း - ခင်ဇာလီ

ဓာတ်ပုံ - သိမ့်ရွှေရည်

# လမ်းသစ်လမ်းလူကူးခုံးကျော်တံတားသစ်လှေကားခြေရင်း၌ လိုင်းကားများစည်းကမ်းမဲ့ရပ်နား၊ ခရီးသည်တင်၊ ချပြုလုပ်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ဖေဖော်ဝါရီ ၄ ရက်မှစ၍ အများပြည်သူဖြတ်သန်းသွားလာခွင့်ရရှိနေသော လမ်းသစ်လမ်း လူကူးခုံးကျော်တံတားသစ်၏ မဟာဗန္ဓုလလမ်းလိုင်းကားမှတ်တိုင်အနီးရှိ အတက်၊ အဆင်း လှေကားခြေရင်းတွင် လိုင်းကားများ စည်းကမ်းမဲ့ရပ်နား၍ ခရီးသည်စောင့်တင်နေခြင်း၊ ခရီးသည်များကို လိုင်းကားပေါ်သို့ စည်းကမ်းမဲ့အတင်၊ အချပြုလုပ်နေခြင်းများ နေ့စဉ်ကြုံတွေ့နေရဆဲဖြစ်သည်။

ရန်ကုန်မြို့တွင်း ခရီးသည်တင်မှတ်တိုင်များတွင် လိုင်းကားများအား သက်ဆိုင်ရာယာဉ်လိုင်းအဖွဲ့အစည်းများမှ ရပ်-ချ-တင်-ထွက် ကျင့်သုံးနေသည်ဟု သိရသော်လည်း ယင်းနေရာနှင့် မသက်ဆိုင်သကဲ့သို့ ဖြစ်နေသည့် သန်လျင်လိုင်းကားများ၊ ၃၉ ရိုးရိုးယာဉ်လိုင်းကြီးများ၊ အောင်သိဒ္ဓိယာဉ်လိုင်းများ၏ ခရီးစဉ်ဆုံး၍ ပြန်လည်စတင်ပြေးဆွဲသည့် ဂိတ်အစဖြစ်နေသည်။ ယင်းနေရာတွင် သက်ဆိုင်ရာ ယာဉ်လိုင်းများမှ တာဝန်ရှိသူများရှိသော်လည်း ယာဉ်များ စနစ်တကျပြေးဆွဲရန် လုပ်ဆောင်ပေးမှု အားနည်းနေသဖြင့် ယင်းနေရာတွင် ယာဉ်ကြောရှုပ်ထွေးမှုရှိပြီး ယာဉ်အန္တရာယ် အထူးစိုးရိမ်နေရသည်ဟု လိုင်းကားစီးခရီးသည်များက ဆိုသည်။

တစ်လမ်းမောင်း မဟာဗန္ဓုလလမ်း၏ အစပိုင်းဖြစ်သော လမ်းသစ်လမ်းဆုံနေရာတွင် လိုင်းကားများ ယာဉ်ကြောအပြည့် မောင်းနှင်မှုကြောင့် သက်ဆိုင်ရာမှ လမ်းလယ်တွင် လမ်းတားကပ်တုံးများ စီတန်းချထားမှု ရှိလာသည်။ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ယင်းနေရာမှ (၁၁) လမ်းထိပ်အထိ စီတန်းချထားပြီးသည်ကို မြင်တွေ့ရသည်။

သို့သော် ခရီးသည်စောင့်တင်နေသော သန်လျင်လိုင်းကားကြီးများ၊ ၅၇၊ ၃၉လိုင်းကားများဖြင့် ပန်းဆိုးတန်း(မဟာဗန္ဓုလလမ်း) မှတ်တိုင်ကဲ့သို့ လိုင်းကားယာဉ်ကြီးများ စီတန်းရပ်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ အသစ်ချထားသော လမ်းလယ်တုံးများ၏ တစ်ဖက်တစ်ချက်စီတွင် မောင်းနှင်ခြင်း၊ ခရီးသည်တင်၊ ချပြုလုပ်ခြင်းများရှိနေသည်ကို မြင်တွေ့နေရသည်။

ရန်ကုန်မြို့တွင်း နေရာအများအပြားတွင် ခရီးသည်အတင်၊ အချပြုလုပ်ရာတွင် လမ်းဘေးယာဉ်ကြောအစား လမ်းလယ်တွင်ပြုလုပ်နေကြရာ ဘေးအန္တရာယ်များပြားနေသည်ဟု ခရီးသည်များက ဆိုသည်။

သန်လျင်လိုင်းကား၊ ၃၉၊ ၅၇၊ အောင်သိဒ္ဓိယာဉ်လိုင်းများ၏ အစပြုရာ၊ ကွေ့ကား ခရီးစဉ်ဂိတ်သဖွယ်ဖြစ်နေသော ယင်းနေရာအစား ယာဉ်ရပ်နားမှုနည်းသော ယခင်လိုင်းကားဂိတ်များအဖြစ် အသုံးပြုခဲ့သည့် ဝါးတန်းနှင့် ရွာသစ်ချောင်းကြားရှိ ကမ်းနားလမ်းဟောင်း၏ ကမ်းနားပိုင်းတွင် ပြောင်းရွှေ့သတ်မှတ်ပေးစေလိုသည်ဟု ယင်းလမ်းသစ်လမ်းဆုံတွင် အလုပ်လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ယခုလပိုင်းတွင် လမ်းမတော်မြို့နယ်ရှိ မဟာဗန္ဓုလလမ်းလယ်တွင် လမ်းတားတုံးများ စီတန်းချထားရာ (၁၅)လမ်း၊ (၁၆)လမ်းထိပ်တို့တွင် အနေးယာဉ်၊ လက်တွန်းလှည်းများ ဖြတ်နိုင်ရန် တုံးများရွှေ့ထားသည်ကို မြင်တွေ့နေရသည်။

အနော်ရထာလမ်း (၁၅)လမ်းမှတ်တိုင်အစား လမ်းမတော်လမ်းဆုံတွင် လိုင်းကားများ အချိန်ပြည့် ခရီးသည်တင်၊ ချ ပြုလုပ်နေဆဲဖြစ်သည်။ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် သက်ဆိုင်ရာမှ အရေးယူနေသည်ကို မြင်တွေ့ရသော်လည်း အရေးယူသည့် မိနစ်အနည်းငယ်အတွင်းတွင်သာ မှတ်တိုင်အထိလာရောက်၍ ခရီးသည်တင်၊ ချပြုလုပ်သော်လည်း အရေးယူသူများ မရှိသည့်အခါ မူလအတိုင်း ပြန်လည်ပြီး လမ်းဆုံတွင်သာ ခရီးသည်တင်၊ ချပြုလုပ်နေသည်ကို မြင်တွေ့ရသည်ဟု အလုပ်လုပ်ကိုင်နေသူ မငြိမ်းငြိမ်းက ပြောသည်။

**(မောင်စေအောင်)**



# မုံရွာဒေသတွင် ဆိုဒီယမ်ဘိုင်ကာဗွန်နိတ်များသော မြေအောက်ရေဖြင့်စိုက်သည့် ဆားငန်ဒဏ်ခံစပါးမျိုးများ ရရှိရန် လေ့လာသုတေသနခြံ၌ စမ်းသပ်

**မုံရွာ ဖေဖော်ဝါရီ ၂၂**

ဆိုဒီယမ်ဘိုင်ကာဗွန်နိတ်များသော မြေအောက်ရေဖြင့်စိုက်ပျိုးသည့် မုံရွာဒေသကဲ့သို့ အပူပိုင်းရပ်ဝန်းဒေသများတွင် ဆားငန်ဒဏ်ခံနိုင်သော စပါးမျိုးများရရှိရန် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မုံရွာမြို့ ဇလုပ်သုတေသနခြံတွင် သုတေသနပြုဆောင်ရွက်ခဲ့ရာ ဆားငန်ဒဏ်အသင့်အတင့်ခံနိုင်ရည်ရှိသော စပါး ခုနစ်မျိုးကို တောင်သူအကွက်အထွက်ယှဉ်ပြိုင်ခြင်းစမ်းသပ်ကွက်တွင် ထည့်သွင်းဆောင်ရွက်ခဲ့ကြောင်း စပါးနှင့် နှံစားသီးနှံသုတေသနတာဝန်ခံထံမှ သိရသည်။

"မိုးစပါးစိုက်ပျိုးတဲ့ရာသီမှာ ပျိုးထောင်ချိန်ကစပြီး မှို့ကပ်ချိန်အထိ မိုးရွာတာအလွန်နည်းပြီး ဆိုဒီယမ်ဘိုင်ကာဗွန်နိတ်ပါဝင်မှု ၅၄၄ ဒသမ ၃၇ ppm များဟာ မြေအောက်ရေကိုသာ မှီခိုခဲ့ရပြီး ပန်းပွင့်ချိန်မှသာ မိုးရေအသင့်အတင့်ရတာပါ။ Vegetative Growth တစ်လျှောက်လုံး ဆားငန်ဒဏ်ခံခဲ့ရတဲ့အခြေအနေမှာ စံထားမျိုးထက် အထွက်ပိုတဲ့စပါးမျိုးတွေကို အသင့်အတင့် ဆားငန်ဒဏ်ခံနိုင်ရည်ရှိတဲ့မျိုးတွေလို့ သုံးသပ်ရပါတယ်"ဟု တာဝန်ခံက ပြောသည်။

ဆားငန်ဒဏ်ခံစပါးမျိုးများ စံပြစိုက်ပျိုးပြသရာ စံထားမျိုး Pokkali ထက် စမ်းသပ်မျိုးအားလုံးသည် အထွက်ပိုသောမျိုးများဖြစ်သည်ကို တွေ့ရပြီး စံထားမျိုးထက် အနည်းဆုံး ၅၇ ဒသမ ၇ တင်းနှင့် အများဆုံး ၈၆ ဒသမ ၂ တင်း သိသိသာသာအထွက်ပိုခဲ့ကြောင်း သိရသည်။ IR-10T-108 မျိုးသည် ကျန်စမ်းသပ်မျိုးများထက် အထွက်အများဆုံးဖြစ်သည်ကို တွေ့ရပြီး IR-66946-3R-149-1-1 မျိုးသည် ဒုတိယအများဆုံးမျိုးဖြစ်သည်ကို တွေ့ရကြောင်း သိရသည်။

စံထားမျိုးထက် အထွက်မြောက်မြားစွာပိုပြီး ဆားငန်သောမြေအောက်ရေနှင့် စိုက်ပျိုးရာ တင်း ၁၀၀ ထက် အထွက်ပိုသော စမ်းသပ် ခြောက်မျိုးကို စားသုံးမှုအဆင့်အတန်းစစ်ဆေး၍ ကောင်းမွန်လျှင် အကွက်ကျယ်ကျယ်ဖြင့် စမ်းသပ်စိုက်ပျိုးလျက် သိရှိလိုသောအချက်များကို မှတ်တမ်းပြုစု၍ ဆက်လက်စမ်းသပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# နွားထိုးကြီးမြို့နယ်၌ စိုက်ပျိုးရေပေးဝေရေနည်းနည်းဖြင့် စိုက်ပျိုးနိုင်ရန်ဆောင်ရွက်

**နွားထိုးကြီး ဖေဖော်ဝါရီ ၂၂။** ။ နွားထိုးကြီးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရေးအတွက် ထွန်ယက်နိုင်ရေးအတွက် ရေပေးဝေနေပြီဖြစ်ပြီး ဇီးတောဆည်ရေဖြင့် နွေစပါးဧက ၅၀၊ ပြောင်းပြာဆည်ရေဖြင့် နွေနှမ်းဧက ၁၅၀ နှင့် ခက်လန်းဆည်ရေဖြင့် မိုးကြိုဝါဧက ၂၅၀ စုစုပေါင်း ဧက ၄၅၀ ကို ယခုနွေရာသီတွင် ဆည်ရေ၊ ကန်ရေနှင့် စိုက်ပျိုးကြမည်ဖြစ်သည်။

ရေများများလိုသော စပါးသီးနှံကို လျှော့စိုက်ပြီး နှမ်းနှင့် ဝါသီးနှံများကို ဆည်ရေနည်းနည်းဖြင့် ပိုမိုစိုက်ပျိုးရန်စီစဉ်ထားကြောင်း သိရသည်။ **(ငွေးမြင့်မောင်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၃ - ၂ -၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၈း၄၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၉း၃၅ | ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (မြန်မာစာဘာသာရပ်) |
| ၁၀း၃၅ | သိပ္ပံနှင့်နည်းပညာအစီအစဉ် |
| ၁၁း၃၅ | သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ တပို့တွဲလပြည့် ဩဝါဒပါတိမောက်အခါတော်နေ့ တရားတော် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၈၉) |
| ၁း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၈) |
| ၁း၅၀ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၃း၃၅ | ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (အင်္ဂလိပ်စာဘာသာရပ်) |
| ၄း၃၅ | Football Magazine (ရောဝတီယူနိုက်တက်) |
| ၅း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၉) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၉၀) -Yes or No Talk Show (Love Marriage or Arranged Marriage) (Part-2) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -သံသာချိုအေးမင်္ဂလာတေး |
| ၆း၁၀ | "ပြည်သူ့နီတိ"ကိုယ်စီအသိစိတ်" |
| ၆း၃၀ | တေးဂီတအစီအစဉ် |
| ၆း၄၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၆၈) |
| ၇း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၁၄) |
| ၈း၃၅ | ဟိုးတုန်းက ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "ကားစီးပါသားရယ်" (ဘလိတ်၊ စောမြတ်နိုး၊ ရှိုင်းဝေအောင်၊ခိုင်သဇင်၊ မေဇင်ငြိမ်း) [ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)] |
| ၉း၁၅ | ပြည်ထောင်စုနေ့ညစာစားပွဲ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဖျော်ဖြေတင်ဆက်မှု အစီအစဉ် |
| ၁၀း၁၀ | မြန်မာဗီဒီယိုဇာတ်လမ်း "အိစီကလီပတ်ပျိုး" (နေမင်း၊ သင်ဇာဝင့်ကျော်) [ဒါရိုက်တာ-ဇော်မျိုး(ခရေပုံပြင်)] |
| ၁၂း၀၀ | အစီအစဉ်ပြီး၏။ |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+မေတ္တာသုတ် |
| ၅း၄၀ | "ချမ်းသာသုခနှင့် လူ့ဘဝ အခွင့်အရေး"တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ) |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၁၁း၁၅ | သွားမယ်စားမယ် (Wood Land) |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်"(အပိုင်း-၁၈) |
| ၁း၀၀ | "ချမ်းသာသုခနှင့် လူ့ဘဝ အခွင့်အရေး"တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းနှစ်မြွှာ" (အပိုင်း-၂၅) |
| ၂း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၁၁) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၁၂) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၂၆) |
| ၈း၁၅ | ရသစုံညွှန်းတမ်းများ |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၃၁) |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်"(အပိုင်း-၁၉) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၄၅ | မှတ်တမ်း |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၂၅ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၈း၃၅ | ခရီးလည်းသွားစကားလည်းဆို |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း |
| ၉း၀၀ | တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင် |
| ၄း၁၅ | အမျိုးသားရေးတေးကဗျာ |
| ၄း၂၀ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၄း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၀၀ | သာယာဉီကြွေးခေတ်ဆန်းတေး |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂန္ထဝင်မြောက်အမုန်း အပိုင်း(၁၀၀) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၀ | Let's Go |
| ၆း၃၅ | Dream Team |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်သက်တံများအပိုင်း(၃၁) မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း VOA အင်္ဂလိပ်စာသင်ခန်းစာ ဟာသရုပ်စုံ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဟိုတယ်ဘုရင် အပိုင်း(၁၂) |

## မြောက်အမေရိကမှာ ဝင်ငွေအကောင်းဆုံးဖြစ်နေဆဲ "Deadpool"



မင်းသားရှိုင်ယန်ရေးနိုးဒ် ခေါင်းဆောင်ပါဝင်ထားတဲ့ သိပ္ပံအက်ရှင် ရုပ်ရှင် "Deadpool"ဟာ မြောက်အမေရိကမှာ စတင်ရုံတင်ခဲ့တဲ့ ပထမသီတင်းပတ်အတွင်းက ဝင်ငွေအကောင်းဆုံးရခဲ့ပြီး ယခုဒုတိယသီတင်းပတ်အတွင်းမှာလည်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် နံပါတ်တစ်နေရာ၌ပင် ဆက်လက်ရပ်တည်နေကြောင်း Rentrak ရဲ့ တနင်္ဂနွေနေ့က ထုတ်ပြန်ခဲ့တဲ့ အချက်အလက်များအရ သိရှိရသည်ကို ယူပီအိုင်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယခု ဒုတိယသီတင်းပတ်အတွင်းမှာတော့ အဆိုပါရုပ်ရှင်အတွက် လက်မှတ်ရောင်းရငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၅၅ သန်း ရရှိခဲ့ပါတယ်။

နံပါတ်နှစ်နေရာမှာတော့ ရုပ်သံဖန်တီးမှုရုပ်ရှင်တစ်ခုဖြစ်တဲ့ "Kung Fu Panda 3"က ရပ်တည်နေပါတယ်။ ယင်းရုပ်ရှင်ကတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ သန်း ရရှိခဲ့ပါတယ်။ တတိယနေရာမှာတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈ သန်းရရှိခဲ့တဲ့ "Risen"က ရပ်တည်နေပါတယ်။ ဟောလိဝုဒ်ရဲ့ နာမည်ကျော်ရုပ်ရှင်တွေဖြစ်တဲ့ "Star Wars: The Force Awakens"က ယခုတစ်ပတ်မှာ ဝင်ငွေအကောင်းဆုံးရုပ်ရှင်တွေရဲ့ နံပါတ်ရှစ်နေရာကို ရောက်ရှိသွားပြီး လတ်တလောအထိ ရုပ်ရှင်ထူးချွန်ဆုများစွာသိမ်းပိုက်ထားကာ အကယ်ဒမီဆုပေးပွဲကြီးမှာလည်း ဆု ၁၂ ဆုအတွက် လျာထားခြင်းခံရတဲ့ မင်းသားလီယိုနာဒို ခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ရှင် " The Revenant"ဟာ နံပါတ်ကိုးနေရာကို ရောက်ရှိသွားခဲ့ပါတယ်။

"Deadpool"ကို မြန်မာနိုင်ငံမှာလည်း ပြီးခဲ့တဲ့သီတင်းပတ်အတွင်းကစတင်ပြီး ရုံတင်ပြသလျက်ရှိပါတယ်။ ယင်းရုပ်ရှင်ကို တရုတ်နိုင်ငံမှာ ပြသဖို့ရာ စီစဉ်ထားခဲ့ပေမယ့် ဆင်ဆာပြဿနာအချို့ရှိနေတာကြောင့် ရုံတင်ပြသဖို့ရာ ငြင်းပယ်ခံခဲ့ရပါတယ်။

## သတို့သမီးအရန်ဖြစ်ခဲ့တဲ့ တေလာဆွစ်



ဂရမ်မီဆုများရှင် ပေ့ါပ်အဆိုတော်တေလာဆွစ်ဟာ ပြီးခဲ့တဲ့ စနေနေ့က ပန်ဆယ်ဗန်းနီးယားမှာ ကျင်းပခဲ့တဲ့ သူ့ရဲ့ငယ်သူငယ်ချင်းတစ်ဦးဖြစ်တဲ့ ဘရစ်ထ်မက်ခ်ရဲ့ မင်္ဂလာဆောင်အခမ်းအနားမှာ သတို့သမီးအရန်အဖြစ် ပါဝင်ဆောင်ရွက်ပေးခဲ့ပါတယ်။

ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့တဲ့ အဆိုပါ မင်္ဂလာအခမ်းအနားမှာ တေလာဆွစ်က ပန်းရောင်ဖျော့ဖျော့ဝတ်စုံကို ဝတ်ဆင်ထားခဲ့ပြီး သူ့ရဲ့အမှတ်အသားတစ်ခုလို့ဆိုနိုင်တဲ့ နှုတ်ခမ်းနီ အနီရဲရဲကိုဆိုးထားခဲ့ကာ သတို့သမီးနဲ့ အပြိုင်လှနေပါတယ်။ ဒါ့အပြင် မင်းသမီးဟာ သူငယ်ချင်းရဲ့ မင်္ဂလာပန်းစည်းကို ကိုင်ပေးရင်း၊ သတို့သမီးဦးခေါင်းထက်မှာ ခြုံလွှမ်းထားတဲ့ ဇာပဝါရှည်ကြီးကို နောက်ကနေလိုက်ကိုင်ပေးရင်းနဲ့ အလုပ်တွေရှုပ်နေခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အသက်(၂၆)နှစ်အရွယ်တေလာက ယင်းမင်္ဂလာဆောင်အခမ်းအနားမှ ဓာတ်ပုံနဲ့အတူ ၂၀၀၂ ခုနှစ်က သူငယ်ချင်းဖြစ်သူနဲ့ အတူရိုက်ကူးထားတဲ့ ငယ်ဘဝပုံရိပ်တစ်ခုကိုပါ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ ဆက်လက်ပြီး တေလာက ဘရက်ထ်နဲ့ သူဟာ ၁၀ ရက်သားခန့်ကပင် စတင်တွေ့ဆုံခဲ့ကြသည့် ငယ်သူငယ်ချင်းများဖြစ်ကြပြီး သတို့သားမှာလည်း လေးနှစ်အရွယ်ခန့်က စတင်သိကျွမ်းခဲ့သည့် ငယ်သူငယ်ချင်းတစ်ဦးဖြစ်ကြောင်းနဲ့ ယခုလိုအရင်းနှီးဆုံးငယ်သူငယ်ချင်းရဲ့ မင်္ဂလာအခမ်းအနားမှာ သတို့သမီးအရန်အဖြစ်ဆောင်ရွက်ခဲ့ရလို့ ဂုဏ်ယူပျော်ရွှင်မိကြောင်းလည်း ရေးသားဖော်ပြခဲ့ပါတယ်။

ယခုကဲ့သို့ သတို့သမီးအရန်အဖြစ် ဆောင်ရွက်ပေးခြင်းဟာ တေလာအတွက် ပထမဦးဆုံးအကြိမ်ပါ။ သူက အခင်မင်ရဆုံးငယ်သူငယ်ချင်းနှစ်ဦးရဲ့ မင်္ဂလာအခမ်းအနားဖြစ်တာကြောင့် သူ့အတွက် အလွန်အရေးကြီးတဲ့ မင်္ဂလာပွဲဖြစ်တာမို့ သတို့သမီးအရန်အဖြစ် ဆောင်ရွက်ပေးခဲ့တာဖြစ်ကြောင်းလည်း People မဂ္ဂဇင်းကို ပြောကြားခဲ့ပါတယ်။

အေးပြည့် - စုစည်းသည်

## ထိုင်းနိုင်ငံမှာ တေးဗီဒီယိုသွားရောက်ရိုက်ကူးခဲ့တဲ့ "Mamamoo"

အဖွဲ့ဝင်လေးဦးပါဝင်တဲ့ တောင်ကိုရီးယားအမျိုးသမီးပေ့ါပ်တေးဂီတအဖွဲ့ "Mamamoo"ဟာ ဖေဖော်ဝါရီ ၁၇ ရက်က အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ် "Melting"မှာ ပါဝင်မယ့် တေးဗီဒီယိုကိုရိုက်ကူးဖို့ရာ ထိုင်းနိုင်ငံသို့ရောက်ရှိခဲ့ကြောင်း ကေပေ့ါပ်စတားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်ကို လာမယ့် ဖေဖော်ဝါရီ ၂၆ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါ တေးဂီတအဖွဲ့ရဲ့အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ရဲ့ တေးအယ်လ်ဘမ်သစ် Melting အတွက် အရည်အသွေးမြင့် မျက်နှာဖုံးနဲ့ တေးဗီဒီယိုတွေကို ထိုင်းနိုင်ငံမှာ အပြီးသတ်ရိုက်ကူးခဲ့တာပါ။ ထိုင်းမှာ ရာသီဥတုက အလွန်ပူပြင်းပေမယ့် အဖွဲ့ဝင်တွေရဲ့ တက်ကြွလန်းဆန်းနေတဲ့ပုံရိပ်တွေနဲ့ယှဉ်ပြီး ရိုက်ကူးခဲ့ပါတယ်။ ပရိသတ်တွေအနေနဲ့ အရည်အသွေးကောင်းမွန်တဲ့ တေးဗီဒီယိုတွေကို ဒီတေးအယ်လ်ဘမ်သစ်မှာ ခံစားနိုင်မှာပါ။ ဒါကြောင့် အားပေးကြဖို့ တောင်းဆိုချင်ပါတယ်"လို့ မီဒီယာတွေကို ပြောကြားခဲ့ပါတယ်။

"Mamamoo" ကို ၂၀၁၄ ခုနှစ်အတွင်းက စတင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး အဖွဲ့ဝင်တွေကတော့ ဝှီးအင်၊ ဆိုလာ၊ မွန်းဘွယ်လ်နဲ့ ဟွာဆာတို့ပဲ ဖြစ်ကြပါတယ်။ အဆိုပါတေးဂီတအဖွဲ့ဟာ ၂၀၁၄ ခုနှစ်မှာ မျက်နှာသစ် အနုပညာရှင်ဆုကိုရရှိခဲ့ပြီး လတ်တလောအထိ "Hello"၊ "Pink Funky" နဲ့ "Piano Man"စတဲ့ တေးအယ်လ်ဘမ်သုံးခု ထွက်ရှိခဲ့ပြီး ဖြစ်ပါတယ်။



# အက်ဖ်အေဖလားကွာတားဖိုင်နယ်တွင် ချယ်လ်ဆီးနှင့် အဲဗာတန်တွေ့မည်

အက်ဖ်အေဖလားပြိုင်ပွဲ၏ ၁၆ သင်း အဆင့်ပွဲစဉ်အချို့ ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပြိုင်ဘက် အဲဗာတန်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေပြီး အဲဗာတန်အသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။

ချန်ပီယံရှစ်ကလပ် ရီးဒင်းအသင်းသည် အိမ်ကွင်း၌ ခရစ္စတယ်ပဲလေ့အသင်းကို ဧည့်ခံကစားရမည်ဖြစ်ပြီး ဝက်ဖို့ဒ်အသင်းမှာမူ အာဆင်နယ်အသင်းနှင့် ဟားစီးတီးအသင်းတို့ ပြန်ကန်ပွဲကစားရမည့် ပွဲစဉ်မှ ထွက်ပေါ်လာသည့် အနိုင်ရအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မန်ယူအသင်းနှင့် လိဂ်ဝမ်းကလပ် ရှရူးဘယ်ရီအသင်းတို့ပြိုင်ပွဲမှ အနိုင်ရရှိသည့်အသင်းသည် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၁၁ ရက်နှင့် ၁၄ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ၂၀၀၉ ခုနှစ် အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲတွင် အဲဗာတန်အသင်းနှင့် ထိပ်တိုက်တစ်ကြိမ်ဆုံတွေ့ထားခဲ့ပြီး ယင်းပွဲစဉ်သည် လက်ရှိ ချယ်လ်ဆီးအသင်း၏ ယာယီနည်းပြဟစ်ဒင့် ချယ်လ်ဆီးအသင်းကို စတင်တာဝန်ယူ ကိုင်တွယ်စဉ်က ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလားစတုတ္ထအဆင့် ပွဲစဉ်တွင် ပရီမီယာလိဂ်ပြိုင်ဘက် မန်စီးတီးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အသင်းဖြစ်သည်။ ထိုသို့အနိုင်ရရှိခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားလာခဲ့သည်။


© Graham Chadwick



## လာလီဂါဖလားအား လက်လွှတ်ခံမည်မဟုတ်ဟု ဇီဒန်းဆို

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်းထင်တိုင်း မပေါက်ဖြစ်ခဲ့သော်လည်း လာလီဂါဖလားကိုမူ လက်လွှတ်ခံမည်မဟုတ်ကြောင်း နည်းပြဇီဒန်းက ထုတ်ဖော်ပြောကြားလိုက်သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းသည် လာလီဂါအမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး နောက်ဆုံးကစားခဲ့သည့် ပဲမက်စ်အသင်းနှင့်ပွဲစဉ်တွင်လည်း အနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ကိုးမှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်ထားနိုင်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းမှာမူ တိုက်စစ်မှူး စီရိုနယ်လ်ဒို၏ ပင်နယ်တီသွင်းဂိုးလွဲချော်ခဲ့ရခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် မာလာဂါအသင်းတို့၏ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာထွက်ပေါ်ခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် လာလီဂါပြိုင်ပွဲမပြီးဆုံးမီကာလအတွင်း အက်သလက်တီကိုမက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်း စသည့် လာလီဂါ၏ ထိပ်တန်းအဆင့်နှစ်သင်းနှင့် တွေ့ဆုံရဦးမည်ဖြစ်ပြီး နည်းပြဇီဒန်းကမူ လာလီဂါဖလားကို လက်လွှတ်ခံမည်မဟုတ်ကြောင်း ပြောကြားလာသည်။

## မန်ယူအသင်းနှင့် ကြိုတင်စာချုပ်ထားရန် မော်ရင်ဟို ဆန္ဒရှိနေ

ချယ်လ်ဆီးအသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခြင်းခံထားရသည့် နည်းပြမော်ရင်ဟိုသည် မန်ယူအသင်း ဒုတိယအမှုဆောင်အရာရှိချုပ်ဖြစ်သူ အက်ဒ်ဝုဒ်ဝက်ဒ်နှင့် သဘောတူညီမှုတစ်ရပ်ရရှိထားပြီး မန်ယူအသင်းနှင့် ကြိုတင်စာချုပ်ချုပ်ဆိုထားရန် ဆန္ဒရှိနေကြောင်း သိရသည်။

မန်ယူအသင်းနည်းပြ ဗန်ဟားလ်အား မန်ယူအသင်းက ရာသီကုန်တွင် ထုတ်ပယ်ရန်စီစဉ်ထားပြီး ဗန်ဟားလ်အား ထုတ်ပယ်ပြီးပါက မော်ရင်ဟိုကို နည်းပြအဖြစ် အစားထိုးခန့်အပ်ရန် စီစဉ်ထားကြောင်းလည်း သိရသည်။ မော်ရင်ဟို၏ ကိုယ်စားလှယ်ဖြစ်သူ မန်ဒက်စ်ကမူ ယခုနှစ်ဘောလုံးရာသီအတွင်း မန်ယူအသင်းနည်းပြအဖြစ် ခန့်အပ်ရန်တောင်းဆိုခဲ့သော်လည်း မန်ယူအသင်း ဒုတိယအမှုဆောင်အရာရှိချုပ် အက်ဒ်ဝုဒ်ဝက်ဒ်ကမူ လာမည့်နွေရာသီအပြောင်းအရွှေ့ရောက်မှသာ တရားဝင်နည်းပြအဖြစ်ခန့်အပ်မည်ဟု ဆိုသည်။

မန်ယူအသင်း၏ ဂန္ထဝင်နည်းပြဟောင်းဖြစ်သူ ဖာဂူဆန်အနေဖြင့် နည်းပြဗန်ဟားလ်အား ထုတ်ပယ်ပြီးပါက မော်ရင်ဟိုဖြင့် အစားထိုးခြင်းထက် လက်ထောက်နည်းပြ ရိုင်ယန်ဂစ်ကို နည်းပြအဖြစ်ခန့်အပ်စေလိုကြောင်း ပြောကြားခဲ့သည်။

မန်ယူအသင်း ဒုတိယအမှုဆောင်အရာရှိချုပ်ဖြစ်သူ အက်ဒ်ဝုဒ်ဝက်ဒ်ကလည်း မော်ရင်ဟိုအား နည်းပြအဖြစ်ခန့်အပ်ရန်အတွက် မန်ယူအသင်းက မစ်ဂျဲလန်းအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်အပြီး နာရီပိုင်းအတွင်း မော်ရင်ဟို၏ ကိုယ်စားလှယ်ဖြစ်သူ မန်ဒက်စ်ထံသို့ ဆက်သွယ်ခဲ့ခြင်းဖြစ်သည်။



ငွေကြယ် စုစည်းသည်

## ဟီဂူအင်ကို ခေါ်ယူရန် ချယ်လ်ဆီးအသင်းတွင် အခွင့်အရေးမရှိကြောင်း သတင်းများထွက်ပေါ်

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် နာပိုလီအသင်းမှ တိုက်စစ်မှူး ဟီဂူအင်အားခေါ်ယူရန် အခွင့်အရေးမရှိကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

တိုက်စစ်မှူး ဟီဂူအင်အား ချယ်လ်ဆီးအသင်းအပြင် ဘိုင်ယန်မြူးနစ်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ချယ်လ်ဆီးအသင်းကမူ ဟီဂူအင်ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ပေး၍ ခေါ်ယူမည်ဟု ဆိုသည်။ အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးဟီဂူအင်သည် ယခုနှစ်ဘောလုံးရာသီတွင် နာပိုလီအသင်းအတွက် ပွဲပေါင်း ၃၁ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၂၆ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

ထိုသို့ ခြေစွမ်းကောင်းများရှိခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်းများ၏ စိတ်ဝင်စားမှုခံထားရသော်လည်း နာပိုလီအသင်း၌သာ ဆက်ရှိမည်ဖြစ်ကြောင်းနှင့် ချယ်လ်ဆီးအသင်းအနေဖြင့် ခေါ်ယူရန်အခွင့်အရေးမရှိကြောင်း တိုက်စစ်မှူး ဟီဂူအင်၏ အစ်ကိုနှင့် ကိုယ်စားလှယ်ဖြစ်သူက ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ဟီဂူအင်အား ခေါ်ယူရန်ပစ်မှတ်ထားခဲ့သော်လည်း ပထမဦးစားပေးတိုက်စစ်မှူးအဖြစ် ဟီဂူအင်ကို ခေါ်ယူလိုသည်ဆိုသည့် သတင်းအပေါ် ငြင်းဆိုခဲ့ပြီးနောက် တိုက်စစ်မှူးဟီဂူအင်ကလည်း ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့မည် မဟုတ်ကြောင်း ပြန်လည်ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟီဂူအင်သည် ၂၀၁၃ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ရီးယဲလ်မက်ဒရစ်အသင်းမှ နာပိုလီအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး နာပိုလီအသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် နာပိုလီအသင်းနှင့်အတူ ဂိုးပေါင်း ၇၉ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သည်။





## ဆောမြို့နယ် သီးကုန်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**ဆော ဖေဖော်ဝါရီ ၂၂**

ဂန့်ဂေါခရိုင် ဆောမြို့နယ် သီးကုန်းကျေးရွာတွင် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် နေအိမ်ထရံသို့မီးကူးစက်ကာ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က အဆိုပါကျေးရွာနေ ဦးသီးဝင်း၏ ပျဥ်ခင်း၊ ထရံကာ၊ သက်ငယ်မိုး၊ လေးပင်ပတ်လည်ရှိ နေအိမ် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနမှ မီးသတ်ကားသုံးစီးနှင့် တာဝန်ရှိသူများ ရောက်ရှိလာကြပြီး ကျေးရွာနေပြည်သူများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မီးညွန့်ကျိုးသွားသည်။

မီးလောင်မှုကြောင့် လူနေအိမ် ၁၀ လုံး မီးလောင်ကျွမ်းခဲ့ပြီး လူ ၄၆ ဦး အိုးမဲ့အိမ်မဲ့ဖြစ်သွားကာ လူ၊ တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## တစ်သောင်းတန်ငွေတုဖော်ထုတ်ရာမှ သေနတ်တစ်လက်ပါသိမ်းဆည်းရမိ

**ဘားအံ ဖေဖော်ဝါရီ ၂၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်လုံအနောက်ကျေးရွာမှ တာဝန်သိပြည်သူတစ်ဦးက တစ်သောင်းတန် ငွေစက္ကူအတုဟု သံသယရှိသဖြင့် သက်ဆိုင်ရာ အိန္ဒုနယ်မြေရဲစခန်းသို့ ဖေဖော်ဝါရီ ၂၀ရက် နံနက် ၁၀ နာရီခန့်က အကြောင်းကြားရာမှ ကျပ်တစ်သောင်းတန် ငွေစက္ကူအတုအရွက် ၂၀ အား အသုံးပြုခဲ့သူများ အပါအဝင် ပစ္စတိုသေနတ်တစ်လက်ပါ ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘားအံမြို့နယ် နောင်လုံအနောက်ကျေးရွာတွင် နေထိုင်သူ နန်းညွန့်သိန်းသည် ဘားအံမြို့နယ် အိန္ဒုစံပြကျေးရွာ အောင်မင်္ဂလာရပ်ကွက်တွင် နေထိုင်သည့် အောင်မျိုးထံမှ အကြွေးရရန်ရှိသည့် ငွေကျပ်လေးသိန်းအား ဘားအံမြို့နယ် ကျော့ရွာအုပ်စု ကုလားစုကျေးရွာနေ စနေမောင်မောင်(ခ) ဆေးခဲဆိုသူက အကြွေးလာဆပ်ရာတွင် အဆိုပါ ငွေလေးသိန်းအနက် ကျပ်တစ်သောင်းတန် ငွေစက္ကူအရွက် ၂၀ မှာ အတုများဖြစ်နိုင်သည်ဟုသံသယရှိ၍ အိန္ဒုနယ်မြေရဲစခန်းသို့ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီခန့်က လာရောက်အကြောင်းကြားသဖြင့် စစ်ဆေးရာငွေတုများ ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။



ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ အောင်မျိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ အောင်မျိုးနှင့် ဇနီးဖြစ်သူတို့မှာ ရှောင်တိမ်းသွားသောကြောင့် နေအိမ်အား ရှာဖွေရာ နေအိမ်အိပ်ခန်း ဘီရိုအောက်မှ ၉ မမပစ္စတိုသေနတ် တစ်လက်ရှာဖွေ တွေ့ရှိသိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး တစ်သောင်းတန် ငွေစက္ကူအတုများ ကိုင်ဆောင်သုံးစွဲခဲ့သည့် စနေမောင်မောင်(ခ) ဆေးခဲ၊ ချစ်စမ်းမောင်(ခ) ဗိုက်ရွဲတို့နှစ်ဦးနှင့် ထွက်ပြေးတိမ်းရှောင်သွားသူ အောင်မျိုးနှင့်ဇနီးဖြစ်သူ မသဲအိဇံ တို့အား အိန္ဒုနယ်မြေရဲစခန်းက အမှုဖွင့်လှစ်ထားကြောင်း သိရသည်။ **ထွန်းထွန်းထွေး (ဘားအံ)**

## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်က လားရှိုးမြို့နယ် ရပ်ကွက်(၁၂) နယ်မြေ(၂၀) ရေပူစမ်းကားကြီးကွင်း ရပ်နားစခန်းရှေ့တွင် အိုက်တူး(ခ)အားကျိန် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၇၁၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၁၀ တို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က အောင်မြေသာစံမြို့နယ် (၁၉)လမ်းနှင့် တာရိုးပတ်လမ်းထောင့်တွင် တွေ့ရှိသူ အောင်မြင့်နှင့် ဝင်းမောင်တို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၅ ပြားကိုလည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၁၈ ရက်က မူဆယ်မြို့နယ် ဟိုမွန်ရပ်ကွက် လမ်းသွယ်(၈)တွင် တွေ့ရှိသူ ကျောင်ကျန်းရှော့အား ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၀၂၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ကျောက်မဲမြို့တွင် တောမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ကျောက်မဲ ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့ ကွဲကုန်းကျေးရွာအုပ်စု နောင်ပိန်လေးကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်းတွင် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းက တောမီးမှတစ်ဆင့် အဆောက်အအုံတစ်ခု မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်မဲမြို့နယ် ကွဲကုန်းကျေးရွာအုပ်စု နောင်ပိန်လေးကျေးရွာ ဘုန်းကြီးကျောင်းဝင်း အတွင်းရှိ (၈၀×၃၀)ပေ သွပ်မိုး၊ ဝါးထရံကာ၊ မြေစိုက်အဆောက်အအုံ တစ်လုံးအား တောမီးမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ ရွာသူရွာသားများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ကားနှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် တစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိကြောင်း သိရသည်။

**(မြင့်အောင်)**

ကျိုက်ထီးရိုး ကြူကြူဝင်း ဘုရားဖူးခရီးသွားလုပ်ငန်း
(ကျိုက်ထီးရိုးဆံတော်ရှင်၊ မဲလံဆံတော်ရှင်၊
ကုသိနာရုံဆံတော်ရှင်၊ ကျောက်ပိရဟန္တာ၊ ကျိုက်ပေါလောမှဲ့ရှင်)
နေ့ချင်းပြန်တစ်ဦး (၃၅၀၀၀/-) တာဝန်ယူပါသည်။
(အသင်းအဖွဲ့များအတွက် သက်သာသောနှုန်းများဖြင့် စရိတ်ငြိမ်းစီစဉ်ပေးပါမည်)
- 09788700997, 09 963344200, 01 563345

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်
ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ရွှေထိပ်တန်း ● ပေလီကမ်းခြေ ထွက်မည်
+ ဖြတ်ဖော်တင်ခွန်းဘုရားပွဲ Feb 26
+ ရွှေစက်တော် နှင့် လမ်းဘုရားစုံ
+ ပုဂံ-ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ
+ အလောင်းတော်ကဿပ၊ မန္တလေး၊ ဝစ်ကိုင်း၊ မုံရွာ
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ
အပတ်စဉ်သော်ကြာ ချောင်းသာ (နေ့စဉ်)
ဝင်းလုံးငှား စီစဉ်ပေးသည်။ ငွေဆောင် (နေ့စဉ်)
01-701015, 09-5403844, 09-5044830

ပျောက်ဆုံးကြောင်း
ဝေပုံမြေဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၏ မှတ်ပုံတင်အမှတ်-၃၉၁၀/ ၂၀၁၃-၂၀၁၄သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၉၀၀၀၃၄၆

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မေယု(၂)လမ်း၊ အိမ်အမှတ်၃၇ (က+ခ)နေ ဒေါ်နီနီဝင်း၊ ဒေါ်သိန်းကြည်တို့ထံမှ ပေ(၄၀×၆၀)မြေကွက်အား ဦးသော်တာလွင်က ၁၉၉၅ ခုနှစ် ဇွန်လ ၉ ရက်တွင် ဝယ်ယူခဲ့ပါသည်။

၎င်းမြေကွက်အား ဦးသော်တာလွင် တစ်ဦးတည်းပိုင်ဆိုင်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်းအား လုံးဝခွင့်မပြုကြောင်း ၎င်းမြေကွက်ဝယ်ယူသူအား ဦးသော်တာလွင်မှ လုံးဝ(လုံးဝ) သဘောမတူပါကြောင်း။

**ဦးသော်တာလွင်[၁၂/ဗဟန(နိုင်)၀၀၉၆၃၅]**

### ပြန်ကြားရေးဝန်ကြီးဌာန
### ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော် ပုံနှိပ်စက်ရုံတို့မှ ထွက်ရှိသောအသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့်နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့်စည်းကမ်းချက်များကို (၂၂-၂-၂၀၁၆) မှ(၂၅-၂-၂၀၁၆)နေ့ထိ နေ့စဉ် (၉း၃၀) နာရီမှ ညနေ (၄း၀၀) နာရီအတွင်းဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ (၂၅-၂-၂၀၁၆)ရက် ညနေ (၄း၀၀) နာရီဖြစ်ပါသည်။

၃။ ရန်ကုန်ပုံနှိပ်စက်ရုံများမှ အသုံးမပြုတော့သည့်ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို (၂၂-၂-၂၀၁၆) မှ (၂၉-၂-၂၀၁၆)နေ့ထိ နေ့စဉ် (၉း၃၀) နာရီမှ ညနေ (၄း၀၀)နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ (၂၉-၂-၂၀၁၆) ညနေ (၄း၀၀) နာရီဖြစ်ပါသည်။

၄။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက် များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၂-၆၂၉၃၂၊ ၀၆၇-၄၁၂၂၀၈ထံသို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။**

IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း
ENGLISH Language
AutoCAD - 3ds Max
VIDEO EDITING
Computer Basic
LCCI I-II
MOBILE PHONE မိုဘိုင်းဖုန်း အထူး မြန်မြန် အတတ် သင်တန်း
SOFTWARE HARDWARE
DESKTOP PUBLISHING
Service Technician
GRAPHIC DESIGN
HOT LINE - 383893, 253293, 0949290778
10% OFF

# ငရုတ် စိုက်ပျိုးမှု အောင်မြင်သော်လည်း ဈေးနှုန်းကျဆင်း



**မုံရွာ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ငရုတ်သီးစိုက်တောင်သူများ အမြတ်နည်းနေကြောင်း သိရသည်။

"ကျွန်တော်တို့တောင်သူတွေက သီးနှံပေါ်ချိန်ကို စောင့်၍ စားဝတ်နေရေးကိုလှုပ်ရှားရုန်းကန်ကြရတယ်။ အခုလို ငရုတ်ဈေးက ကျပ် ၃၅၀ ကျပ် ၄၅၀ ဈေးပေါက်နေတော့ အလုပ်သမားခနုတ်လိုက်ရင် လူပန်းတာပဲ အဖတ်တင်တယ်။

'ပေါက်ပင်ရွာကို ကိုယ်တိုင်သွားရောက်သွင်းရင်တော့ ရွာမှာ ကျပ် ၃၅၀ ဆိုရင်ပေါက်ပင်ရွာမှာ ကျပ် ၄၅၀ လောက်တော့ရတယ်။ ဆိုင်ကယ်ဆီတော့ထည့်ပေးပါတယ်။ ဒါပေမယ့်ထင်သလောက် အမြတ်ငွေမကျန်တော့ ရွာတင်ပဲ ရောင်းကြတာများတယ်။

'စိုက်ပျိုးစရိတ်ကလည်း တစ်ဧကကိုငရုတ်မျိုးစေ့ ငါးထုပ်လောက်ကုန်တယ်။ တစ်ထုပ်ကို အပင်ပေါက် ၁၂၀၀ လောက်တော့ရပါတယ်။ ကုန်ကျစရိတ်ကတော့ ငရုတ်ကောက်တဲ့အထိ ပုလဲမြေဆီနှစ်အိတ်လောက်ကုန်တယ်။ လူတစ်ယောက် ငှားမယ်ဆိုရင် မနက်ခင်းအတွက်၁၀၀၀ ကျပ်ပေးရတယ်။ ပြီးတော့ ထမင်းနဲ့မုန့်ပဲသရေစာတွေကျွေးရတယ်။ အခုလို ကုန်ကျစရိတ်တွေ နုတ်လိုက်ရင် ငရုတ်စိုက်တောင်သူတွေအတွက် အမြတ်နည်းတာပေါ့။ ဒါပေမယ့် ငရုတ်သီးထွက်အားကောင်းတော့ ထင်သလောက်တော့မရှုံးနိုင်ပါဘူး" ဟု ဦးအေးချွန်က ပြောသည်။

ယခုကဲ့သို့ ငရုတ်ဈေးကျဆင်းရခြင်းသည် အခြားအစိုအစိမ်းငရုတ်များ တစ်ပြိုင်တည်းပေါ်လာခြင်းနှင့် နယ်စပ်တွေဝယ်လိုအားနည်းခြင်းကြောင့် ဖြစ်နိုင်ကြောင်း ငရုတ်စိုက်တောင်သူများက သုံးသပ်သည်။

**မင်းမင်း(မုံရွာ)**

## အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး ပုံမှန်ဝင်ငွေရရှိလာမည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ မိတ္ထီလာမြို့၌ကျင်းပ

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၂**

သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း အမှတ်စဉ် ၁/၂၀၁၆ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက အဆိုပါသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားတွင် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမ ဒေါ်ဝါဝါနိုင်က ငယ်ရွယ်တဲ့အမျိုးသမီးများ အိုးမကွာအိမ်မကွာ လုပ်ကိုင်နိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်းရရှိပြီး ပုံမှန်ဝင်ငွေရရှိလာ၍ ကျေးလက်ဒေသ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်ပြီး ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အခြေခံသစ်သီးဖျော်နည်းများ၊ မော်တော်ဆိုင်ကယ်ပြင်ဆင်နည်းများ စသည့်ပညာရပ်များကိုလည်း ကျေးလက်ဒေသမှ လူငယ်လူရွယ်များကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ တာဝန်ယူ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်း၌ ဆုရရှိသူများအား တာဝန်ရှိသူများကပေးအပ်ရာ ဥယျာဉ်ကျေးရွာမှ သင်တန်းသူ မခင်ဝင်းလှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ ဖွင့်လှစ်သည့် အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ပုံမှန်ဝင်ငွေရရှိလာရန် အခြေခံစက်ချုပ်သင်တန်းကို ကျောက်ဖူး၊ ချမ်းအေးသာယာရပ်ကွက်နှင့် ဥယျာဉ်၊ ထန်းတော၊ မွေ၊ စက်ပစ်တောင်ကျေးရွာများမှ အမျိုးသမီးငယ် ၂၀ အား ရှေ့ရင်စေ့၊ လည်ထောင်၊ ရင်ဖုံး၊ နောက်ခွဲ၊ ကလေးဝတ်ဂါဝန်၊ ဇီးကွက်၊ ဘာဂျာစကတ်၊ ချိတ်စကတ်၊ ဘောင်းဘီ စသည့်ဘာသာရပ်များကို ဇန်နဝါရီ ၁၁ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်ထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ငါးသရောက်မြို့နယ်၌ နွေရာသီကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**ငါးသရောက် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ငါးသရောက်မြို့နယ်တွင် နွေရာသီကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ငါးသရောက်မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ မြို့နယ်ဦးစီးမှူး ဦးဝင်းထိန်နှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက လျှပ်စစ်ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ နွေရာသီကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးဝင်းထိန်နှင့် ဝန်ထမ်းများက ငါးသရောက်မြို့နယ် စက်စက်ယိုကျေးရွာအနီးမှ ညောင်ဦးမြို့နယ် ညောင်ကြီးကျေးရွာထိ လျှပ်စစ်ဓာတ်အားလိုင်းတစ်လျှောက်ရှိ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများကို နံနက် ၈ နာရီ မှ မွန်းတည့် ၁၂ နာရီထိ ခုတ်ထွင်ရှင်းလင်းခဲ့ကြကြောင်း၊ ယင်းပြင် ငါးသရောက်မြို့နယ်အတွင်း နွေရာသီကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့်နေရာများကို မိုးဦးမကျမီအချိန်ထိ နယ်မြေကွင်းဆင်းသွားရောက်ကာ တစ်ပတ်တစ်ခါ လုပ်ငန်းများ ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းထိန်၏ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲ ပဲခူးတွင်ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၄ နာရီတွင် ခရိုင်စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဦးစီးအရာရှိဒေါ်လှလှဌေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများကိုယ်စား ရွှေကျင်မြို့နယ် ဒုတိယဦးစီးမှူးက သင်တန်းတွင် အရည်အချင်းပြည့်ဝသော၊ စည်းကမ်းကောင်းမွန်သော ဝန်ထမ်းများဖြစ်ပေါ်လာစေရန်၊ တာဝန်နှင့်ဝတ္တရားများကို ကျေပွန်အောင်ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

100% သံချေးမတက်သည့် Stainless Steel ဘလိပ်ဓားသွားဆူးကြိုးများကို
စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ ဈေးနှုန်းချိုသာစွာ
ဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ပေါင်းမြို့နယ်။
Ph : 01-545531,01-8603141,09-5008161
အရောင်းခန်းမ(၂) - အမှတ်(၃၆/A)၊ ပြည်လမ်းမ၊ (၉)မိုင်၊ မရမ်းကုန်း။
Ph : 01-656521, 09-421024731, 09-421024741
အရောင်းခန်းမ(၃) - အဆောင်(၁၁၇)၊ အခန်း(၅)၊ ကျောက်စိမ်း(၆)လမ်း၊ ကမ္ဘာ့ရတနာဘတ်စ်ဂိတ်စော်ဘွားကြီးကုန်းကားဝင်း၊ အင်းစိန်မြို့နယ်။
Ph:01-642748, 09-421024711,09-421024811

ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း
ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊
ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။
၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃
၁၀၀၀၀ ကျပ်
၁၄၀၀၀ ကျပ်
30$





# ငါ့သရောက်မြို့နယ်တွင် ယခုနှစ် ဆီးသီးဈေးမကောင်း၍ ဆီးစိုက်ပျိုးထားသည့် တောင်သူများ အလုပ်မဖြစ်

**ငါ့သရောက် ဖေဖော်ဝါရီ ၂၂**

ယခုအချိန်သည် ဆီးသီးပင်များမှာ အသီးများရင့်မှည့်ချိန်သို့ရောက်ရှိပြီဖြစ်ရာ တောင်သူများက ဆီးသီးများကို မိသားစုများစုပေါင်း၍လည်းကောင်း၊ နေ့စားအလုပ်သမားများ ငှားရမ်း၍လည်းကောင်း ကောက်ယူကာ နေပူအခြောက်လှမ်း၍ နီးစပ်ရာမြို့များသို့ တင်ပို့ရောင်းချကြရာ ယခုနှစ်တွင် ငါ့သရောက်မြို့နယ်၌ ဆီးသီးဈေးမကောင်းသည့်အတွက်ကြောင့် စိုက်ပျိုးထားရှိသည့် တောင်သူများအတွက် အလုပ်မဖြစ်ကြကြောင်း ငါ့သရောက်မြို့နယ်အတွင်းရှိ ဆီးစိုက်ပျိုးထားရှိသည့် တောင်သူများထံမှ သိရသည်။

ငါ့သရောက်မြို့နယ်တွင် ယခုနှစ် မိုးရွာသွန်းမှုကောင်းမွန်ခဲ့သောကြောင့် တောင်သူများ စိုက်ပျိုးထားရှိသည့် ဆီးသီးပင်များမှာ အသီးများဖြိုင်ဖြိုင် သီးအားကောင်းမွန်ခဲ့ခြင်းကြောင့် ဆီးသီးခြောက်များ တင်းရေများများရရှိခဲ့ကြကြောင်း၊ သို့သော် ငါ့သရောက်မြို့နယ်၌ ဆီးသီးဈေးနှုန်းမှာ အခြောက်တစ်တင်းလျှင် ငွေကျပ် ၁၇၀၀ ခန့်သာ အရောင်းအဝယ်ရှိနေ၍ ဆီးစိုက်တောင်သူများအနေဖြင့် ဆီးသီးမှည့်ကောက်အလုပ်သမားငှားရမ်းခဖြင့် မကာမိဘဲ အဆင်မပြေဖြစ်နေကြောင်း ငါ့သရောက်မြို့ ပြူကြီးကျေးရွာမှ ဆီးစိုက်တောင်သူတစ်ဦးက ပြောပြသည်။

"ကျွန်တော်တို့မြို့နယ်မှာ မနှစ်ကလည်း ဆီးသီးဈေးက မကောင်းပါဘူး၊ ဒီနှစ်လည်း ဆီးသီးဈေးက မနှစ်ကဈေးနဲ့သိပ်မကွာဘူးဖြစ်နေတယ်။ ကျွန်တော်တို့ ဆီးစိုက်တောင်သူတွေအနေနဲ့ ဆီးသီးဈေးမကောင်းတော့ သိပ်အလုပ်မဖြစ်ဘူးဗျ။ ဘာဖြစ်လို့လည်းဆိုတော့ ဆီးသီးကောက်ဖို့ လူတစ်ယောက်ငှားမယ်ဆိုရင် တစ်နေ့ကို ငွေကျပ် ၂၀၀၀ လောက်ပေးရတယ်။ ဆီးသီးဈေးက ၁၇၀၀ ဆိုတော့ ကျွန်တော်တို့တောင်သူတွေအတွက် သိပ်မကျန်တော့ဘူးဗျာ။ ဒါကြောင့် ဆီးသီးဈေးနှုန်းကောင်းဖို့ ကျွန်တော်တို့ရွာက ဆီးစိုက်တောင်သူတွေ မျှော်လင့်နေကြပါတယ်။ ဒီဈေးနှုန်းနဲ့တော့ ကျွန်တော်တို့တောင်သူတွေအတွက် အလုပ်မဖြစ်ကြပါဘူးဗျာ" ဟု ငါ့သရောက်မြို့နယ် ပြူကြီးကျေးရွာမှ ဆီးစိုက်တောင်သူတစ်ဦးက ပြောသည်။

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်ရှိ အညာကျေးလက်ဒေသများမှ မြေယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့် တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့်တွဲဖက်ကာ မိမိတို့၏ယာမြေများတွင် ဆီးသီးပင်များကိုစိုက်ပျိုးပြီး စီးပွားဖြစ်လုပ်ကိုင်ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လပွတ္တာမီးကြောင့် ငါး၊ ပုစွန်၊ ကဏန်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်နေသည့် ဒိုင်များနှင့် လုပ်သားများ ဝင်ငွေလျော့ကျ

**လပွတ္တာ ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တွင် ဖေဖော်ဝါရီ ၄ ရက်ညက မီးလောင်ခဲ့ခြင်းကြောင့် ငါး၊ ပုစွန်၊ ကဏန်းရောင်းဝယ်ရေးလုပ်ငန်းများလုပ်နေသည့် ဒိုင်များနှင့် လူနေရပ်ကွက်များ မီးလောင်ကျွမ်းခဲ့ရပြီး ဒိုင်များ၌ အလုပ်လုပ်ကိုင်နေသော လုပ်သားအများစုမှာ ဖေဖော်ဝါရီ ၂၀ ရက်ထိ ဝင်ငွေလျော့ကျနေသည်ဟု သိရသည်။

လပွတ္တာမြို့တွင် ငါး၊ ပုစွန်၊ ကဏန်းရောင်းဝယ်ရေးလုပ်ငန်းများလုပ်နေသည့် ဒိုင် ၁၄၂ ဒိုင်ရှိပြီး တစ်ဒိုင်လျှင် အလုပ်သမားငါးဦးမှ ၁၅ ဦးထိထားရှိပြီး ကုန်ကြို၊ တာရိုက်၊ ကဏန်းကြိုးတုပ်လုပ်သားများ၏ တစ်နေ့ဝင်ငွေမှာ ကျပ် ၄၀၀၀ မှ ငွေကျပ် ၁၅၀၀၀ ထိရှိကြောင်း ဂဏန်းလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

"ဒိုင်မှာလုပ်တဲ့အလုပ်သမားတွေပဲ ဒုက္ခရောက်တာမဟုတ်ဘူး။ ကဏန်းဖမ်းတဲ့ ရေလုပ်သားတွေလည်း ဒုက္ခရောက်ကြရတယ်။ မီးလောင်ပြီးတော့ ကျွန်တော်တို့ကလည်း ဘယ်နေရာမှာ ဘာလုပ်ရမယ်မှန်းမသိဘူး။ ရေလုပ်သားတွေကလည်း ကဏန်းတွေသွင်းစရာဒိုင်မရှိတော့ ဘိုကလေးဘက်သွားရောင်းကြတဲ့အခါ လိုချင်တဲ့ဈေး မရကြဘူး။ ကျွန်တော်တို့ဆီက လုပ်သားတွေကလည်း ခုဆိုကြုံရာကျပန်းလုပ်ကိုင်နေရတော့ သူ့ကိုမှီခိုနေတဲ့ မိသားစုတွေ အခက်အခဲရင်ဆိုင်နေကြရတယ်။ အဆင်မပြေကြဘူး" ဟု ရွှေကဏန်းအဝယ်ဒိုင်ပိုင်ရှင် ကိုသန့်စင်က ပြောသည်။

လုပ်သားအများစုသည် ယခင်က စားဝတ်နေရေးအဆင်ပြေချောမွေ့နေသော်လည်း ရေလုပ်ငန်းရှင်များ၏ ဆိုင်ခန်းများ မီးလောင်ခံရမှုကြောင့် လုပ်ငန်းများရပ်ဆိုင်းလျော့ပါးခဲ့ရသည့်အတွက် မိသားစုဝင်များပါ အခက်အခဲဖြစ်ရပြီး ရရာအလုပ်ကို ဝင်ရောက်လုပ်ကိုင်နေကြရသည်။

"လပွတ္တာမြို့တွင် ရပ်ကွက်ပေါင်းစုံက ကုန်ကြိုအဖွဲ့ရော အမျိုးသား၊ အမျိုးသမီး လုပ်သား ၂၀၀၀ ကျော်လောက်က ဒိုင်တွေကိုမှီခိုနေကြရတယ်။ အခုလိုမီးလောင်လို့ လုပ်ငန်းလည်ပတ်မှုကမောက်ကမဖြစ်သွားတော့ စားရေးသောက်ရေးခက်ခဲနေကြပါတယ်။ ကြုံရာကျပန်းလုပ်ကြရတယ်။ ကျွန်တော်တို့ကိုမှီခိုနေတဲ့ မိသားစုတွေပါ ဒုက္ခရောက်နေကြပါတယ်" ဟု ကဏန်းဒိုင်လုပ်သား ကိုလင်းကပြောသည်။

**ဇော်ထက်(အိမ်မဲ)**

# ကျေးရွာနေတိုင်းရင်းသားကလေးငယ်များ မသန်စွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် ပိုလီယိုကာကွယ်ဆေး ကြိုတင်တိုက်ကျွေးရေးလုပ်ငန်း ဆောင်ရွက်

**မောက်မယ် ဖေဖော်ဝါရီ ၂၂**

ကျေးရွာနေတိုင်းရင်းသားကလေးငယ်များ မသန်စွမ်းဖြစ်ခြင်းမှကာကွယ်နိုင်ရန်၊ မြို့ပြလူနေမှုစနစ်နှင့် ကျေးလက်လူနေမှုစနစ်ကွာဟမှု ကျဉ်းမြောင်းစေရေးအတွက် မွေးကင်းစကလေးငယ်များမှ အသက်ငါးနှစ်အရွယ်ထိ ကလေးငယ်တိုင်းကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးရေးစီမံချက်ဖြင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်ထိ သတ်မှတ်ထားသည်။ ထို့အပြင် ဝေးလံခေါင်ပါးသောကျေးရွာများရှိ ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးများ မဆုံးရှုံးစေရေးရည်ရွယ်ပြီး ပိုလီယိုကာကွယ်ဆေး ကြိုတင်တိုက်ကျွေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီးဒေါက်တာမြမြသန်း၏ လမ်းညွှန်မှုဖြင့် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကဒူးကြီးကျေးရွာအုပ်စုရှိ ရှမ်း၊ ပအိုဝ်း၊ ကယားတိုင်းရင်းသားများနေထိုင်သောကျေးရွာ ၃၀ အား အဖွဲ့သုံးဖွဲ့ခွဲ၍ ကလေးငယ်များကို ကာကွယ်ဆေး ကြိုတင်တိုက်ကျွေးခြင်း၊ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အခမဲ့ဆေးကုသခြင်း၊ ဆေးကုရာဌာနသို့ မလာနိုင်သောသူများအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၇ နာရီက ဈေးတန်းရပ်ကွက် မြို့လယ်ဓမ္မာရုံတွင် မွေးကင်းစကလေးငယ်များမှ အသက် ၅ နှစ်အရွယ်အထိ ကလေးငယ်တိုင်းကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးရေးအခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက စတင်ဖွင့်လှစ် တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**





**လက်တွေ့အသုံးချစီးပွားရေးသုံး အင်္ဂလိပ်စာသင်တန်း (Applied Certificate Business)**

Londonကုန်သည်ကြီးများအသင်း စာမေးပွဲဘုတ်အဖွဲ့မှပြဌာန်းထားသည့် Text Production Course အား အခြေပြု၍ သင်ကြားပေးမည်ဖြစ်ပါသည်။ အတွေ့အကြုံရှိသောဆရာတို့မှ လက်တွေ့အသုံးပြု နေသော လုပ်ငန်းခွင်အင်္ဂလိပ် စကားပြောနည်း၊ Phrase များကို အသုံးပြုပုံ၊ Business Etiquette & Ethics တို့နှင့် Communication Tool များဖြစ်သော (Business Letter, Email,Cover Letter, CV & Resume and Short Report) များ အသုံးပြုပုံတို့အပြင် (Meeting, Telephoning and Presentation) တို့ကို သင်ကြားပါမည်။
Class A (Sun)-8:00AM~10:00AM Class B (Sun)-1:00PM~3:00PM
Class C (Sat)-2:00PM~4:00PM သင်တန်းကာလ (၂)လ သင်တန်းကြေး ၈၀,၀၀၀/-

**လက်တွေ့အသုံးချ အင်္ဂလိပ်စာ စကားပြောသင်တန်း (Applied Communication in English)**

နိုင်ငံခြားသားများနှင့် ပြောဆိုရာတွင် လွယ်လင့်တကူ ပြောဆိုနိုင်ရန်၊ လိုရင်းတိုရှင်း Shortcut နည်းများ နှင့် သင်ကြားပေးမည်ဖြစ်ပါသည်။ သင်၏ Technical skills ဖြစ်သော Writing Readings Speaking Listening များအပြင် လုပ်ငန်းခွင်တွင် အသုံးပြုနိုင်ရန် ထိရောက်သော နည်းစနစ်များနှင့် အချိန်တိုအတွင်း သင်ကြားပေးပါမည်။ အင်္ဂလိပ်စာ အားနည်းမှုကို အကောင်းဆုံးကျွမ်းကျင်လာအောင် ဖြည့်ဆည်းပေးပါမည်။ နိုင်ငံခြားသို့သွားမည့်သူများ၊ နိုင်ငံခြား ကုမ္ပဏီများတွင် လုပ်ကိုင်လိုသူများအတွက် အကောင်းဆုံး အထောက်အပံ့ပေးနိုင်မည့် သင်တန်းဖြစ်ပါသည်။
Class (Sun only)-10:00AM~12:00PM သင်တန်းကာလ (၂)လ သင်တန်းကြေး ၉၀,၀၀၀/-

**မြန်မာလိုတွေး၍ အင်္ဂလိပ်လိုစကားပြောသင်တန်း**

မြန်မာလိုအတွေးအတိုင်း အင်္ဂလိပ်လိုထိရောက်စွာရေးသားပြောဆိုတတ်စေရန်၊ နားထောင်မှု၊ တွေးတောခြင်း၊ မေးမြန်းခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်း၊ စာဖတ်ခြင်းအစည်အချင်းများကိုတိုးတက်အသုံးချတတ်စေရန်လွယ်ကူထိမိသောနည်းစနစ်များဖြင့် သင်ကြားပေးပါသည်။ အင်္ဂလိပ်စာအခြေခံအဖြစ် အလယ်တန်းအဆင့်ပြီးမြောက်သူတိုင်း တက်ရောက်နိုင်ပါသည်။ အင်္ဂလိပ်စာအခြေခံတတ်ရုံဖြင့် အင်္ဂလိပ်လိုပိုင်နိုင်စွာပြောဆိုတတ်စေမည့် တစ်ခုတည်းသောသင်တန်းဖြစ်ပါသည်။ တစ်တန်းလျှင်(၁၀)ဦးသာလက်ခံပါသည်။
Class (Sun)-3:00PM~4:30PM သင်တန်းကာလ (၃)လ သင်တန်းကြေး ၈၀,၀၀၀/-

ကြော်ငြာပါသည့်နေ့မှ(၅)ရက်အတွင်း ကြိုတင်အပ်နှံသူများအား 20% Discount
လက်တွေ့အသုံးချစီးပွားရေးသုံးအင်္ဂလိပ်စာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ လူ့စွမ်းအားသင်တန်း၊ ရုံးစီမံခန့်ခွဲမှုသင်တန်း၊ တစ်ဦးချင်းသင်လိုသူများ၊ အစုအဖွဲ့လိုက်သင်လိုသူများ၊ ကုမ္ပဏီများတွင်သင်တန်းပို့ချပေးခြင်းများကို အချိန်ညှိနှိုင်း၍ သင်ကြားပေးသည်။ Certificate သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပါမည်။ သင်တန်းအပ်ချိန် နံနက် (၁၀:၀၀)မှ ညနေ (၅:၀၀)အထိ ပိတ်ရက်မရှိ စုံစမ်းမေးမြန်းနိုင်ပါသည်။

**APS စီးပွားရေးသင်တန်းကျောင်း** အမှတ်(၃၆၁)၊ ပထမထပ်(ယာ)၊ ဗိုလ်အောင်ကျော်လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၀၉ ၃၁၁၁ ၈၀၁၄ ၊ ၀၉ ၄၂၀၀၄၆၇၂၂ ၊ ၀၁ - ၃၉၈၃၅၀



**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ရန်ကြီးအောင်လမ်း၊ မြေကွက်အမှတ်(၁၀၄၈)၊ မြေအကျယ်အဝန်း ပေ(၄၀×၆၀)အနက် ခြေရင်းခြမ်းပေ(၁၅×၆၀)ရှိ ဒေါ်အေးအေးသန်း(ISN-၄၉၅၁၇၁)အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူထားသူ ဒေါ်ခင်စောဝင်း[၁၂/တမန(နိုင်)၀၂၇၃၄၁] က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောကြားမှုကို ယုံကြည်လျက် မြေအိမ်၏ကာလပေါက်ဈေးအတိုင်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငြိမ်းငြိမ်းသန့်[၁၂/ဥကတ(နိုင်)၁၇၆၁၄၁]မှ ငွေအပြေအကျေပေးချေကာ Possessory Title အပြီးအပိုင်လက်ရောက်ဝယ်ယူပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေနှင့်အိမ်အား ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမျှ မည်သည့်တန်ဖိုးနှင့်မဆို ဝယ်ယူခြင်း၊ ကျူးကျော်ခြင်း၊ နှောင့်ယှက်ခြင်းပြုပါက ပြုလုပ် သူ၏တာဝန်သာဖြစ်ပါသည်။ ကျွန်ုပ်တို့မှလည်း သဘောမတူကန့်ကွက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)၊ (စဉ်-၃၀၀၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ်(၈၆၅)၊ သရေခေတ္တရာ(၂၂)လမ်း၊ (၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## ပဒ္မာန်းပညာ့ဝါရပါဠိတော် အမိဋ္ဌာန်ကျင့်စဉ်

ဇောတိကစီစဉ်ပူဇော်သည့် လူတိုင်းရွတ်ပွား ပဋ္ဌာန်းပညာ့ဝါရပါဠိတော် ကျင့်စဉ်စာအုပ် ထွက်ရှိလာသည်။ ဤစာအုပ်သည် အဓိဋ္ဌာန်ဝင်လိုသူများ၊ ဓမ္မလက်ဆောင်ပေးလိုသူများအတွက် အကောင်းဆုံး စာအုပ်တစ်အုပ်ဖြစ်သည်။ စက္ကူအကောင်းစား၊ စာလုံးကြီး၊ အိတ်ဆောင်စာအုပ်ငယ်ဖြစ်၍ မိမိသွားလိုသည့် နေရာများကို ယူဆောင်၍ ရွတ်ဖတ်ပူဇော်နိုင်သည်။ စာအုပ်တွင် လက်တွေ့ အသုံးချအဓိဋ္ဌာန်ဆောက်တည်နည်း၊ လိုအင်ဆန္ဒပြည့်ဝစေသော ရွတ်ဖတ်နည်း၊ အဓိဋ္ဌာန်စီရင်ပြုနည်း၊ ဆုတောင်းနည်းစသော အကြောင်းအရာများပါဝင်သည်။ အသံထွက်စီဒီခွေပါ ဖော်ပြပေးထားသည်။

**စာအုပ်ကို မဇ္ဈိမစာပေအမှတ် (၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၃၉၂၈၃၅ မှ တန်ဖိုးကျပ် ၈၀၀ ဖြင့် ဖြန့်ချိထားသည်။**




## ပြည်တော်ဝင် စနေမောင်မောင်

ကွယ်လွန်သူ ဂမ္ဘီရစာရေးဆရာကြီး ဆရာကြီးမင်းသိခ်ရေးသားခဲ့သော စာအုပ်မြောက်မြားစွာအနက် "ပြည်တော်ဝင် စနေမောင်မောင်" စာအုပ်စတုတ္ထ အကြိမ် ပြန်လည်ထွက်ရှိလာသည်။

တစ်ချိန်သောကာလက ဘုရားတရားကို ရိုသေကိုင်းရှိုင်းသော်လည်း ဒုက္ခရောက်နေသူများအား ကူညီမစနိုင်ရန်၊ ဝိဇ္ဇာလမ်းကို ကျင့်ကြံအားထုတ်နေသောသူများအား ကူညီရန်ဟူသောအကြောင်းနှင့် ရှေးလူကြီးများ၊ အထူးသဖြင့် အထက်လမ်းလိုက်စားနေသောသူများက ပြည်တော်ဝင်မြေလျှောက်ဝိဇ္ဇာများကို ကြိုဆိုသည့်အနေဖြင့် ဆန်တစ်ပြည်ဝင်အိုးတွင် သပြေပန်း၊ သစ္စာပန်းနှင့် ရာသီအလိုက်ပွင့်သောပန်းများကိုထိုးကာ အိုးတွင်လည်း ပြည်တော်ဝင်အောင်အိုးဟု စာတမ်းထိုးပြီး အိမ်မျက်နှာစာတွင်ထားလေ့ရှိကြသည်။ ထိုသို့ထားခြင်းနှင့်အတူ မြေလျှောက်ဝိဇ္ဇာများနှင့်လည်း ကြုံတွေ့ရတတ်သည်။ သို့သော် ထိုမြေလျှောက်ဝိဇ္ဇာများမှာ သူရူးကဲ့သို့လည်းကောင်း၊ သူတောင်းစားကဲ့သို့ လည်းကောင်း အသွင်အမျိုးမျိုးရှိ၍ ကြုံတွေ့သော်လည်း ဘာမှန်မသိ၊ ဘာတောင်းရမှန်းလည်းမသိဖြစ်ကြရသည်။ ထိုမြေလျှောက်ဝိဇ္ဇာဇာတ်လမ်းမှ ဇာတ်ကောင်စနေမောင်မောင်ကို ဆရာကြီးမင်းသိခ်ကဖန်တီး၍ ထူးခြားဆန်းကျယ် အံ့ဩဖွယ်ရာများအဖြစ် ရေးသားခဲ့သောစာအုပ်ဖြစ်သည်။

**စာအုပ်ကို ဘုမ္မာဝတီစာပေထုတ်ဝေရေး အမှတ်(၁၃၅၂/က)၊ ဘုမ္မာလမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉၂၅၂၂၉၉၅၅၉ က တန်ဖိုး ကျပ် ၃၀၀၀ ဖြင့်ဖြန့်ချိထားသည်။**



## ကောင်းကင်ကကျလာတဲ့လမင်း ဝတ္ထုတိုစုစည်းမှု အကျဉ်းချုပ်

တစ်ခေတ်တစ်ခါက နာမည်ကြီးခဲ့သည့် မှူခင်းစုံမဂ္ဂဇင်း၊ မှူခင်းရှုထောင့်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းများတွင် ပါဝင်ခဲ့သော ဝတ္ထုတိုများကို စုစည်းထုတ်ဝေခြင်းဖြစ်သည်။

မှူခင်းစာပေသည် ရသစာပေ မဟုတ်ဟူသော အချက်ကို ချေဖျက်လိုသောစိတ်ဖြင့် အကြမ်းကိုအနုဖြင့် ပြောင်းကာ မှူခင်းစာပေကို ရသဆန်ဆန်မော်ဒန်ရေးဟန်ဖြင့် ရေးသားထားသည်။ ရုပ်ကိုမရေး စိတ်ကိုရေးသော ဝတ္ထုတိုများဖြစ်သဖြင့် စာဖတ်သူများ ကျေနပ်စေမည်မှာ အမှန်ဖြစ်သည်။

မှူခင်းလျှော့နည်းကျဆင်းစေရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ပါဝင်ရေးသားထားခြင်းဖြစ်သည်။

**စာအုပ်ကို Classic Icon စာပေတိုက်က ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။**




## ပန်းအလှဆင်အနုပညာ

စန္ဒီ (Artist) ရေးသားသည့် "ပန်းအလှဆင်အနုပညာ" စာအုပ်တွင် ပန်းအလှပြုပြင်နည်းစနစ်များကို ဆေးရောင်စုံဓာတ်ပုံများဖြင့် ရှင်းလင်းရေးသားဖော်ပြထားသည်။

အိမ်ထောင်သည်အမျိုးသမီးများနှင့် ဆယ်ကျော်သက်အမျိုးသမီးငယ်များ ပန်းအလှပြုပြင်ခြင်းလုပ်ငန်းသည် မိမိတို့နေအိမ်၊ ဧည့်ခန်းများ၊ ဧည့်ခံပွဲအခမ်းအနားများအတွက် အလှခြယ်သဖန်တီးပေးနိုင်သကဲ့သို့ တစ်ဖက်တစ်လမ်းမှ စီးပွားဖြစ်အဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာရပ်တစ်ခုဖြစ်သည်။ နိုင်ငံတကာပန်းအလှထိုးနည်းစနစ်များ၊ ပန်းအိုးထိုးခြင်းများ၊ Valentine ချစ်သူများနေ့၊ Gifts ပန်းလက်ဆောင်နှင့် Wedding မင်္ဂလာဆောင်ပန်းအလှပြုပြင်နည်းစနစ်များကို အသေးစိတ်ရေးသားဖော်ပြထားသည်။

**ဤစာအုပ်ကို စာပေနန်းတော် အမှတ် ၁၃၈/၁၄၀ ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၇၃၁၄၀၉၃၆ မှ တန်ဖိုးကျပ် ၃၀၀၀ဖြင့် ဖြန့်ချိထားသည်။**

UK's Top Computing Degree in Yangon

UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း

GUSTO INTERNATIONAL COLLEGE

၁ ။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင် ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂ ။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Centered Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။

၃ ။ စာသင်ကာလ ၂နှစ်တက်ရောက်ပြီး အောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။

၄ ။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသော နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။

၅ ။ 2016 February Intake အတွက် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြပြီးလျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည်။

မြေအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်။ မြေနီကုန်းတံတားအနီး။ ရန်ကုန်မြို့။
Call Now : 09 862 8806, 09 789 888 222, 01 504632

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING












TPW
(BRNo.200904356H)
No. (31), Room (5), 7 Miles,
Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

## ကြော်ငြာ

**ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) / ရန်ကင်းပညာရေးကောလိပ် မြတ်ဆရာပူဇော်ပွဲ**

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)/ရန်ကင်းပညာရေးကောလိပ် ကျောင်းသူ/ကျောင်းသားဟောင်းများ၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၆ခု၊ မေ(၁)ရက် နံနက် ၉ နာရီတွင် ရန်ကင်းပညာရေးကောလိပ်၌ ကျင်းပမည်ဖြစ်ပါသဖြင့်၊ ၁၉၄၇ ခုနှစ်မှစ၍ ယနေ့ထိ တာဝန်ထမ်းဆောင်ခဲ့ကြပါသော အသက်(၆၀)ပြည့်ပြီး အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ပါရန် ရိုသေလေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အောက်ဖော်ပြပါကျောင်းသား၊ ကျောင်းသူဟောင်းများသို့လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ပညာရေးမှူးရုံးများမှတဆင့်သော်လည်းကောင်း ဧပြီလ ၂၂ ရက်နေ့ နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ပေးပို့လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဦးရန်နောင် | (၁၉၆၃-၆၅)၀၉၄၂၁၀၆၆၉၀၃ | ဦးကြည်ဝင်း | (၁၉၆၈-၇၀)၀၁-၃၇၄၂၆၉ |
| ဦးနု | (၁၉၆၅-၆၇)၀၉၅၁၀၉၆၆၂ | ဦးတင်အေး | (၁၉၆၈-၇၀)၀၉၅၁၈၄၇၈၅ |
| ဦးအောင်သာကျော်(၁၉၆၅-၆၇)၀၉၄၉၃၄၄၆၈၄ | | ဦးအေးလွင် | (၁၉၇၁-၇၂)၀၉၇၉၈၂၉၃၀၆၃ |
| ဦးကျော်တင့် | (၁၉၆၅-၆၇)၀၉၃၁၃၅၈၇၅၆ | ဦးအောင်ချို | (၁၉၇၁-၇၂)၀၉၃၀၃၁၉၀၉၃ |
| ဦးသိန်းကြွယ် | (၁၉၆၆-၆၈)၀၉၉၆၁၉၀၄၈၇၄ | ဒေါ်မေစံပယ်မြင့်(၁၉၉၈-၉၉)၀၉၇၉၂၁၀၁၇၇၆ | |
| ဒေါ်ခင်လှမြင့် | (၁၉၆၇-၆၉)၀၉၅၀၁၈၄၆၆ | ဒေါ်ဟေမာဝေ(၁၉၉၈-၉၉)၀၉၅၅၀၂၆၃၀ | |
| ဦးကျော်ဒွေး | (၁၉၆၈-၇၀)၀၉၂၅၄၀၇၀၉၆၆ | | |

ဦးအောင်ဘသိန်း (ကျောင်းအုပ်ကြီး၊ ကံဘဲ့) ၀၉၅၂၀၂၉၈၆

**မြတ်ဆရာပူဇော်ပွဲအပြီး ကျောင်းသားဟောင်းများ ဖိတ်ဆုံစားပွဲရှိပါသည်။**

**မုံလယ်ဆရာတော်ကြီးခန္ဓာဝန်ချ**
**(၅)နှစ်ပြည့်ဂုဏာပူဇာပွဲ**

ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်တောရဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ရည်မှန်းပူဇော်သောအားဖြင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က သံဃာတော်အရှင်မြတ်အပါး (၁၈၀)တို့အား သံဃိကဒါန စာရေးတံမဲနှင့်တကွ ဆွမ်းကြီးလောင်းလှူခြင်း၊ သာသနာ့ အနွယ်ဝင် သီလရှင်အပါး (၅၅)ပါးတို့အား လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်းတို့ကို အောက်ဖော်ပြပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် မုံလယ်ဆရာတော်ကြီး၏ တပည့်သာဝက ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

- နေ့ရက် - ၁၃၇၇ ခု၊ တပို့တွဲလပြည့်ကျော် (၇)ရက်၊ ၁-၃-၂၀၁၆ (အင်္ဂါနေ့)
- နေရာ - မုံလယ်တောရဓမ္မရိပ်သာ၊ အေးစေတီရင်ပြင်၊ ရေတံခွန်တောင်၊ ပုသိမ်ကြီးမြို့နယ်။
- အချိန် - နံနက် ၆း၀၀နာရီ
- ဆက်သွယ်ရန် - အကျိုးတော်ဆောင်အဖွဲ့၊ ဖုန်း - ၀၉-၉၁၀၁၀၀၀၁၂၊ ၀၉-၄၂၈၁၂၇၃၉၄၊ ၀၉-၂၅၆၁၂၄၈၁၄၊ ၀၉-၄၃၁၉၇၃၄၃

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**




**ရွှေဘိုအသင်း(ရန်ကုန်)**
**နှစ်ပတ်လည်သင်လုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ**

ရွှေဘိုအသင်း(ရန်ကုန်)၏ အသင်းသားစုံညီ အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၅-၃-၂၀၁၆ရက်(စနေနေ့) နံနက်(၉)နာရီတွင် မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ရေကူးသံဃာ့တက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါသည်။ အသင်းဝင်များနှင့်ရန်ကုန်ရောက်ရွှေဘိုသူ/သားများတက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်အဘိုး၊ အဘွားများ၏ အမည်စာရင်းကိုလည်းကောင်း၊ (၂၀၁၅)ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏သား၊ သမီးအမည်နှင့် ဂုဏ်ထူးရဘာသာစာရင်းကိုလည်းကောင်း အောက်ဖော်ပြပါ အမှုဆောင်များထံသို့ ၂၉-၂-၂၀၁၆ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

- ဦးကျော်မင်း - 09-5017678
- ဦးခင်မောင်လွင် - 09-5140324
- ဦးဆန်းထွန်းဦး - 09-73129173
- ဒေါ်သန်းသန်းဆင့် - 09-5017101

အညွှန်း-ကမ္ဘာအေးဘုရားလမ်း၊ စာတိုက်မှတ်တိုင်ဆင်းပြီး ရေကူးဘူတာရုံလမ်းဝင်၍ မြို့ပတ်ရထားသံလမ်းနှင့် အပြိုင်လာရန် (သို့မဟုတ်) ဝေဇယန္တာလမ်းရှိ ဂန္ဓမာ whole sale အကျော်၊ သံဃာ့တက္ကသိုလ်ဆိုင်းဘုတ်တွင် ဆင်း၍လာရန်။

**အမှုဆောင်အဖွဲ့**
**ရွှေဘိုအသင်း(ရန်ကုန်)**

ရန်ကုန်တက္ကသိုလ် "B.Sc.Engg".
ဘွဲ့ရအင်ဂျင်နီယာဟောင်းကြီးများ
ပြန်လည်တွေ့ဆုံပွဲ
"၁၉၅၉ခုနှစ်မှ ၁၉၆၄ခုနှစ်အထိ ဘွဲ့ရအင်ဂျင်နီယာကြီးများ"

- နေ့ရက် - ၂၈-၂-၂၀၁၆(တနင်္ဂနွေနေ့)
- အချိန် - နံနက် ၁၁နာရီမှ မွန်းလွဲ၁နာရီအထိ
- နေရာ - Zephyr Restaurant @ စိမ်းလန်းစိုပြေ Graden (အင်းယားလမ်း)

တက်ရောက်ရန် အမည်စာရင်း လက်ခံမည့်နောက်ဆုံးရက်-၂၅-၂-၂၀၁၆ အောက်ပါသူများထံတွင် အမည်စာရင်း ပေးပို့ကြပါရန်-

- ဦးလွင်ဆွေ (ဖုန်း-၀၁-၆၁၀၃၁၂)
- ဦးရန်နိုင် (ဖုန်း-၀၁-၆၅၆၆၈၈)
- ဦးသန့်ဇင် (ဖုန်း-၀၁-၅၃၆၅၃၈)
- ဦးခင်မောင်သိန်း (ဖုန်း-၀၁-၅၃၄၅၆၃)
- ဦးမောင်မောင် (ဖုန်း-၀၁-၅၄၂၄၁၈)
- ဦးစံငြိမ်း (ဖုန်း-၀၁-၆၄၃၇၆၅)

**ရေတာရှည် အ·ထ·က (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ**

ရေတာရှည် အ. ထ. က ၌ ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၀၁၆ခုနှစ်၊ မတ်လ(၂)ရက်၊ ဗုဒ္ဓဟူးနေ့ (တောင်သူလယ်သမားနေ့) နံနက် ၉း၀၀ နာရီ၌ အ. ထ. က အောင်ဆန်းခန်းမတွင် ကျင်းပမည်ဖြစ်ပြီး ဆွေ့ဆုံညစာစားပွဲကို ၁-၃-၂၀၁၆ (အင်္ဂါနေ့) ညနေ ၅း၀၀ နာရီတွင် ကျင်းပပါမည်။ ပြည်တွင်းပြည်ပ၊ ရပ်ဝေးရပ်နီးရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ယင်းကျောင်းတွင် အနည်းဆုံး ၃ နှစ်ပညာသင်ကြားပေးခဲ့ကြသော ပင်စင်စား ဆရာကြီး၊ ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ပူဇော်ရေးဖြစ်မြောက်ရေးကော်မတီမှ လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| (၁) ဦးမောင်မောင် (ဥက္ကဋ္ဌ) ရေတာရှည်မြို့ | ၀၉ ၄၂၈၂၀၇၇၇၈၊ ၀၅၄ ၈၀၃၀၂ |
| (၂) ဦးဝင်းတင် (ရေတာရှည်မြို့) | ၀၉ ၉၇၂၀၀၉၁၉၃၊ ၀၅၄ ၈၀၂၃၃ |
| (၃) ဦးခင်မောင်သိန်း (ရန်ကုန်မြို့) | ၀၉ ၇၃၁၄၉၇၇၇ |
| (၄) ဦးအောင်ဌေးဝင်း | ၀၉ ၄၂၁၀၆၉၃၉၄ |
| (၅) ဦးဝင်းမောင် (မန္တလေးမြို့) | ၀၉ ၇၃၁၃၁၆၄၇၊ ၀၉ ၇၈၀၂၂၇၇၈၉ |
| (၆) ဒေါ်သန္တာ | ၀၂ ၆၂၀၂၀ |

**ရသာချိုစက်မှုလုပ်ငန်းလီမိတက် (ယံယံ)**

အသင့်စားခေါက်ဆွဲခြောက် (စက်ရုံ) ၏
မူလအော်တို တယ်လီဖုန်းနံပါတ်များဖြစ်သော
၀၁-၆၀၀၁၇၃၊၀၁-၆၀၀၁၇၆၊၀၁-၆၀၀၁၈၇၊၀၁-၆၀၀၂၂၄
နံပါတ်များအစား ၀၁-၉၄၃၇၇၁၇၃၊ ၀၁-၉၄၃၇၇၁၇၆၊
၀၁-၉၄၃၇၁၈၇၊၀၁-၉၄၃၇၂၂၄ နံပါတ်များ အဖြစ်ပြောင်းလဲခေါ်ဆို
ဆက်သွယ်နိုင်ပါရန် စားသုံးသူ မိဘပြည်သူများအား
အသိပေးအကြောင်းကြားအပ်ပါသည်။

**အမြန်ဆက်သွယ်ပါ**
**ကိုထိုက်ထိုက်(ခ)ကိုချစ်ထိုက်**
[၁၂/တမန(နိုင်)၁၀၅၅၆၆]အောက်ပါဖုန်းနံပါတ်သို့(၁)ပတ်အတွင်း
အမြန်ဆက်သွယ်ပါ
**Ph:09-777396630, 09-795276884**

# နွေရာသီရေကူးသင်တန်း

**အင်းယားလမ်း ရေကူးကန်**
**(စိမ်းလန်းစိုပြေပန်းခြံအနီး)**

- သင်တန်းသားများ လက်ခံနေပါပြီ။
- မြန်မာ့လက်ရွေးစင်ဟောင်းများမှ စနစ်တကျ သင်ကြားလေ့ကျင့်ပေးနေပါသည်။

**Ph:09-73105276, 09-32507088**

ချောင်းဆိုးနေသူများ "ရွှေမြန်မာ" အမှတ်တံဆိပ် သလိပ်ပျော်ချောင်းဆိုးပျောက်ငုံဆေးပြား ကို ဆောင်ထားကြပါစို့!

၁။ လည်ချောင်းယားယံ၍ ချောင်းဆိုးခြင်း၊
၂။ ချွဲသလိပ်ကပ်၍ ချောင်းဆိုးခြင်း၊
၃။ ရင်ကျပ်ချောင်းဆိုးခြင်း၊
၄။ အအေးမိ ချောင်းဆိုးခြင်း၊
၅။ သလိပ်ကပ်ချောင်းဆိုးခြင်း
ရောဂါတို့ကို သုံးစွဲနိုင်ပါသည်။

အစွမ်းထက် တိုင်းရင်းဆေးပင်များဖြင့် ဖော်စပ်ထားပြီး ခေတ်မီစက်ကိရိယာဖြင့် ဆန်းသစ်တီထွင်ထုတ်လုပ်ထားပါသည်။

ရွှေမြန်မာ®

SHWE MYANMAR

အမှတ်တံဆိပ်






တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 012984 (0118)
တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၅/၂၀၁၄/တဆဆလ/တိုး(၁၃၁၆)

သလိပ်ပျော်ချောင်းဆိုးပျောက်ငုံဆေးပြား

(၆)လုံးပါဆေး(၁)ကဒ်
၂၀၀ကျပ် - မျှသာ

ပင်ရင်း:- အမှတ်(၉)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၄၈ ၀၀၂ ၈၂၈ ၊ ၀၉ ၅၀၁ ၀၀၇၄ ၊ ၀၉ ၇၃၀ ၈၂၄ ၆၁။

၂၀၁၆ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်စွာဖြေဆိုနိုင်စေရန် ဆုမွန်ကောင်းတောင်းလျက် . . .

"ဖြေဆိုချိန် (၃) နာရီအတွင်း မေးခွန်းတစ်ပုဒ်ချင်းစီကို အချိန်မှန်ကန်စွာ ခွဲဝေသတ်မှတ်ပြီး အောင်ပန်းတွေဆွတ်ခူးနိုင်ဖို့ လက်ပတ်နာရီတစ်လုံးတော့ လိုအပ်တယ်"

Exam Discount
All Watches [15%] Off
FEB 23 - MAR 8

မှတ်ချက်။ ။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြား(သို့) ကျောင်းသားကတ်ပြားဖြင့် ဝယ်ယူနိုင်ပါသည်။

နာရီဆိုလျှင်
ချယ်ရီဦး
https://www.facebook.com/cherryoowatchgallery,
CONTACT : 09-73022248

လုပ်ငန်း၏ စာရင်း Reports များကို Mobile Phone/Tablet များမှ အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်မည့်စနစ်ပါဝင်သည့်

လွယ်ကူသော အရောင်းဆိုင်သုံး ကွန်ပျူတာစနစ်

EBS®
Easy Business System

1PC Package = 250,000 Ks
2PC Package = 410,000 Ks
3PC Package = 610,000 Ks

Developed by : iTSTAR Software Development Co.,Ltd.
Mandalay : Wa-4, No(16), Corner of Tharyarwadimingyi & 72nd, Kywesaekan. 02-82022, 09-91021336.
Yangon : No.93 B, 2nd Floor, Mingalar Street, San Kyaung, Yangon. 09-789199789, 09-402606161.

EBS Software ဝယ်ယူနိုင်သော ဆိုင်များ

- Citicom Computer (ရန်ကုန်)
- UNIQUE Computer (ရန်ကုန် ဆိပ်ကမ်းသာ)
- Technoland Computer (36st ရန်ကုန်၊ မန္တလေး၊ မုံရွာ)
- IT Land Computer (ရန်ကုန်)
- Matrix Computer (ရန်ကုန်၊ မန္တလေး)
- Life Mark Computer (ရန်ကုန်)
- INNWA Computer (မန္တလေး)
- AMT Computer (မန္တလေး)
- WW Net (မန္တလေး)
- LINN Computer (နေပြည်တော်၊ ပျဉ်းမနား)
- စည်သူ Computer (ကျောက်ဆည်)
- KMD-1 Computer (ကလေးမြို့)
- တက်နေဝန်း iT & Mobile House (လားရှိုး)
- Neon Star Computer (လားရှိုး)

bridge
360°
100% Applied
Cerfication Courses
We bridge you to your Success



Ph : 09 5058986
G-mail : komoethant11@gmail.com
Web: www.bridgesupplychain.com
ထထထထ(၆)၊တိုက်(၁၁)ဦးထွန်းလင်းဖြိုလမ်း လှည်းတန်းကာမာရွတ်မြို့နယ်။

Supply Chain & Logistics




Capacity Training (Regular & Corporate)
Professional Drive/ Certification - Sat / Sun Classes:

Management Consultancy
(Part Time / Contract) Services

Preparing
- Std Operating System
- Std Documenting System
- Std Reporting System
- Std Information System
- Std Safety & Security System
- Std Operating Timeline
- Std JD & Appraisal (KPI) for Staffs

Conducting
SOP Drive / Review / Assessment / Survey / Re / Structuring for Logistics works

Recruiting
- Interview Process for Right Post / Right Person/ Right Capacity for Supply Chain & Logistics Posts

အရည်အသွေးမီ "SSD"
စိုးစန္ဒာ(ဂ)ပေါက် စက်အုတ်

လူကြီးမင်းတို့ဆီအရောက် အထူးအာမခံ အုတ်အလုံး (၁)သိန်းတွင် အကျိုးပါဝင်မှု အလုံး(၅၀၀)ခန့်သာပါမည်။

စက်ရုံ ဖုန်း-၀၉-၅၁၆၇၅၆၇၊ ၀၉-၇၉၉၇၉၁၂၃၀
သာကေတ ဖုန်း-၀၉-၇၃၂၄၉၆၄၉

House For Sale in Insein. 230000 US$
Opposite of KweKaBaw Hospital,
Min Gyi Road, 261, Also for Sale
very Old Furniture's
Ph : 09 421163498, 09 423711909.

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း

ကျွန်မနန်းဝိလိုင်း၊ နိုင်ငံသားအမှတ်[၁၃/ကတန(နိုင်)၀၂၉၇၆၃](ဘ) ဦးမြင့်ဆွေနှင့် စိုင်းတင်ထွန်း(ခ)စိုင်းလောင်၊ မှတ်ပုံတင်အမှတ်(KTG-၁၀၀၁၀၇) (ဘ)ဦးလောပင်းတို့သည် (၁၂-၈-၂၀၁၄)ရက်နေ့တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းစာချုပ်ချုပ်ဆို၍ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မနန်းဝိလိုင်း
[၁၃/ကတန(နိုင်)၀၂၉၇၆၃]






Panorama glass roof



BMW 3rd row seats



BMW Night Vision with dynamic light spot

# MAKE EVERYDAY COUNT THIS MYANMAR NEW YEAR.

0% interest နှင့်အတူ လစဉ် **ကျပ်(၇၃)သိန်းသွင်းရုံဖြင့် သိန်း(၂၅၀၀) တန်ဖိုး** ရှိသည့် BMW ၏နောက်ဆုံးပေါ် အဆင့်မြင့် SAV-BMW X5 ကို ပိုင်ဆိုင်နိုင်ပါပြီ။

Brand New BMW X5 (၃)စီးကိုသာ ဦးရာလူစနစ်ဖြင့် ရောင်းချမှာ ဖြစ် သည့် အတွက် Prestige Automobiles သို့ အမြန်ဆုံး လှမ်းခဲ့ဖို့ ဖိတ်ခေါ်အပ်ပါသည်။

သင်သွားရောက်မည့် ခရီးတိုင်းအတွက် ပျော်ရွှင်ခြင်းတွေ ယူဆောင်လာပေးမည့် BMW X5.

Phone : 01 - 230 6133, Service Hotline : 01- 230 6144

**Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.**
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.

Join BMW Myanmar
www.facebook.com/BMWPAC

STI MYANMAR UNIVERSITY

University of Bedfordshire

**STI MU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်း၍အောက်ပါ ဘွဲ့ကြို ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်မည်။**

## Faculty of Health Science NEW!

1. Master of Business Administration (Hospital & Health Services Management)
2. Master of Nutrition and Dietetics
3. Master of Public Health

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Royal Society for Public Health (RSPH) UK
- Association for Nutrition (AfN) UK

## Faculty of Education & Linguistics

Master of Education in Leadership and Management

ENROLL NOW

### ဘွဲ့ကြိုသင်တန်းဝင်ခွင့်လိုအပ်ချက်

- တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ
- IGCSE ဖြေဆိုအောင်မြင်ပြီးသူများ
- ဒုတိယနှစ် (သို့မဟုတ်) နောက်ဆုံးနှစ်လျှောက်ထားလိုသူများသည် STI MU မှ ဒီပလိုမာ/အဆင့်မြင့် ဒီပလိုမာ (သို့မဟုတ်) HND (သို့မဟုတ်) ABE (သို့မဟုတ်)
- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

### ဘွဲ့လွန်သင်တန်းဝင်ခွင့်လိုအပ်ချက်

- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

အင်္ဂလိပ်ဘာသာကျွမ်းကျင်ရန်လိုအပ်ပြီး သင်တန်းများ၏ဝင်ခွင့်ထောက်ခံချက်လိုအပ်ပါသည်။

## Faculty of Business

1. Bachelor of Arts (Honours) Business Administration
2. Bachelor of Arts (Honours) Accounting
3. Master of Business Administration

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Marketing UK (CIM)
- The Association of International Accountants UK (AIA)
- The Association of Chartered Certified Accountants UK (ACCA)

## Faculty of Engineering

1. Bachelor of Engineering (Honours) Civil Engineering
2. Bachelor of Engineering (Honours) Architectural Engineering
3. Bachelor of Engineering (Honours) Electronic Engineering
4. Bachelor of Engineering (Honours) Civil & Architectural Engineering
5. Bachelor of Arts (Honours) Architectural Design
6. Bachelor of Science (Honours) Construction Management
7. Master of Business Administration (Engineering Management)

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Building UK (CIOB)
- Institution of Civil Engineers UK (ICE)

Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်   Ph: 507151/52, 377988, 09 250064451

https://www.facebook.com/STIMyanmarUni   www.stiedu.net

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဗဟိုလမ်း၊ (ယခင်ဦးဘဟန်လမ်း)၊ အမှတ်(၁၃၀/၁၃၁)ဟုခေါ်တွင်သော အလျား(၅၂)ပေ×အနံ(၁၀၄)ပေ အကျယ်အဝန်းရှိ မြေကွက်များအနက်မှ အမှတ်(၁၃၁)ရှိ မြေကွက်ပေါ်တွင် မြေရှင်များဖြစ်သော (၁)ဒေါ်အေးအေးညို၊ (၂)ဦးရွှေဝင်း၊ (၃)ဒေါ်မြမြဝင်း၊ (၄)ဒေါ်ကြည်ကြည်ဝင်း၊ (၅)(GP)ဦးထင်ကျော်နှင့် ကန်ထရိုက်တာ ဦးအောင်ကျော်ထွန်းတို့ အကျိုးတူပူးပေါင်း၍ ဆောက်လုပ်ထားသော တိုက်(B)၊ (၃)ခန်းတွဲ၊ (၅)ထပ်တိုက်မှ ကန်ထရိုက်တာ ဦးအောင်ကျော်ထွန်း အကျိုးခံစားခွင့်ရှိသည့် (၅)လွှာ (အလယ်ဒါဘ) တိုက်ခန်းကို မြေရှင် ဦးထင်ကျော်မှ ပြန်လည်ဝယ်ယူပြီး လက်ရောက်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား မြေရှင် ဦးထင်ကျော်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထိန်ဝင်း[၁၂/အစန(နိုင်)၀၈၈၂၃၁]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစောကော်ဒို(LL.B) အထက်တန်းရှေ့နေ(စဉ်-၁၁၇၂၇)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ရုံးခန်း-မ/၁၈/A၊ ဟီးနိုးဂိတ်၊ အောက်မင်္ဂလာဒုံလမ်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၇၃၀၇၆၇၄၈၊ ၀၉-၇၉၉၄၈၀၇၀၅**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁၅ နှင့် ဆက်သွယ်သည့် ၂၀၁၆-ခုနှစ် တရားမဇာရီမှုအမှတ်-၆**

| | | |
|---|---|---|
| ၁။ ဦးစိုင်းလောင်ခမ်း | နှင့် | ၁။ ဦးမြင့်စိုး |
| ၂။ ဒေါ်နန်းအေးမွန်းအောင် | | ၂။ ဒေါ်နှင်းနှင်းအေး |
| | | ၃။ ဦးချိုသန်း |
| | | ၄။ ဒေါ်ယဉ်မာလာထွန်း |
| | | ၅။ ဒေါ်ရင်လီ |
| **(အနိုင်ဒီကရီရသူ)** | | **(တရားရုံးများ)** |

တရားရှုံး(၁) ဦးမြင့်စိုး၊ (၂) ဒေါ်နှင်းနှင်းအေး အမှတ်(၂၂/အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ (၃) ဦးချိုသန်း အမှတ်(၅၁)၊ (၈)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ (၄)ဒေါ်ယဉ်မာလာထွန်း အမှတ်(အေ-၂၇)၊ ပဒေသာပင်လမ်းမကြီး၊ FMI City လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊ (၅) ဒေါ်ရင်လီ အမှတ်(SSB-6)၊ ရွှေစပါယ်လမ်းမကြီး၊ FMI City လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁၅ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးစိုင်းလောင်ခမ်းပါ-၂ က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက် (၁၃၇၇ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## အိမ်ခြံမြေပိုင်ရှင်ဖြစ်ပါကြောင်း အများသိစေရန်

ဦးသန်းထွဋ်[၁၂/မရက(နိုင်)၀၃၉၄၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ^ခ)၊ မြေကွက်အမှတ်(၄/၂၁၅)၊ ဧရိယာ(၀. ၁၂၀)ဧက ကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်မှ အမှတ်(၃၁/၁)၊ ကာယ(၁၁)လမ်း၊ (ကာယ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မေပိတောက်ဝါစိုး [၁၂/ဥကမ(နိုင်)၁၅၃၅၂၆]အမည်ဖြင့် မှတ်သားတည်ရှိနေရာမှ ဦးသန်းထွဋ်က အရပ်ကတိစာချုပ်ချုပ်ဆိုပြီး တရားဝင်ဝယ်ယူ၍ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ကိုယ်စားလှယ်လွှဲစာရယူပြီး အိမ်ခြံမြေကွက်ကိုလည်း လက်ရောက်လွှဲပြောင်းရယူပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ အိမ်ခြံမြေ၏ ပိုင်ရှင်သည် ဦးသန်းထွဋ် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ ၅-ရပ်ကွက်၊ လှိုင်မြို့နယ်**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

## သတင်းစာကြေညာချက်များအား ခွင့်ချက်မရှိ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)လမ်း၊ အမှတ်-၃၀(၄-လွှာ)၊ (မြောက်ဘက်ခန်း)နေ ဦးမြင့်ကြည်[၁၂/လမတ(နိုင်)၀၂၀၆၂၉]မှ အများပြည်သူသိရှိစေရန်အတွက် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါ သည်။

ကျွန်တော်ဦးမြင့်ကြည်[၁၂/လမတ(နိုင်)၀၂၀၆၂၉]သည် ကျွန်တော်၏အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)လမ်း၊ အမှတ်-၃၀(၄-လွှာ) (မြောက်ဘက်ခန်း)တိုက်ခန်းအပါအဝင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းရှိ ဆိုင်ခန်းအမှတ်(၁၀၄/၂)အခန်းနှင့်ပတ်သက်၍ ကျွန်တော် ဦးမြင့်ကြည်မသိရှိဘဲ(သို့မဟုတ်)သဘောတူခွင့်ပြုချက်မရှိဘဲ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ အခြားနည်းတစ်စုံတစ်ရာဖြင့် လွှဲပြောင်းပေးကမ်းခြင်း၊ အာမခံထားခြင်းတို့ မပြုလုပ်ရန်နှင့်ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း **၂၇-၆-၂၀၁၅ ရက်နေ့စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၁)တွင် ထည့်သွင်းကြေညာခဲ့ပြီး** အဆိုပါကြေညာချက်ကို ပြန်လည်ရုပ်သိမ်းကြောင်း **၁၀-၇-၂၀၁၅ ရက်နေ့စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၈)တွင်** ကြေညာခဲ့ပါသည်။ ထို့နောက်အဆိုပါကြေညာချက်မှာ ကျွန်တော်၏ ခွင့်ပြုချက်မရရှိဘဲ ကြေညာခဲ့သော ကြေညာဖြစ်ကြောင်းနှင့်ကြေညာချက်အား (၇)ရက်အတွင်း ပြန်လည်ပယ်ဖျက်ပေးရန် **၄-၈-၂၀၁၅ ရက်နေ့စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၄)တွင်လည်းကောင်း၊ ၂၅-၈-၂၀၁၅ ရက်နေ့စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၈) တွင်လည်းကောင်း** ကြေညာချက်များ အသီးသီးထည့်သွင်းကြေညာခဲ့ပါသည်။

ထိုသို့ ထည့်သွင်းကြေညာခဲ့သည့် အထက်ဖော်ပြပါကြေညာချက်များအားလုံးကို ကျွန်တော်၏သဘောဆန္ဒအရ ယနေ့မှစ၍ ခွင့်ချက်မရှိပြန်လည်ရုပ်သိမ်းကြောင်း အများပြည်သူ သိရှိစေရန်အတွက် အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်ကြည်[၁၂/လမတ(နိုင်)၀၂၀၆၂၉]**
**အမှတ်-၃၀၊ (၄-လွှာ)၊ (၄)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ရှိုင်းထရေးဒင်းကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးဝင်ပိန်ဆီ (ခ) ဦးအန်ကီ မှ ပြန်လည်ရှင်းလင်းခြင်း

ရှိုင်းထရေးဒင်းကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးဝင်ပိန်ဆီ (ခ) ဦးအန်ကီ၏လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းအပ်ပါသည်။

ရှိုင်းထရေးဒင်းကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးဝင်ပိန်ဆီ (ခ) ဦးအန်ကီ၏လွှဲအပ်ချက်အရ (၄-၂-၂၀၁၆) နေ့ထုတ်ကြေးမုံသတင်းစာ၊ ကြော်ငြာစာ-၂၈ တွင် သက်ဆိုင်သူများနှင့်အများသိစေရန်ကြေညာချက်ကို ထည့်သွင်းရာတွင်

မည်သည့် တရားရုံး၏ တရားစီရင်ရေးဆိုင်ရာ၊ မည်သည့်အမိန့်၊ မည်သည့် ဆုံးဖြတ်ချက်၊ မည်သည့်ဆောင်ရွက်ချက်ကိုမျှ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း ကိုမျှ ပြုမူပြောဆိုကြေညာခြင်းမပါရှိပါ။

ဥပဒေမဲ့ ဆောင်ရွက်ခြင်းများကို တရားရုံးတော်၏တရားဝင်အခွင့်အမိန့် တစ်စုံတစ်ရာမရရှိဘဲ၊ အခြားပြင်ပပုဂ္ဂိုလ်များက လွှဲပြောင်း၊ ရောင်းချ၊ ကျူးကျော်မပြုမလုပ်ကြစေရန် အသိပေးကြေညာခြင်းသာဖြစ်ပြီး၊ တရားရုံးတွင် ဥပဒေအခွင့်အရေးတင်ပြဆောင်ရွက်နေသူ မဟဲလ်ဆူတာနာ (ခ) ဒေါ်လုလု ပါ-၃၅ တို့နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း ထပ်မံဖြည့်စွက်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -

| | |
|---|---|
| ဦးဝင်ပိန်ဆီ (ခ) | ၁။ ဦးအောင်ကျော်မိုး(၃၈၂၀) ၂။ ဒေါ်ဝင်းဝင်းသောင်း(၈၃၂၉) |
| ဦးအန်ကီ | တရားလွှတ်တော်ရှေ့နေများ (လွှဲအပ်ခံရသူများ) |
| (လွှဲအပ်သူ) | အမှတ်(၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| | ဖုန်း-၀၉ ၅၁၃၀၁၂၃၊ ၀၉ ၄၃၁၈၁၈၁၆ |

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းကို မူလအမည်ပေါက်ထံမှ ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးသန်းနိုင် [၁၂/လမန(နိုင်)၀၀၂၄၇၂](မှ) | ဦးကျော်စွာဦး [၁၂/မဘန(နိုင်)၀၈၁၈၉၂] | တိုက်အမှတ်(စီ)၊ အခန်းအမှတ်(၄၀၄)၊ Shwe Zabu River View Complex ကမ်းနားလမ်း၊ အလုံမြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းကို မူလအမည်ပေါက်ထံမှ ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးစိန်မြင့်ဦး [၁၂/ကမရ(နိုင်)၀၂၂၈၆၈](မှ) | ဒေါ်ခင်မျိုးနိုင် [၇/ရတန(နိုင်)၀၀၉၉၃၂] | တိုက်အမှတ်(၁၁)၊ အခန်းအမှတ်(၂၄)၊ ဆောင်းဟေမာန်အိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ကြော်ငြာ

### ဘုရား၊စေတီ၊ရဟန်း၊သိမ်၊ကျောင်း၊ရေတွင်း၊ရေကန်ဒါယကာကြီး
### Capt; ဦးလှဝင်း(သုံးခွ)
### အသက်(၇၄)နှစ်၊ CDC-၂၉၇၉
**ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းအမှတ်စဉ်(၁)**
**တပ်မတော်(ရေ)လေ့ကျင့်ရေးကျောင်း**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း**
**အလုပ်အမှုဆောင်အဖွဲ့ဝင်၊ ရေကြောင်းအတတ်ပညာရှင်များအသင်း**
**အမှုဆောင်ဒါရိုက်တာ၊ ဇေယျသိဒ္ဓိသင်တန်းကျောင်း**
**လင်းပါရဂူအထူးကုဆေးခန်း/ဆေးရုံ**

သုံးခွမြို့နေ (ဦးလွဲရာ-ဒေါ်ကျင်မေ)တို့၏ သား၊ ပုသိမ်မြို့နေ (ဦးဘိုးဆိုင်-ဒေါ်စိန်ယုံ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာရိပ်သာ၊ မာလာမြိုင်လမ်း၊ အမှတ်(၁၈/ဘီ)နေ ဒေါက်တာသောင်းသောင်းဆိုင် (လင်းပါရဂူ အထူးကုဆေးခန်း/ဆေးရုံ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာအေးမြတ်မိုရ်-Samuelလွင် (Sydney, Australia)၊ ဦးအောင်ဘိုဘို (LEGRAND-MM)၊ ဦးစိုးလှဝင်း(YOMA BANK)တို့၏ ချစ်လှစွာသောဖခင်ကြီး Capt; ဦးလှဝင်း သည် ၁၉-၂-၂၀၁၆ (သောကြာနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
### ဦးသိန်းကြူ(ခ)စောရင်းကျဲ့
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄၁န ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၁၅၀)နေ ဒေါ်ရင်ဝေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှဘုန်း၊ ဦးလှမင်း၊ ဦးမင်းကြည်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ (ဦးစန်းအောင်)-ဒေါ်တင်လှ၊ ဒေါ်မြညွန့်၊ ဒေါ်ကြူလှိုင်တို့၏မောင်၊ ဒေါ်စိန်စိန်ဦး(ခ)Cynthia Lim (B.A (Hons)English, M.B.A Fellow N.T.U S'pore, M.I.T.U.S)-ဒေါက်တာမိုးဆန်း (M.D, F.A.C.P, M.B.A, U.S)၊ ဦးဉာဏ်လင်း - ဒေါ်ကေခိုင်ဝင်း၊ ဦးအောင်ကျော်ထွန်း၊ ဒေါ်လတ်လတ်ထွန်း၊ ဦးအောင်ကျော်သူ-ဒေါ်ဆွေဆွေသန်း(ခ)အေးမိစံ၊ ဒေါ်မြတ်မြတ်မင်းတို့၏ဦးလေး ဦးသိန်းကြူ(ခ)စောရင်းကျဲ့သည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၄၅ နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ကျောင်းဒါယိကာမကြီး
### ဒေါ်ကြင်ဝင်း
### အသက် (၆၂)နှစ်
**B.Sc (Maths)**
**သာလွန်ရေယာဉ်များပိုင်ရှင်**

အမှတ်(၅၁)၊ မင်းရဲကျော်စွာလမ်း (ဗဟိုလမ်း)၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးဘသိန်း-ဒေါ်လှ)တို့၏ သမီးထွေး၊ ဒေါ်ခင်မေရီ၊ ဒေါ်ကျင်ကြည်၊ ဦးသန့်ဇင်ထွန်းတို့၏ ညီမ၊ မဆွေသီရိဝင်း၊ မောင်ဘုန်းပြည့်ညွန့် (1st Yr. M.Sc Geology)တို့၏ မိခင်၊ (ဦးကြည်အေး)၏ဇနီး ဒေါ်ကြင်ဝင်းသည် ၂၂-၂-၂၀၁၆ ရက် နံနက် ၁၁း၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့)တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### ဦးအောင်ဇော်မင်း (၄၄)နှစ်
**(ဗဟိုစည်)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၉၄၈)နေ (ဦးသိန်းမြင့်)-ဒေါ်ငွေပန်တို့၏သား၊ ဦးစိုးသန့်-ဒေါ်ယဉ်ယဉ်မော်၊ ဦးသန်းနိုင်ဦး-ဒေါ်အေးအေးသန့်(ဩစတေးလျ)၊ ဦးမင်းသိန်း-ဒေါ်မင်းမင်းသန့်တို့၏မောင်၊ (ဦးမိုးကျော်သူ)၏အစ်ကို၊ တူ/တူမ ငါးယောက်တို့၏ဦးလေးသည် ၂၁-၂-၂၀၁၆ (တနင်္ဂနွေနေ့) ည ၉း၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) ညနေ ၆ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၆ (စနေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးမြင့်လွင် (၆၁)နှစ်
**လက်ထောက်အထွေထွေမန်နေဂျာ**
**(ငြိမ်း)၊ သစ်ထုတ်ရေးဌာန၊**
**မြန်မာ့သစ်လုပ်ငန်း**
**B.Sc (Forestry)1978**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ တိုက် (A.3)၊ အခန်း (၆၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာနေ (ဦးမြင့်သိန်း-ဒေါ်တင်မေ)တို့၏သား၊ (ဦးဘထွန်း)-ဒေါ်ခင်လှတို့၏သားသမက်၊ ဒေါ်ငွေငွေ၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးညီမင်းထွန်း-မခိုင်ဇာလွင်၊ ကိုလွင်မျိုးသက် (ခေတ္တ-စင်ကာပူ)၊ ဗိုလ်ကြီးချမ်းငြိမ်းသက်(D.S.M.A-14) တို့၏ မွေးသဖခင်၊ မဆုရတီထွန်း၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၁-၂-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၁၆း၀၅ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၆(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးဇော်ရိန်မြင့်(ခ)ဦးလှမြင့်
### အသက် (၆၁)နှစ်
**T.T.C(ကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃) ရပ်ကွက်၊ (၃၅)လမ်း(အထက်)၊ အမှတ်(၂၁၅/၂)နေ (ဦးကံညွန့်-ဒေါ်ယဉ်နု)တို့၏ တစ်ဦးတည်းသောသား၊ (ဦးစိန်ဝင်း-ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်ညွန့်ညွန့်သန်း(အထက-၁၊ ဒဂုံ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးသန်းစိုး)-ဒေါ်ယဉ်ရွှေ၊ ဦးသိန်းစိုး-ဒေါ်မြဝင်းကြည်၊ (ဦးသောင်းစိုး-ဒေါ်မြင့်မြင့်ကြည်) တို့၏ညီ၊ ဦးဝင်း ရွှေ-ဒေါ်ညွန့်ညွန့်သိန်း၊ ဒေါ်ညွန့်ညွန့်သောင်း တို့၏ချစ်လှစွာသောအစ်ကို၊ ဦးခွန်ကျော်ညီ (ခေတ္တ-Korea)၊ ဦးမျိုးမင်းဇော် (DONJINE SHIPPING)၊ ဦးဟန်မျိုးရှိန် (MERAGO SHIPPING)-ဒေါ်လှခင်သိန်းတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မပီတိသွန်း (Grade-7၊ အထက-၁၊ ဒဂုံ)၊ မမိဇ္ဇန်ဇူးရှိန် (အထက-၁၊ ဒဂုံ) တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၂-၂-၂၀၁၆ရက် နံနက် ၃း၃၀ နာရီတွင် ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု

---

### ဒေါ်ချိုချိုအောင်
### အသက် (၅၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်(၉၈)နေ (ဦးတင်အောင်မြင့်-ဒေါ်လှလှဝင်း)တို့၏သမီးကြီး၊ ဦးလှဝင်းငွေး၏ဇနီး၊ မောင်ကျော်ဝင်းငွေး၊ မောင်ဗိုလ်ဗိုလ်ကျော်၊ မောင်ဇာနည်တို့၏ မိခင် ဒေါ်ချိုချိုအောင်သည် ၂၂-၂-၂၀၁၆ရက် နံနက် ၇း၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ အမှတ်-၃၅ နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်လွင်လွင်လွင်(သထုံ)
### အသက် (၈၃)နှစ်

သထုံမြို့၊ မင်းတန်း၊ ရှမ်းစုရပ်နေ (ဦးအေးဖေ-ဒေါ်ငွေရင်)တို့၏သမီးကြီး၊ (ဦးအုန်းဖေ-ဒေါ်မြ စိန်)တို့၏သမီးချွေးမ၊ (ဦးစောလွင်) [စိုက်/ဘဏ်] ၏ချစ်လှစွာသောဇနီး၊ ကပ္ပတိန် တိုးအောင်(KCK Co., Ltd)-ဒေါ်မိမိလွင် (SEM Co., Ltd)၊ ဦးပက်ထရစ်-ဒေါ်ဝါဝါ လွင်(ခ) ကလော်ဒီယာစောလွင် (Sagawah Lwin Co.,Ltd)၊ Mr. Ross Chalmer-ဒေါက်တာချိုချိုစောလွင် (Australia)၊ ကပ္ပတိန်ညီညီလွင် (KCK Co., Ltd)-ဒေါက်တာခင်ဆွေဆွေ (Care Myanmar)တို့၏ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၆ရက် နံနက် ၃း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၆ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ ကမာရွတ်မြို့နယ်၊ စိန်ရတနာလမ်း၊ အောင်မြေသာစည်လုံးချင်းအိမ်ရာ (၇၄-B) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

---

### ဦးဇော်မင်း (၆၃)နှစ်
**(အမှုဆောင်ဘူမိဗေဒဆရာရှိ-ငြိမ်း၊ MOGE)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ(၈) လမ်း၊ အမှတ်(၇၇၃)နေ (ဦးခင်မြ-ဒေါ်ခင်မြင့်)တို့၏သား၊ (ဦးမန်းကျော်သိန်း-ဒေါ်အုန်းကြည်)တို့၏ သားသမက်၊ (ဒေါ်နန့်သန်းမြင့်)၏ခင်ပွန်း၊ ဒေါ်သီရိဇော် (အမှတ်-၂၊ သံမဏိစက်ရုံ)၊ ဦးဇေယျာလင်း (SBT Co., Ltd)-ဒေါ်ဝတ်ရည်ဇော် (Project Leader, NTTDATA MYANMAR CO., LTD)ဒေါ်သက်သက်ဇော်(Secreatry, Japan International Cooperation Agency (JICA)၊ မောင်ဥက္ကာစိုးထွန်း (Final Year၊ ရတနာပုံ နည်းပညာတက္ကသိုလ်၊ ပြင်ဦးလွင်) တို့၏ချစ်လှစွာသောဖခင်၊ မောင်လင်းသူရ၊ မောင်ကျော်ဇေယျာ ထွန်းတို့၏အဘိုးသည် ၂၁-၂-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၆(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၆ (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### မအိဖြိုးရွှေစင်(ခ)မအိအိဖြိုး
**BA(BM),LCCI(Level-3), ACCA**
**လက်ထောက်စာရင်းကိုင်ချုပ်**
**(Petro & Trans Co., Ltd)**
### အသက် (၃၁) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂) ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ်(၉၇)နေ ဦးလှဝင်း-ဒေါ်ယဉ်ယဉ်လှတို့၏ ချစ်လှစွာသောသမီးငယ်၊ ကိုနိုင်ဝင်းထွန်း-မအိအိခင်(ဂွမ်းပုံ)၊ ကိုသန်းထွန်းအောင်-မယဉ်ဝင်းရွှေစင်တို့၏ ညီမ၊ မောင်ကိုကိုဇော်၏အစ်မ၊ ဒုဗိုလ်မှူးကြီးနွယ်ဝင်း(ငြိမ်း) Mananger Quality Assistance (မန်းရတနာပုံလေကြောင်းလိုင်း)-ဒေါ်ယဉ်မင်းလှိုင် (အလက-၃၊ ရန်ကင်း-ငြိမ်း)၊ ဦးအေးဖြိုး (ကွန်ပျူတာနက္ခတ်ဗေဒင်ပညာရှင်)-ဒေါ်တင်အေးမြင့်၊ ဦးအောင်ဇေယျ (Coca-Cola Co.,Ltd, Mawlamyaine)-ဒေါ်ယဉ်မေလှတို့၏ ချစ်လှစွာသောတူမလေး၊ မောင်စစ်သွေးဇော် (အထက-၁၊ ရန်ကင်း)၊ မခင်နှစ်ကူး(အထက၊ နေပြည်တော်)၊ မောင်ဖြိုးမာန်ဟိန်း(အလက-၄၊ ရန်ကင်း)တို့၏ချစ်လှစွာသောအဒေါ် မအိဖြိုးရွှေစင်(ခ)မအိအိဖြိုးသည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၉း၃၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်စန်း(မူလတန်းပြရာမ-ငြိမ်း) (၇၉)နှစ်
**အမက(၆) ကျောက်တံတား**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးအိမ်ရာနေ ဒေါ်စန်းရီ၏ညီမ၊ အလုံမြို့နယ်၊ ဧရာဝတီလမ်းနေ ဦးတင်ဝင်း-ဒေါ်လှလှသိန်းတို့၏အစ်မ၊ ကပ္ပတိန်ဝင်းမြင့်သိန်း-ဒေါ်နီလာအောင်၊ ဦးရဲထွဋ်သိန်း-ဒေါ်ညွန့်ညွန့်ဆွေ၊ ဦးအောင်ဇော်မင်း-ဒေါ်ယုယုခိုင်တို့၏မွေးသမိခင်၊ မဆုလဲ့ရည်သိန်း၊ မခိုင်ဆွေရည်လင်းတို့၏အဘွားသည် ၂၂-၂-၂၀၁၆(တနင်္လာနေ့) နံနက် ၆း၄၀ နာရီတွင် ကမ္ဘာအေးနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
### ဦးအောင်ကျော် (၇၇)နှစ်
**(မိုးကုတ်မြို့စေတနာ ကုသိုလ်ဖြစ်ဆေးခန်းမတည်အလှူရှင်)**

မိုးကုတ်မြို့၊ ရှမ်းစုရပ်နှင့် ရန်ကုန်မြို့၊ အမှတ် (၃၂၀/ဘီ)၊ ဦးဝိစာရလမ်းနေ ဒေါ်ကြည်ကြည်ထွန်း၏ခင်ပွန်း၊ ဒေါ်သီဂီထွန်း၊ (ဦးချိုချိုနိုင်)-ဒေါ်မိုးမိုး၊ ဦးသန်းနောင်၊ ဒေါ်အိသိတာထွန်းတို့၏ဖခင်ကြီး၊ ကိုအာကာမင်း-မပွင့်ဖြိုးအောင်၊ ကိုဖြိုးထက်မင်း-မမြတ်မြတ်သူ၊ ကိုသက်ထွန်းဦး-မနော်ဇွန်ယဉ်ဝေမြတ်တို့၏အဘိုး၊ ရွှန်းလဲ့ဝေဦး၏ဘိုးဘိုးကြီးသည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၀၇ နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ ၁၂း၃၀နာရီထိ အမှတ် (၃၂၀/ဘီ) နေအိမ်သို့ ရက်လည်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ကိုသန်းနိုင်လွင် (၅၁)နှစ်
**(RC3) (၁၉၉၂-၉၃)**
**ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် (၃/၅)၊ အခန်း(၆)၊ ပဒုမ္မာလမ်းနေ [ဦးအေးလွင် (ကုန်သွယ်ရေး-ငြိမ်း)]-ဒေါ်ခင်မြင့်တို့၏သားကြီး၊ ကိုထွန်းနိုင်လွင် (UAB Bank)၏အစ်ကို ကိုသန်းနိုင်လွင်သည် ၁၉-၂-၂၀၁၆ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
### ဒေါ်ထွေး(ခ)ဒေါ်ရှာထို (၉၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁) ရပ်ကွက်၊ (၇၀)၊ လမ်းမတော်လမ်း၊ မြေညီထပ်နေ (ဦးစွန်မာစိုး)၏ ဇနီး၊ ဦးကျော်ဝင်း-(ဒေါ်ဘိတင်)၊ (ဦးမောင်စိန်-ဒေါ်တင်ကြူ)၊ ဒေါ်ဆွေတင်၊ (ဦးကျော်အောင်)-ဒေါ်ခင်ခင်လေး၊ (ဦးကျော်လင်း)၊ ဒေါ်ဘိတင်၊ ဦးကျော်ဂီ၊ (ဦးနိုင်ဝင်း)-ဒေါ်တင်တင်လှိုင်၊ ဒေါ်တင်တင်ထွေး၊ ဦးကျော်လေး-ဒေါ်သန်းသန်းထွေးတို့၏မွေးသမိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကား များ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
### ဦးမြင့်အောင်(ခ)ဦးပေါင်ရှိန်
### အသက် (၈၈)နှစ်
**(မြောင်းမြ)**

မြောင်းမြမြို့၊ (၅)ရပ်ကွက်၊ ဦးဘချိုလမ်း၊ အမှတ် (၁၄၁)နေ (ဦးအစူး-ဒေါ်တုတ်)တို့၏သား၊ (ဒေါ်တင်အေး)၏ခင်ပွန်း၊ ဦးအောင်ကြည်-ဒေါ်ငွေးငွေးမြင့်၊ ဦးဘိုကြီး-ဒေါ်သန်းသန်းမြင့် (မျိုးဆက်သစ် ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ဘော်ဒါ)၊ ဦးခင်မောင်ကို-ဒေါ်နီနီဝင်း၊ ဦးသန်းထွန်း-ဒေါ်ခင်မိုးမြင့်တို့၏ကျေးဇူးရှင်မွေးဖခင်၊ ဦးအောင်သိန်းဝင်း-ဒေါ်မေစုစုဟန်၊ ဦးစိုးမိုးအောင်-ဒေါ်မေဇင်ထူး၊ ဒေါက်တာသန်းလင်းအောင်၊ ကိုနိုင်လင်း၊ ဒေါက်တာအေးမွန်ရည်၊ ကိုရဲမိုးကျော်၊ မမေဖူးကို၊ မမိုးကေခိုင်၊ မချူးကေခိုင်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၁-၂-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဘုရားချောင်းရွာမသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်ထွန်းရှင်(မြိတ်)
### အသက်(၆၉)နှစ်
**အသင်းဝင်အမှတ်(၁၂၂၄)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ ထီးတန်း(၁)လမ်း၊ အမှတ်(၇)နေ ဦးဇော်သန်း၏ဇနီး ဒေါ်ထွန်းရှင်သည် ၂၂-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
### ဒေါ်ထွန်းရှင်(မြိတ်) (၆၉)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ စီလမ်း၊ အမှတ်(၆၁)နေ (ဦးစစ်ကြည်-ဒေါ်အောင်မြကြည်)၏သမီးကြီး၊ (မန္တလေးသူရိယဦးသန်းမောင်-ဒေါ်မြမြသန်း)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း(၁)လမ်း၊ အမှတ်(၇)နေ ဦးဇော်သန်း၏ဇနီး၊ ဦးသန်းနိုင်ဦး (ဦးစီးအရာရှိ-ဆည်မြောင်းဦးစီးဌာန)-ဒေါ်နန်းနှင်းသီတာရွှေ(ဒု-ညွှန်မှူး၊ ရေအားလျှပ်စစ်)၊ ရန်ကုန်မြို့နေ ဦးကျော်ဇင်သန့် (Zawgyi Concrete Pole)-ဒေါ်နေရီရီဝင်းတို့၏မိခင်၊ မောင်လင်းထက်ဦး၊ မောင်စစ်ပိုင်ဦး၊ အိန္ဒြေရှင်းသန့်၊ ခန့်ညီဦး၊ ခန့်ငြားသန့်တို့၏အဘွား သည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၅း၄၀ နာရီတွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်တင်တင်နွယ်
### အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းရေတွင်းလမ်း၊ စမ်း/မြောက်ရပ်ကွက်၊ အမှတ်(၁၇)၊ ငါးလွှာနေ (ဦး မောင်စိန်)-ဒေါ်ရင်ရင်မြတို့၏သမီးကြီး၊ ဦးမျိုးဆွေ-ဒေါ်ခင်သန်းနွယ်၊ ဦးသန်းထွေး-ဒေါ်နီနီစိန်၊ ဦးအောင်ဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးထွန်းသူရ-ဒေါ်မူမူသန်း၊ ဦးကိုကိုအောင်-ဒေါ်နာအိုကို၊ ဦးထွန်းထွန်းကျော်-ဒေါ်သာမာထွေးတို့၏အစ်မကြီး၊ ဒေါက်တာတိုးသန်းထွန်း-ဒေါ်ငုဝါလှိုင်၊ ကိုဇာနည်ညီညီ-မနှင်းဝတ်ရည်အောင်တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွား၊ ဦးညီညီ၏ဇနီးသည် ၂၁-၂-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၄း၀၅ နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးရဲထွန်း(ခ)ဦးစိန်ကုလား
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၄၁/၄၃)၊ (၈)လမ်းနေ (ဦးညွန့်မောင်-ဒေါ်ကျင်မြိုင်)တို့၏ သားထွေး၊ ဒေါက်တာလှဖေ-ဒေါက်တာနှင်းနှင်း၊ ဒေါက်တာရဲဝင်း-ဒေါက်တာဝင်းဝင်းသိန်း (ရေကြည်)၊ ဒေါက်တာအေးဝင်း-ဒေါက်တာသင်းသင်း(ခေတ္တ -USA)၊ ဒေါက်တာထွန်းကြည်-ဒေါက်တာမိမိခိုင်၊ ဒေါ်အေးအေးသန်းတို့၏မောင် ဦးရဲထွန်း(ခ)ဦးစိန်ကုလားသည် ၂၁-၂-၂၀၁၆ ရက်တွင် အင်းစိန်မြို့၊ လမ်းသစ်လမ်း၊ (၇၉)၊ နံ့သာကုန်းရပ်ကွက် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဒေါက်တာ ဘဒ္ဒန္တ နေမိန္ဒာဘိသီရိ
**အဂ္ဂမဟာပဏ္ဍိတ**
### သိက္ခာတော် (၅၉)ဝါ၊ သက်တော် (၇၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ တံတားဖြူကန်လမ်း၊ ရတနာသိဃ်ပရိယတ္တိစာသင်တိုက်ပဓာနနာယက လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုကဖြစ်တော်မူသော ဒေါက်တာ ဘဒ္ဒန္တ နေမိန္ဒာဘိသီရိဆရာတော်ကြီးသည် (၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်) ၂၁-၂-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ရက်) ၂၉-၂-၂၀၁၆ (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ သံဃာတော်များနှင့် တပည့်ဒါယကာ၊ တပည့်ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ

---

### ဘုရား၊ ရဟန်း၊ သိမ် ၊ကျောင်း၊ ဆေးရုံ၊ ရေကန်၊ မုခ်ဦးဒါယိကာမကြီး
### ဒေါ်စန်းကြည် (၈၃)နှစ်
**မိဘမေတ္တာအထပ်သားဖြန့်ချိရေး(ရန်ကုန်)**

မယ်တော်ကြီး ဒေါ်စန်းကြည် (၈၃)နှစ်သည် ၁၉-၂-၂၀၁၆ (သောကြာနေ့) နံနက် ၃ နာရီတွင် ရန်ကုန်မြို့၊ ယောမင်းကြီးလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် အမှတ် (၇၀)၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးကွန်ဒို၊ အခန်း(၂၀၂)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးလှကြိုင် (၇၄)နှစ်
**လက်ထောက်စက်ရုံအုပ်(ငြိမ်း)၊ မြန်မာ့မီးရထားစက်ခေါင်းရုံ-အင်းစိန်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၆/၁၀/၂၃၈-ခ)၊ ဘုရင့်နောင်လမ်းနေ (ဦးမဲ-ဒေါ်လှိုင်)တို့၏သား၊ ဦးသန့်ဇင်ဦး(ArystaLife Science)-ဒေါ်တင့်တင့်မြတ်စံ(မျိုးစေ့ဌာနခွဲ-စိုက်ပျိုးရေး)၊ ဗိုလ်မှူးထင်လတ်ဦး(MEC)-ဒေါ်မျိုးစန္ဒာတို့၏ဖခင်၊ မောင်သူရ-မမေဇင်မြတ်စံ(Royal Surrey Hospital, UK)၊ မရွှေဇင်မြတ်စံ (နောက်ဆုံးနှစ် အပိုင်း-က၊ U.M.I)၊ မောင်ပြည့်စုံဦး(တ-နှစ်၊ ဒဿနိက C.O.E.Y.U)၊ မစပယ်နှင်းစန္ဒာဦး(ပ-နှစ်၊ အနောက်ပိုင်းတက္ကသိုလ်)၊ မောင်ဘုန်းမြင့်ဦး၊ မောင်ရဲ ထင်မျိုးဦး(ကောင်းစုံပညာရိပ်မွန်)တို့၏အဘိုး၊ ဒေါ်နီနီ၏ကျေးဇူးရှင်ခင်ပွန်းသည် ၂၀-၂-၂၀၁၆(စနေနေ့)၊ နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ဆွမ်းကျွေးတရားတော်နာကို ၂၆-၂-၂၀၁၆ (သောကြာနေ့) နံနက်တွင် ခြံအမှတ်(၃)၊ အောင်မြေသာစည်(၂)လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကွယ်လွန်သူ နာမကျန်းဖြစ်စဉ် ဂရုတစိုက်ကုသပေးခဲ့သော သုခကမ္ဘာဆေးရုံ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင်(၃)၊ ရင်ခေါင်းအထူးကုဆေးရုံတို့မှ ပါမောက္ခဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ နာရေးကိစ္စတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိတ်ဆွေများ၊ ဖုန်းဖြင့်သော်လည်းကောင်း၊ E-mail ဖြင့်သော်လည်းကောင်း ဝမ်းနည်းအားပေးစကားပြောကြားသော လုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းနေဖက်များအား ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ရဟန်းသံဃာများအား ပြည်တွင်းပြည်ပ ဓမ္မဒါန
### ဘုရားဖူးပို့ဆောင်ပေးသူအလှူ့ဒါယိကာမကြီး
### ဒေါ်အေးအေးမာ အသက်(၅၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁၁၉/A)၊ သမိန်ဗရမ်းလမ်းနေ (ဦးစိန်-ဒေါ်ရီ)တို့၏သမီး၊ ဦးကံထူး၊ ဦးဟန်မြင့်၊ ဦးသိန်းသန်း၊ ဒေါ်စိန်စိန်၊ ဒေါ်ညိုညိုတို့၏ညီမ၊ တူ/တူမ ၁၈ ယောက်တို့၏အဒေါ်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်အေးအေးမာသည် ၂၀-၂-၂၀၁၆ (စနေနေ့) နံနက် ၃နာရီတွင် ပြင်ဦးလွင်မြို့၊ မိုးကြိုးစံပြရပ်ကွက်သစ်၊ အမှတ်(၇၀) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်မြို့၌ သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း။ [၂၆-၂-၂၀၁၆ (သောကြာနေ့) နံနက် ၉ နာရီမှ ၁၂ နာရီထိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁၁၉/A)၊ သမိန်ဗရမ်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### မောင်အောင်ဝင်းထွန်း(ခ)သားသား(ပလက်ဝမြို့) (၁၇)နှစ်
**(ရခိုင်သစ်စက်)**
**(T.A. Prime International Co., Ltd)**

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရွှေနံ့သာရွာမ၊ ကျွန်းရွှေဝါလမ်း၊ အမှတ်(၉)နေ (ဦးကျော်ဖုံ-ဒေါ်ဝင်းသာ)တို့၏မြေး၊ (ဦးသာထွန်း-ဒေါ်သန်းရွှေ)၊ ဦးရွှေသန်း-ဒေါ်စိန်ဝင်း၊ ဦးထွန်းမောင် (Managing Director, T.A. Prime International Co., Ltd)၊ ဦးထွန်းကျော်-ဒေါ်သောင်းရင်တို့၏တူ၊ ဦးမောင်အေး-ဒေါ်ဆုန်ထွေးတို့၏သား၊ ကိုသက်မျိုးအောင် (TRI STATE MYAN MAR)-မအေးအေးထွန်း၊ မလှလှဝင်း(TRI STATE MYANMAR) တို့၏မောင်၊ မောင်ထိုက်အောင်လင်း၏အစ်ကိုသည် ၂၁-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၆(စနေနေ့) နံနက် ၇နာရီတွင် ဦးမောင်အေး-ဒေါ်ဆုန်ထွေးတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါက်တာဒေါ်နှင်းအေး(ခ)
### ဒေါ်အေးမီ (၇၈)နှစ်
**ကလေးအထူးကုနှင့်**
**အာဟာရပြုစုပျိုးထောင်ရေးယူနစ်**
**အငြိမ်းစား တာဝန်ခံဆရာဝန်ကြီး**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၅၃၁)၊ ဝဏ္ဏသိဂီလမ်း၊ မေတ္တာညွန့်ရပ်ကွက်နေ (ဦးတိတ်စိန်-ဒေါ်ရွှေပို)တို့၏သမီးကြီး၊ (ဦးသန်းညွန့်)-ဒေါ်လှမြင့်တို့၏ညီမ၊ (ဒေါက်တာသန်းထွဋ်)-ဒေါ်လူစီ၊ ဦးသိမ်းဆွေ-ဒေါ်သန်းသန်းနွယ်၊ ဦးဝင်းအောင်-ဒေါ်သန်းသန်းထွေးတို့၏အစ်မ၊ တူ/သားဖြစ်သူ ကိုအေးငြိမ်းဆွေ၏မွေးစားမိခင်ကြီးသည် ၁၉-၂-၂၀၁၆ ရက် ည ၈း၄၈ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၁၆ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ရဟန်း ဒါယိကာမကြီး
### ဒေါ်ထွေး(ကျိုက်လတ်)
### အသက် (၈၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးဘကြွယ်-ဒေါ်ဖွားရီ)တို့၏သမီးလတ်၊ (ဒေါ်မြညွန့်)၊ (ဒေါ်သောင်းညွန့်)တို့၏ညီမ၊ (ဦးသန်းလွင်)၊ (ဦးမောင်မြ)တို့၏အစ်မ၊ ရွှေပြည်သာ၊ ၉/၃/၂ (၂၇၉-က)၊ ရတနာသီရိပန်းခြံနေ [ဦးမြင့်သိန်း (ကြေးမုံသတင်းစာတိုက်-ငြိမ်း)]၏ဇနီး၊ မငွေငွေဝင်း၊ မသန်းသန်းဝင်း၊ မောင်သန်းထွဋ်၊ မသန်းနှစ်၊ မောင်တင်ထွဋ်၊ မောင်မြင့်ထွန်းတို့၏မွေးသမိခင်၊ မြေး ၁၇ယောက်၊ မြစ်ကိုးယောက်တို့၏ဘွားဘွားကြီး ဒေါ်ထွေးသည် ၂၁-၂-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ကျူချောင်းသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

Hot Line No-0930500100

## အယ်လ်နီညိုအကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးဆွေးနွေး

ပြည်သူ့လွှတ်တော်အစည်းအဝေး၊ စာမျက်နှာ » ၆

## သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်း၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဖွဲ့စည်းရေးဆောင်ရွက်

အမျိုးသားလွှတ်တော်အစည်းအဝေး၊ စာမျက်နှာ » ၇

# ချင်းတွင်းမြစ်အတွင်း သဲသောင်များကြောင့် ရေကြောင်းကျဉ်း၍ ရေယာဉ်များသွားလာရေးခက်ခဲနေ



**ရေစကြို ဖေဖော်ဝါရီ ၂၂**

ယခုနှစ်တွင် ချင်းတွင်းမြစ်ရေအကျစောပြီး သဲသောင်ခုံများ အများအပြားပေါ်ထွန်းလာမှုကြောင့် ရေကြောင်းကျဉ်း၍ ရေယာဉ်များအတွက် အန္တရာယ်များပြီး သွားလာရေး အခက်အခဲများရှိနေကြောင်း သိရသည်။

"ချင်းတွင်းမြစ်ရေက အရင်နှစ်ထက်စာရင် ရေကျလည်း စောသလို မကြုံစဖူး သဲသောင်ခုံတွေကလည်း အများကြီး ပေါ်ထွန်းလာတယ်။ အခုလိုသဲသောင်ခုံတွေ အများအပြား ပေါ်ထွန်းလာတာကတော့ ပြီးခဲ့တဲ့နှစ်က မြစ်ရေနှစ်ကြိမ်ကြီးပြီး တောတောင်တွေကို ဖြတ်သန်းစီးဆင်းတဲ့

**စာမျက်နှာ ၃ ကော်လံ ၅ သို့**

## ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ဘုရား ပုထိုး စေတီများ ပစ္စယံများပေါ်သို့ မတ် ၁ ရက်မှစတင်၍ တက်ရောက်ခွင့်မပြု

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

လာမည့် မတ် ၁ ရက်မှ စတင်ကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရား ပုထိုး စေတီများ ပစ္စယံများပေါ်သို့ တက်ရောက်ခွင့်မပြုတော့ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်ပြီး ရှေးဟောင်းအဆောက်အအုံပေါင်း သုံးထောင်ကျော်ရှိကာ မြန်မာတစ်မျိုးသားလုံးနှင့် ဆက်နွယ်နေသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသဖြစ်သည့်အပြင် နှစ်ကာလကြာမြင့်လာသောကြောင့် ဘုရားများပေါ်သို့ လူအများအပြားတက်ရောက်မှုအတွက်လည်း ရေရှည်တည်တံ့မှုကို အန္တရာယ်ဖြစ်စေနိုင်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းအပြင် ဘုရား ပုထိုး စေတီများသို့တက်ရောက်သော ဧည့်သည်များ၏ မလျော်ကန်သည့် ဝတ်စားဆင်ယင်မှု၊ ကခုန်သီဆိုမှု၊ ဘုရားပေါ်တွင် အိပ်စက်ခြင်းစသည့် ယဉ်ကျေးမှုကို ထိခိုက်စေသည့် အပြုအမူများမပြုလုပ်ရန် သတိပေးတားမြစ်ထားသော်လည်း မလိုလားအပ်သည့်ဖြစ်စဉ်များ မကြာခဏဖြစ်ပွားနေရကြောင်း သိရသည်။ ရှေးဟောင်းယဉ်ကျေးမှု ဒေသအတွင်း ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အဆောက်အအုံများ၊ ဆင်းတုတော်များသည် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အထွတ်အမြတ် အဆောက်အအုံများဖြစ်သည့်အပြင် ယဉ်ကျေးမှုအမွေအနှစ် အဆင့်အတန်း မြင့်မားမှုတို့၏

**စာမျက်နှာ ၇ ကော်လံ ၃ သို့**

# ရန်ကုန်တိုင်းဒေသကြီးမှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တက္ကသိုလ်ဝင် စာမေးပွဲဝင်ခွင့်ကတ်ပြားများ စတင်ထုတ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

၂၀၁၆ ခုနှစ် မတ် ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် တင်ထားကြသော စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြားများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးမှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စတင်ထုတ်ပေးနေပြီဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့်ကတ်ပြားများကိုမူ ဖေဖော်ဝါရီ ၂၄ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာအထက်တန်းကျောင်း(ကျောင်းခွဲ)နှင့် (တွဲဖက်)အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့၏ ကျောင်းအုပ်ကြီးများထံမှ လည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှလည်းကောင်း ထုတ်ယူနိုင်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကျောင်းသား ကျောင်းသူများမှာ နေပြည်တော် စာစစ်ဌာန ၃၃ ခု၌ ကျောင်းတက်ဖြေဆိုသူ ၉၇၄၁ ဦးနှင့် ပြင်ပဖြေဆိုသူ ၈၇၃၇ ဦး စုစုပေါင်း ၁၈၄၇၈ ဦး၊ ကချင်ပြည်နယ် စာစစ်ဌာန ၅၉ ခု၌ ကျောင်းတက်ဖြေဆိုသူ ၁၆၃၁၃ ဦး၊ ပြင်ပဖြေဆိုသူ ၁၂၃၅၆ ဦး စုစုပေါင်း ၂၈၆၆၉ ဦး၊ ကယားပြည်နယ် စာစစ်ဌာန ၁၄ခု၌ ကျောင်းတက်ဖြေဆိုသူ ၃၄၅၂ ဦး၊ ပြင်ပဖြေဆိုသူ ၁၄၂၂ဦး စုစုပေါင်း ၄၈၇၄ ဦး၊ ကရင်ပြည်နယ် စာစစ်ဌာန ၃၃ ခု၌ ကျောင်းတက်ဖြေဆိုသူ ၉၆၈၅ ဦး၊ ပြင်ပဖြေဆိုသူ ၄၇၂၇ ဦး စုစုပေါင်း ၁၄၄၁၂ ဦး၊ ချင်းပြည်နယ် စာစစ်ဌာန ၂၃ ခု၌ ကျောင်းတက်ဖြေဆိုသူ ၄၆၄၃ ဦး၊ ပြင်ပဖြေဆိုသူ ၆၅၄၀ စုစုပေါင်း ၁၁၁၈၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး စာစစ်ဌာန ၁၇၈ ခု၌ ကျောင်းတက်ဖြေဆိုသူ

**စာမျက်နှာ ၃ ကော်လံ ၅ သို့**




themirror.npt@gmail.com
www.facebook.com/themirrordaily

